# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၁၄ ရက်၊ စနေနေ့။ Saturday 19 January 2019 ၉၅၃၆


# နိုင်ငံတော်ငွေပေးချေမှုကြီးကြပ်မှုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

## ငွေပေးချေမှုစနစ်များ လုံခြုံရေးနှင့် ပြည်သူလူထု၏ယုံကြည်မှုရရှိရေး စီစဉ်ဆောင်ရွက်



နိုင်ငံတော်ငွေပေးချေမှုကြီးကြပ်မှုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံ၏ ငွေပေးချေမှုလုပ်ငန်းများကို မဟာဗျူဟာအဆင့်တွင် ကြီးကြပ်ရန်အတွက် "နိုင်ငံတော်ငွေပေးချေမှုစနစ်ကြီးကြပ်မှုကော်မတီ (National Payment System Governing Committee)" ၏ ပထမအကြိမ်အစည်းအဝေးကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက မြန်မာနိုင်ငံငွေပေးချေမှုစနစ် အကောင်အထည် ပေါ်လာရေးနှင့် အများပြည်သူ၏ နေ့စဉ်ငွေပေးချေမှုများတွင် ထိထိရောက်ရောက် လက်တွေ့အသုံးချသည့် ငွေပေးချေမှုစနစ်ဖြစ်ရေးအတွက် နိုင်ငံတော်အဆင့်မှ ကြီးကြပ်ဖော်ဆောင်ရေး၊ ငွေပေးချေမှု

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳**

# (၁၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ စတင်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

(၁၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကန်တော်ကြီးသဘာဝဥယျာဉ် မဟာမြိုင်ကျွန်း(မြေပဒေသာကျွန်း) ဆင်ဖြူတော်ရုပ်တုများအနီး၌ ယနေ့နံနက်ပိုင်းက စတင်ကျင်းပသည်။

ယင်းပြိုင်ပွဲကို ရန်ကုန်မြို့တော်စိမ်းလန်းသာယာရေးလုပ်ငန်းများတွင် ပြည်သူလူထု စိတ်ပါဝင်စားလာစေရန်၊ တစ်ဦးတစ်ယောက်၊ အဖွဲ့တစ်ဖွဲ့ချင်း စိမ်းလန်းစိုပြည်ရေးလုပ်ဆောင်မှုမှသည် ရန်ကုန်မြို့တော်အား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်နိုင်စေရန်၊ အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ ပြန့်ပွားမှုဝေနိုင်စေရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ခြင်းမှသည် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် မိသားစုစီးပွားရေး၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**



(၁၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲ၊ ပြိုင်ပွဲသို့ လာရောက်လေ့လာကြည့်ရှုကြသူများကို တွေ့ရစဉ်။




ကြေးမုံ

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်

မြန်မာနိုင်ငံသည် နှစ်ပေါင်းထောင်ချီကာလကတည်းက တိုင်းရင်းသားညီအစ်ကိုမောင်နှမများ တစုတဝေးတည်း စုပေါင်းနေထိုင်လာသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ရိုးသားဖြောင့်မတ်သော၊ စိတ်ထားဖြူစင်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှ အတူတကွစုပေါင်းလက်တွဲနေထိုင်ကြပြီး ပြည်ပရန်စွယ်အန္တရာယ်များကို အတူလက်တွဲကာကွယ်ကြသည့် သမိုင်းကြောင်းအစဉ်အလာ ရှိသည်။

ပြည်ထောင်စုသားတိုင်းရင်းသားများ မရှိအတူ၊ ရှိအတူ၊ အေးအတူပူအမျှဆိုကြသည့်အတိုင်း အခွင့်အရေးတူမျှ ရရှိခံစားနိုင်ရေးအတွက် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက ရည်မှန်းချက်များထားရှိခဲ့ကြသည်။ သို့သော် တောင်ပေါ်၊ မြေပြန့် အလှမ်းကွာဝေးမှု၊ နယ်စပ်တောင်တန်းဒေသများတွင် မငြိမ်းချမ်းမှု၊ ခေတ်အဆက်ဆက် အားနည်းမှုများကြောင့် တန်းတူညီမျှသည့် အခွင့်အရေးများ တိုင်းရင်းသားပြည်သူများ အပြည့်အဝ မရရှိကြသေးဟု ဆိုရမည်ဖြစ်သည်။

ထို့ကြောင့် တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်နေသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ခံစားသင့်၊ ခံစားထိုက်သည့် အခွင့်အရေးများကို ဦးစားပေးပံ့ပိုးနေသည်။ အထူးသဖြင့် တိုင်းရင်းသားပြည်သူများအကြား နှစ်ပေါင်းများစွာခါးသီးစွာကြုံတွေ့ခဲ့ရသည့် မငြိမ်းချမ်းမှုများကို ပြေပျောက်စေရန် ကြိုးပမ်းအားထုတ်နေသည်။ အခက်အခဲများကို ကျော်လွှားလွန်မြောက်ပြီး ရလဒ်ကောင်းများရရှိနိုင်သည့် အဓိကရည်မှန်းချက်ပန်းတိုင်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပန်းတိုင်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဇန်နဝါရီလ ၁၆ ရက်နေ့က ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် "မိမိတို့နိုင်ငံကို 'ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်'အဖြစ် တည်ဆောက်မည်ဟု ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချထားပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံသူနိုင်ငံသားအားလုံး သာတူညီမျှမှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု အခွင့်အရေးများရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများမပါဘဲ ပြည်ထောင်စုဟုပြော၍မရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော် တည်ဆောက်မည်ဟု ပြောခြင်းဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသည် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တသော၊ မျှော်လင့်နေသော ပန်းတိုင်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သည် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများစုစည်းနေထိုင်သော ဤတိုင်းပြည်နှင့် လျော်ကန်သင့်မြတ်သည့် ပန်းတိုင်ဖြစ်သည်။ ထိုနိုင်ငံတော်တွင် သာတူညီမျှမှု၊ တရားမျှတမှု၊ တန်းတူညီမျှမှုအခွင့်အရေးများ ရရှိမည်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန်အတွက် ယုံကြည်မှုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးတို့ကို မဖြစ်မနေတည်ဆောက်ရမည်ဖြစ်သည်။

ယခုအခါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံတွင် ငြိမ်းချမ်းရေးအတွက် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသား အဖွဲ့အစည်းများ အခြေခံမှုများကို ညှိနှိုင်းဆွေးနွေးရယူနေသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားများအားလုံး ပါဝင်ဆွေးနွေးအဖြေရှာခြင်းဖြင့် ပန်းတိုင်သို့တက်လှမ်းနိုင်ရေးဖြစ်သည်။ ဤသို့သောအချိန်အခါသမယတွင် ပြည်ထောင်စုသားအားလုံးမျှော်မှန်းထားသည့်၊ သန္နိဋ္ဌာန်ချထားသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ပန်းတိုင်နှင့် အလှမ်းဝေးစေမည့် အပြုအမူ၊ အပြောအဆို၊ လုပ်ဆောင်မှုများ မပြုလုပ်မိဖို့ သတိမူကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စုပေါင်းလက်တွဲနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အဓိကပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အလေးအနက်ထားပြီး ပန်းတိုင်သို့ ညီညီညွတ်ညွတ် တက်လှမ်းကြရန် တိုက်တွန်းပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ



( မြစ်ကြီးနားမြို့ )
၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၂၀၊ ၂၁၊ ၂၂)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။
မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ၊ မြစ်ကြီးနားမြို့။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၁၈

| | | |
|---|---|---|
| ဟားခါး | (-၁) | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၂ | ဒီဂရီစင်တီဂရိတ် |
| ရမ်ကလောင်း | ၃ | ဒီဂရီစင်တီဂရိတ် |
| သီပေါ | ၄ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၅ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၅ | ဒီဂရီစင်တီဂရိတ် |

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို သံတွဲမြို့ရှိ ငပလီအပန်းဖြေကမ်းခြေတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်



သံတွဲမြို့ရှိ ငပလီကမ်းခြေတစ်နေရာကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်များအား အလားအလာရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို သံတွဲမြို့ရှိ ငပလီအပန်းဖြေကမ်းခြေတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း Myanmar Survey Research (MSR)မှ အကြီးတန်းသုတေသနအမှုဆောင် ကိုညဏစိုးက ပြောသည်။

**စိတ်ဝင်စား**

"အစိုးရသစ် ချမှတ်ထားတဲ့ အမျိုးသားစီးပွားရေးမူဝါဒ ၁၂ ချက်ထဲမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေ အားလုံးတန်းတူညီမျှ ဖွံ့ဖြိုးတိုးတက်ရမယ်ဆိုတဲ့ အချက်ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေ အကုန်လုံး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက အခန်းကဏ္ဍတစ်ခုမှာ ပါရှိပါတယ်။ အခု လက်ရှိမှာ FDI တွေက ရန်ကုန်နဲ့ မန္တလေးမှာပဲ ဝင်နေတယ်။ အခြားပြည်နယ်တွေမှာ မဝင်တော့ ကျွန်တော်တို့က အခြားပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ FDI စိတ်ဝင်စားလာအောင် ရင်းနှီးမြှုပ်နှံမှု ပြပွဲတွေကို လုပ်နေတာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

**ပံ့ပိုးကူညီ**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ငပလီအပန်းဖြေကမ်းခြေတွင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲကို ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှု၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်း(JETRO)နှင့် Myanmar Survey Research Co.,Ltd. (MSR)တို့နှင့် အခြားသော ကုမ္ပဏီများ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲ ပထမနေ့တွင် ရခိုင်ရိုးရာအကပဒေသာ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ အပန်းဖြေ မိတ်ဆုံစားပွဲကိုလည်းကောင်း၊ ဒုတိယနေ့တွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပြခန်းများဖွင့်လှစ်ပြသ သွားမည့်အပြင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးမှုများ၊ နှစ်ဖက် နားလည်မှုစာချွန်လွှာလက်မှတ်ထိုးမှု အစီအစဉ်များ၊ ဒေသခံလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း သက်ဆိုင်ရာကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှု စကားဝိုင်းများကို လည်းကောင်း၊ တတိယနေ့တွင် ငပလီကမ်းခြေရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ၊ အအေးခန်းများ၊ ရေလုပ်ငန်းများနှင့် သံတွဲမြို့ရှိ ပြည်ပပို့ကုန် ရေထွက်ပစ္စည်းလုပ်ငန်းကို လည်းကောင်း သွားရောက်လေ့လာကြမည်ဖြစ်သည်။

**အရေးပါတဲ့ ကဏ္ဍမှာရှိနေ**

"အဓိကကတော့ ငပလီကမ်းခြေနားတစ်ဝိုက်နဲ့ ရခိုင်မှာ ဒီလိုလုပ်ငန်းတွေ လုပ်လို့ရတယ်ဆိုတာကို တက်ရောက်လာကြတဲ့ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေကို ပြချင်တယ်။ လာရောက်ပြီးတော့လည်း ရင်းနှီးမြှုပ်နှံမှုတွေ လုပ်စေချင်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက အခြားသော ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ နည်းနေတယ်။ ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တစ်ခုပဲဖြစ်ဖြစ်၊ နှစ်ခုပဲဖြစ်ဖြစ် ဝင်လာရင် အလုပ်အကိုင် အခွင့်အလမ်းတွေ အများကြီးရလာမယ်။ အဲဒီဒေသမှာ ဆက်စပ်နေတဲ့ အကြောင်းရာတွေက တိုးတက်မှုတွေဖြစ်လာမှာ ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတဲ့ ကဏ္ဍမှာရှိနေပါတယ်"ဟု ကိုညဏစိုးက ဆက်လက်ပြောပြသည်။

**အစီရင်ခံစာ ထုတ်ပြန်**

ထိုကဲ့သို့ ကျင်းပနိုင်ရန် MSR အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် စစ်တမ်းကောက်ယူမှုများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ ပြုလုပ်ခဲ့သည်။ စစ်တမ်းကောက်ယူရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ စီးပွားရေးအခွင့်အလမ်းများနှင့် ပတ်သက်၍ အဓိကထားကောက်ယူမှုများ ပြုလုပ်ခဲ့ပြီး တွေ့ရှိချက်များကို ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် အစီရင်ခံစာထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-MSR**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရန်ကုန်(ရွှေဈေး) ၁၀၅၄၀၀၀ - ၁၀၅၄၀၀၀ မန္တလေး(ရွှေဈေး) ၁၀၅၄၀၀၀ - ၁၀၅၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၉၀ ကျပ် | ၉၀၀/၉၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၀/၇၉၀ ကျပ် | ၈၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၀၅ ကျပ် | ၇၄၅/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၉၀၀ ကျပ် | ၉၁၅/၉၂၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၅/၈၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၅/၈၃၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၈၀/၆၈၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၅၂. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၆. ၉၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈. ၅၁၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၄. ၂၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၆၅၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၀၆. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၇. ၂၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၆. ၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၄. ၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၅၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၅၂၇

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် နယ်စပ်ဒေသလေ့လာရေးအဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် ဇန်နဝါရီ ၁၈**
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၏ ဖိတ်ကြားချက်အရ နေပြည်တော်တွင် ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ လေ့လာရေးအဖွဲ့များဖြစ်ကြသော ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်၊ ချင်းရွှေဟော်နှင့် ကုန်းကြမ်းဒေသမှ ဒေသခံ ၃၀ ၊ ကယားပြည်နယ် ဟိုယာ၊ ဘီယာဒေသမှ ဒေသခံ ၃၀၊ ကရင်ပြည်နယ် သံတောင်ကြီး၊ ဖာပွန်ဒေသများမှ ဒေသခံ ၃၀၊ ချင်းပြည်နယ် ဖလမ်းမြို့နယ်နှင့် ဟားခါးမြို့နယ်များမှ ဒေသခံ ၃၀၊ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်၊ မြေပုံမြို့နယ်နှင့် ကျွန်းသာယာဒေသမှ ဒေသခံ ၃၀ စုစုပေါင်း ၁၅၀ တို့အား ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ယင်းဝန်ကြီးဌာန စုပေါင်းခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားလူငယ်မောင်မယ်များကို နေပြည်တော်သို့ ဖိတ်ခေါ်၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်နေမှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့၏ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်နှင့် တစ်အူထုံ့ဆင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမများပမာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ ချစ်ခင်မှု၊ ယုံကြည်မှုတို့ဖြင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပွားများခိုင်မာလာစေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ထောင်စုကြီးအတွင်း အကြားအလပ်မရှိ ညီညွတ်မျှတသည့်အကျိုးကို ခံစားရရှိအောင် ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း၊ မတူကွဲပြားမှုများကို အခြေခံ၍ တိုင်းပြည်အင်အားရရှိရန်၊ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝေးလံခေါင်သီပြီး ဆက်သွယ်သွားလာရေးခက်ခဲသည့် နယ်စပ်ဒေသပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် တည်ငြိမ်အေးချမ်းမှုရှိခြင်းနှင့် အပြန်အလှန်ဆက်နွှယ်နေသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထူးအလေးအနက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသတွင်နေထိုင်ကြသော ပြည်သူလူထုအနေဖြင့်လည်း တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယနေ့ကမ္ဘာမှာ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ သုံးစွဲမှုတို့ မြင့်မားလာပြီး စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့နေရသလို မိမိတို့နိုင်ငံအနေဖြင့်လည်း မူးယစ်ဆေးဝါးပြဿနာ ကြီးမားကျယ်ပြန့်လာတာကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း၊ နယ်စပ်ဒေသနေ လူငယ်များအနေဖြင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို သိရှိနားလည်ပြီး ကိုယ်တိုင်ပါဝင်ပတ်သက်မှုမရှိကြစေရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်သဖွယ် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အစီအစဉ်အရ လေ့လာရေးအဖွဲ့ဝင်များကိုယ်စား တိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး လေ့လာရေးအဖွဲ့ဝင်များက ၎င်းတို့၏ ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် နယ်စပ်ဒေသလေ့လာရေးအဖွဲ့ဝင်များအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့တက်ရောက်

## ရခိုင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၈**
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ၁၈ ရက်အထိကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

### အမြင်ချင်းဖလှယ်

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၇ ရက်တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး Mr. Don Pramudwinai က တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲသို့လည်းကောင်း၊ ဇန်နဝါရီ ၁၈ ရက်တွင်ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့လည်းကောင်း အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး၌ ၂၀၁၉ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏ ဦးစားပေးလုပ်ငန်းစဉ်များနှင့် ထိုင်းနိုင်ငံတွင်တည်ထောင်မည့် အာဆီယံဗဟိုဌာနများနှင့်ပတ်သက်၍လည်းကောင်း၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်(၂၀၂၅)နှင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (၂၀၃၀)တို့အကြား အပြန်အလှန်အကျိုးပြုခြင်းကို တိုးမြှင့်စေမည့်အစီအစဉ်များကိုလည်းကောင်း၊ အာဆီယံအသိုက်အဝန်းတည်ထောင်ရေးနှင့်ပတ်သက်၍ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ အာဆီယံ၏ ပြင်ပဆက်ဆံရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

အလုပ်သဘောညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အလွတ်သဘောရှင်းလင်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးသည် နေရပ်စွန့်ခွာသူများ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်တွင် အာဆီယံမှ ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်သွားရေးနှင့်ပတ်သက်၍ အခြားအာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ခင်မင်ရင်းနှီးစွာ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

### ရှင်းလင်းပြောကြား

ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရာတွင် အာဆီယံအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီများညှိနှိုင်းမှုဌာန(AHA Centre)ကစေလွှတ်မည့် လိုအပ်ချက်ဆန်းစစ်လေ့လာရေးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်(TOR)ကို အတည်ပြုနိုင်ခဲ့ခြင်း၊ လိုအပ်ချက်ဆန်းစစ်လေ့လာရေးအဖွဲ့မှ ကနဦးလိုအပ်ချက်ဆန်းစစ်လေ့လာခြင်းနှင့် အလုံးစုံလိုအပ်ချက် ဆန်းစစ်လေ့လာခြင်းတို့ကို ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကိုအသိပေးပြောကြားခဲ့ပြီး AHA Centre အနေဖြင့် မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားစွမ်းရည်ဖွံ့ဖြိုးရေး အစီအစဉ်များနှင့် နေရပ်ပြန်ပို့ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်နိုင်မည့် အလားအလာများအပြင် နေရပ်ပြန်ပို့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အာဆီယံကကူညီပံ့ပိုးပေးနိုင်မည့် နယ်ပယ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံ သဘောတူညီချက်နှင့်အညီ မြန်မာနိုင်ငံဘက်မှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့အကြား လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### ထောက်ခံအားပေး

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအပြီးတွင် အာဆီယံဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ရာ အဆိုပါသတင်းထုတ်ပြန်ချက်တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ၏ အခန်းကဏ္ဍအရေးပါမှုကို သဘောတူညီကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး လိုအပ်ချက်ဆန်းစစ်လေ့လာရေးအဖွဲ့၏လုပ်ငန်းလမ်းညွှန် (TOR)ကို အာဆီယံအတွင်းရေးမှူးချုပ်၏ခရီးစဉ်အတွင်း အတည်ပြုနိုင်ခဲ့ခြင်းကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ အစီအစဉ်များကို ဆက်လက်ထောက်ခံကြောင်း၊ ရခိုင်ပြည်နယ် စဉ်ဆက်မပြတ်ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်မှုတိုးမြှင့်ရန် သဘောတူညီကြောင်း၊ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံး၏ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးအစီအမံများကို အတတ်နိုင်ဆုံး ထိထိရောက်ရောက် ဆောင်ရွက်ရန် မြန်မာအစိုးရ၏ ကတိကဝတ်ပြုခြင်းကို ကြိုဆိုကြောင်း၊ ရခိုင်ပြည်နယ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဆက်လက်ထောက်ခံအားပေးကြောင်း ဖော်ပြပါရှိသည်။

ယခုအစည်းအဝေးသည် ၂၀၁၉ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏လက်ထက်တွင် ပထမဆုံးအကြိမ်ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးဖြစ်ပြီး ယခုနှစ်အတွက်အာဆီယံဥက္ကဋ္ဌ၏ဆောင်ပုဒ်မှာ "စဉ်ဆက်မပြတ်တည်တံ့ဖို့ မိတ်ဖက်ဆက်ဆံရေးတိုးမြှင့်စို့"(Advancing Partnership for Sustainability) ဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးတိုင်းဒေသကြီးအတွင်းရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် ရေလမ်းကောင်းမွန်ရေး သောင်တူးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇန်နဝါရီဒုတိယပတ်တွင် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဗလဗ အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းရုံးသို့ရောက်ရှိရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်နှင့် တိုင်းဒေသကြီး ဦးစီးမှူးတို့က ရေစကြိုမြို့နယ် ဗလဗကျေးရွာနှင့် ဓမ္မရုံသီစေတီ ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေး၊ တိုင်းဒေသကြီး ရန်ပုံငွေနှင့်ကမ္ဘာ့ဘဏ်စီမံကိန်းရန်ပုံငွေတို့ဖြင့် သောင်တူးဖော်ခြင်း၊ ရေလွှဲရေကာပြုလုပ်ခြင်းနှင့် ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ၂၀၁၇-၂၀၁၈ခုနှစ် ဘဏ္ဍာနှစ်များတွင် ပခုက္ကူမြို့နယ် ကျွန်းညိုကြီးကျေးရွာကမ်းပြိုကာကွယ်ရေးနှင့် ကမ်းပါးထိန်းသိမ်းထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဇန်နဝါရီ ၁၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် စလေမြို့မှ ရေယာဉ်ဖြင့် မကွေးတိုင်းဒေသကြီးရေလမ်းနယ်မြေအတွင်း နှစ်အလိုက်ဆောင်ရွက်သည့် ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဖြစ်သည့် စလေပခန်းငယ် ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စလေမြို့ရှိ ထင်မလွန်ကျေးရွာ ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ပွင့်ဖြူမြို့နယ် သံကိုင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ မင်းဘူး(စကု)မြို့နယ် နိဗ္ဗာန်ကျွန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း စီမံကိန်းများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီး ဦးတင်နွယ်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က တိုင်းဒေသကြီး ရေလမ်းနယ်မြေအတွင်း ကမ်းပြိုကမ်းစားမှုအလွန်များပြီး တိုက်ရိုက်ကမ်းပြိုကာကွယ်ရေးသည် ကုန်ကျစရိတ်အလွန်များသည့်အတွက် ရေလမ်းဖွံ့ဖြိုးရေး(Master Plan)အား အခြေခံပြီး လိုအပ်သည့်ရေလမ်းကြောင်းအကျယ်အတိုင်းဖြစ်ရန် နှစ်စဉ်ရေလမ်းထိန်းရေကာများဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြား၍ နှစ်အလိုက်ဆောင်ရွက်ထားသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် သောင်တူးဖော်လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**



# ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener သည် ယနေ့ည ၇ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံးအဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တရားရုံး အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် အဆောက်အအုံသစ်ဆောက်လုပ်မည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ၂၄ ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးလှအေး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်တရားသူကြီးများ တက်ရောက်ကြပြီး တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် အသီးသီး ပန္နက်တော်တင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**✻ (၁၈)ကြိမ်မြောက်မှ**

အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းဥက္ကဋ္ဌ ဒေါက်တာစောလွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး မြို့တော်ဝန် ဦးမောင်မောင်စိုးက နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ တာဝန်ရှိသူများနှင့်အတူ ပြခန်းများနှင့် ပြိုင်ပွဲဝင်အပင်များ၊ မြေယာရှုခင်းများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

"ပန်းမန် ပြပွဲ၊ပြိုင်ပွဲကို ၁၉၉၆ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ၁၆ နှစ်ဆက်တိုက် ကျင်းပနိုင်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ခြောက်နှစ်တာ ရပ်နားခဲ့ရတာကနေ ပြီးခဲ့တဲ့နှစ်မှာ (၁၇)ကြိမ်မြောက်နဲ့ အခု (၁၈)ကြိမ်မြောက် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသူအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ အခုလို ပန်းမန် ပြပွဲ၊ပြိုင်ပွဲကျင်းပပေးခြင်းအားဖြင့် မြို့တော်နေပြည်သူတွေ အပန်းပြေ ဗဟုသုတတိုးစေတဲ့အပြင် ပန်းမန်နဲ့ပတ်သက်တဲ့ ဗဟုသုတတွေ၊ ပန်းပင်တွေကို ထိန်းသိမ်းကာကွယ်လိုစိတ်တွေ ရှင်သန်လာစေမှာဖြစ်ပါတယ်။ ပန်းအလှဆိုတာ လူတွေရဲ့စိတ်ကို ပျော့ပျောင်းနူးညံ့စေပါတယ်။ အဲလိုအပြုအမူတွေရရှိစေဖို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း၊ မိတ်ဖက်ပန်းအသင်းတွေနဲ့ ပူးပေါင်းပြီး နှစ်စဉ်ကျင်းပသွားဖို့ရှိပါတယ်"ဟု မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

ယခုကျင်းပလျက်ရှိသည့် (၁၈)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် အမျိုးအစား ၁၃ မျိုး ပါဝင်ယှဉ်ပြိုင်နိုင်အောင် စီစဉ်ဆောင်ရွက်ထားပြီး ပြခန်းဆိုင်ခန်းပေါင်း ၅၁ ခန်း ပြသလျက်ရှိကာ ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်တိုင်တိုင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းအနေနဲ့ ဒီပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးခဲ့ပါတယ်။ မနှစ်က ဆိုင် ၃၀ ပြသပြီး ဒီနှစ်မှာ ၅၁ ဆိုင်ရှိလို့ ဒီနှစ်က ပိုစည်တယ်လို့ပြောလို့ရပါတယ်။ ဒါ့အပြင် မနှစ်ကလိုမဟုတ်ဘဲ ဒီနှစ်မှာ အမိုးအကာတွေလုပ်ထားတဲ့အတွက်ကြောင့် ပန်းတွေကို ပြပွဲရက်အားလုံးမှာ ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာ ရန်ကုန်တင်မကဘဲ နယ်ကလည်း လာပြိုင်တာရှိပါတယ်။ ဒါ့အပြင် သက်ကြီးပုပင်(Bonsai)ပြိုင်ပွဲမှာ မြန်မာပြည်က ပညာရှင်တွေအပြင် မလေးရှားက ပညာရှင်တစ်ယောက်က လာရောက်အကဲဖြတ်ပေးပါတယ်။ သူက မြန်မာနိုင်ငံက Bonsai စိုက်သူတွေရဲ့အကူအညီနဲ့ ဒီနေ့နဲ့မနက်ဖြန်မှာ Open Workshop နဲ့ သစ်သီးအလှဆင်တာတွေကို ပြုလုပ်သွားဖို့ရှိပါတယ်။ ရန်ကုန်မြို့ကြီးကို Green City ဖြစ်အောင် ကြိုးစားလုပ်ဆောင်တဲ့နေရာမှာ အစိုးရချည်းပဲ လုပ်လို့မဖြစ်နိုင်ပါဘူး။ ပြည်သူလူထုကိုယ်တိုင် ပါဝင်လုပ်ဆောင်မှရမှာပါ။ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်စောင့်ရှောက် အဲလိုမျိုးတွေလုပ်ကြဖို့ လိုပါတယ်။ ကိုယ်တိုင်မစိုက်နိုင်ရင်တောင်မှ ရှိပြီးသားတွေကို မနှောင့်ယှက် မဖျက်ဆီးသင့်ပါဘူး"ဟု မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းဥက္ကဋ္ဌ ဒေါက်တာစောလွင်က ပြောသည်။

၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် မြို့တော်ဝန်ဖလား ပန်းမန်ပြပွဲ၊ပြိုင်ပွဲ များကို လွတ်လပ်ရေးနေ့အထိမ်းအမှတ်နှင့်အတူ ကျင်းပခဲ့ပြီး အပင်မှသီးလျှင် အသီး၊ အနွယ်မှသီးလျှင် ဝလံနှင့် ပင်စောက်မှပွင့်လျှင်ပန်း၊ အနွယ်မျိုးမှပွင့်လျှင် မာလ(ခေါ်) မန်တို့ကို စုပေါင်း၍ သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ကြောင်း၊ ခြောက်နှစ်တာ အဆက်ပြတ်ခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်နှင့် ယခု ၂၀၁၉ ခုနှစ်တို့တွင် ပန်းမန် ပြပွဲ၊ ပြိုင်ပွဲအဖြစ် ကျင်းပရာမှ လာမည့်နှစ်တွင် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲအဖြစ် ကျင်းပနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**သတင်း-ကိုထက်**
**ဓာတ်ပုံ-ရာမည**

# ရွှေသွေးဂျာနယ် ရွှေရတုအထူးထုတ် (၁၉၆၉-၂၀၁၉) ထွက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးသည် အသက် ၁၂ နှစ်အောက် ကလေးများဖတ်ရှုနိုင်ရန် ရည်ရွယ်၍ ရွှေသွေးဂျာနယ်ကို ၁၉၆၉ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ စတင်ထုတ်ဝေဖြန့်ချိခဲ့ရာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နှစ် ၅၀ ပြည့်ပြီဖြစ်၍ ရွှေသွေးဂျာနယ် ရွှေရတုအထူးထုတ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ရွှေသွေးဂျာနယ် ရွှေရတုအထူးထုတ် (၁၉၆၉-၂၀၁၉) တွင် ကဗျာ၊ ပုံပြင်၊ဝတ္ထု၊ သုတဆောင်းပါး၊ ဉာဏ်စမ်းကဏ္ဍများနှင့် ကာတွန်းဇာတ်လမ်းတို့ ပါဝင်ပြီး သုတရသစုံလင်စွာ တင်ဆက်ထားပါသည်။ ကဗျာနှစ်သက်သူ ကလေးသူငယ်များအတွက် အကြောင်းအရာမျိုးစုံကို သီကုံးဖွဲ့နွဲ့ထားသည့် ကဗျာ၁၂ ပုဒ် ထည့်သွင်းဖော်ပြထားပါသည်။ ထို့ပြင် ကလေးများအတွက် သုတရသများကို ဖော်ကျုံးပေးထားသည့် ပုံပြင် လေးပုဒ်၊ ကလေးဝတ္ထုဇာတ်လမ်းတို လေးပုဒ်၊ သုတဆောင်းပါး နှစ်ပုဒ်တို့နှင့် ကလေးများ၏ စိတ်ကူးဉာဏ်ကို ကွန့်မြူးစေမည့် ဉာဏ်စမ်းကဏ္ဍတို့လည်း ပါဝင်ပါသည်။

နာမည်ကျော် ကာတွန်းဆရာများ၏ လက်ရာကောင်း လက်ရာမွန်များကို တစုတစည်းတည်း ဖတ်ရှုနိုင်မည်ဖြစ်သည့်အပြင် အခြားစိတ်ဝင်စားဖွယ်ဝတ္ထု၊ ပုံပြင်၊ ကဗျာများကိုလည်း ဖတ်ရှုနိုင်မည့် ရွှေသွေးဂျာနယ် ရွှေရတုအထူးထုတ် (၁၉၆၉-၂၀၁၉) စာအုပ်ကို တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့နှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၁၄၄၈၊ ၀၁-၂၄၉၀၃၁ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

**သတင်းစဉ်**



**ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှူးခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် တာမွေမြို့နယ် မြို့နယ်မှူးရဲမှူးလှဘုန်းကျော်နှင့်အဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် တာမွေမြို့နယ် အထက ၄ ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမ၊ ကျောင်းသူပေါင်း ၄၀၀ ကျော်တို့အား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး မှူးခင်းအသိပညာပေး ဟောပြောစဉ်။** (ငွေးနိုင်)

# ရခိုင်ပြည်နယ်တွင် ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံ Mr. Narong Boonsatheanwong က ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ထိုင်းနိုင်ငံအစိုးရက မြန်မာနိုင်ငံအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့နေသည့်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တွင် Learning Centre နှစ်ခု ဖွင့်လှစ်ရေးနှင့် အစိုးရဝန်ထမ်းများအား ထိုင်းနိုင်ငံရှိ တက္ကသိုလ်များတွင် ဘွဲ့လွန်နှင့် လုပ်ငန်းခွင်ဆိုင်ရာပညာ ဆက်လက်သင်ကြားရန်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ UEHRD ၏ Private Public Partnership ပုံစံဖြင့် ဆောင်ရွက်ချက်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် Cash for work အစီအစဉ် ဆောင်ရွက်ထားရှိမှု၊ ထိုင်းနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ယူရမည်ဖြစ်ရာ ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် ပိုမိုသိရှိနားလည်ရန်နှင့် မြန်မာနိုင်ငံနှင့် မိတ်ဆွေနိုင်ငံအဖြစ် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှုးရုံး (AHA Centre)နှင့် ဝန်ကြီးဌာနတို့ ပူးပေါင်း၍ နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်နေသည့် အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါ်မေတိုးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၂) ဒေါ်တင်မိုးမိုး | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့်<br>ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**
**၁၈-၁-၂၀၁၉**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။
မိုး/ဇလ

# မျိုးဆက်သစ်လူငယ်အင်ဂျင်နီယာကော်မတီမှ ကြီးမှူးကျင်းပသော Process & Product Show 2019 ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း မျိုးဆက်သစ်လူငယ်အင်ဂျင်နီယာကော်မတီက ကြီးမှူးကျင်းပသော Process & Product Show 2019 ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံးတွင် ကျင်းပသည်။

**ဖွင့်လှစ်ပေး**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနာယက ဦးဉာဏ်ထွန်းဦး၊ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ Past President ဒေါက်တာ စိန်မြင့်နှင့် ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလင်းတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဒေါ်နီလာကျော်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများသည် ပြပွဲအတွင်း ပြခန်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကို ကြိုဆိုသောအားဖြင့် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံး Fuction Hall တွင် ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

**စာတမ်းများဖတ်ကြား**

ယင်းနောက် လုပ်ငန်းခွင်အသီးသီးတွင် ဝင်ရောက်နေသည့် အင်ဂျင်နီယာပညာရှင်များ၊ ပြင်ပပညာရှင်များနှင့် မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများက အင်ဂျင်နီယာဘာသာရပ်နှင့် သက်ဆိုင်သည့်စာတမ်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့်စာတမ်း၊ ရေအရင်းအမြစ်နှင့် သက်ဆိုင်သည့်စာတမ်း၊ စွမ်းအင်နှင့်သက်ဆိုင်သည့် စာတမ်းများကို ဖတ်ကြားကြသည်။




မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးကြပ်ပြီး မျိုးဆက်သစ်လူငယ်အင်ဂျင်နီယာကော်မတီက ကြီးမှူးကျင်းပသော Process & Product Show 2019 ပြပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယနေ့တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကို ကျင်းပသွားမည်ဖြစ်ကာ တတိယနေ့တွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့လက်မှုပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ရန်ကုန်မြို့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန ဖွင့်လှစ်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာ့လက်မှုအနုပညာပစ္စည်းများအား လွယ်ကူချောမွေ့စွာ ဝယ်ယူရောင်းချနိုင်ရေး၊ ဈေးကွက်ရရှိရေးနှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးတို့အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ လက်မှုအနုပညာပစ္စည်းများကို တစ်နေရာတည်းတွင် စုံလင်စွာ ဝယ်ယူရရှိနိုင်မည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံကို လာမည့်မတ်လတွင် ရန်ကုန်မြို့ရှိ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပြောကြားသည်။



ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ မြန်မာ့လက်မှုအနုပညာအသင်းက ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးနှင့် အသင်းသားများ၏ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲတွင် အမှာစကားပြောကြားရာ၌ ဦးအောင်စိုးက ပြောကြားခဲ့ခြင်းဖြစ်သည်။

**ဈေးကွက်ကို ဖန်တီး**

"မြန်မာ့လက်မှုအနုပညာပစ္စည်းတွေ ရောင်းချတဲ့နေရာမှာ လွယ်ကူချောမွေ့ရေး၊ ဈေးကွက်ရရှိရေးအတွက် ဒီစင်တာကြီးကို မကြာမီဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ အဆောက်အအုံမှာ အထပ်သုံးထပ်ပါဝင်မယ်။ အောက်ဆုံးထပ်မှာ တစ်နိုင်ငံလုံးက အကောင်းဆုံးပို့ကုန်တွေကို ပြသထားမယ်။ ရောင်းချနိုင်မယ့် ဈေးကွက်ကိုလည်း ဖန်တီးပေးသွားမှာ ဖြစ်ပါတယ်။ သူတို့ရဲ့ ကုန်သွယ်မှုနဲ့ ပို့ကုန်အတွက် အခက်အခဲဖြစ်နေတာတွေကို ဖြေရှင်းပေးမယ့် Business Support စင်တာတစ်ခုလည်း ထည့်သွင်းဆောင်ရွက်သွားပါမယ်။ ကုန်စည်ပြပွဲတွေကိုလည်း ဆောင်ရွက်နိုင်ဖို့ ပြင်ဆင်ထားပါတယ်။ နောက်ပိုင်းတော့ Export Promotion အတွက် အဓိကစင်တာကြီး ဖြစ်လာအောင် ပြင်ဆင်ထားပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပြောသည်။

မြန်မာ့လက်မှုအနုပညာပစ္စည်းကဏ္ဍသည် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရန်အရေးကြီးသလို စီးပွားရေးအတွက် အလားအလာကောင်းသော ပြည်တွင်းကုန်သွယ်မှုမှာရော ပြည်ပတင်ပို့မှုအတွက်ပါ အရေးကြီးသည့် ပို့ကုန်ပစ္စည်းတစ်ခုဖြစ်ကြောင်း၊ တချို့နိုင်ငံများတွင် လက်မှုအနုပညာပစ္စည်းများကို လက်ဆောင်ပစ္စည်းအဖြစ် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်ပြီး တင်ပို့ရောင်းချကြသည့်အတွက် ဒေါ်လာဘီလီယံနှင့်ချီပြီး ဝင်ငွေရရှိပါကြောင်း၊ ထို့ကြောင့် လက်မှုပစ္စည်းများကို သာမန်ပစ္စည်းအဖြစ် သဘောမထားဘဲ ရှုထောင့်နှစ်မျိုးနှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်သည့်အပိုင်းကတစ်ပိုင်း၊ စီးပွားရေးအရ ပို့ကုန်ကုန်သွယ်မှု မြှင့်တင်သည့်အပိုင်းကတစ်ပိုင်း အဆိုပါနှစ်ပိုင်းလုံးကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ထိန်းသိမ်းစောင့်ရှောက်**

ယနေ့ ပြုလုပ်သည့် လက်မှုထုတ်ကုန်ပစ္စည်းပြပွဲတွင် ကချင်ရိုးရာထမီများ၊ ရက်ကန်းထည်များ၊ ဝါးနှင့် ပြုလုပ်ထားသည့် ဝါးရင်းလိပ်၊ လိုက်ကာဝါးထည်များ၊ ပျူပုတီးစေ့အလှဆင်ပုတီးများ၊ အဆင့်မြင့် သစ်သားပန်းပုရုပ်များ၊ ကြေးအနုပညာပစ္စည်းများ၊ ကျောက်ထည်ပစ္စည်းများ၊ ချည်ထည်အဝတ်အစားများ၊ ပိုက်ဆံအိတ်၊ ဖိနပ်များ၊ စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်ထားသော ပစ္စည်းများနှင့် လက်မှုလက်ထိုးဇာများ စသည့် ပြည်တွင်းထုတ်ကုန်ပစ္စည်း ၂၂ မျိုးကို ထည့်သွင်းပြသထားပြီး ပြပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးအနုပညာများ မတိမ်ကော၊ မပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အရည်အသွေးမြင့်မားသည့် ပြည်တွင်းထုတ်ကုန်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ကြောင်း သိရသည်

**သတင်းနှင့် ဓာတ်ပုံ-အေးမင်းသူ၊ ဇာနည်မောင်**

# တောင်တန်းကိုကျော် ရေပြင်ကိုဖြတ် နမ့်မွန်ရေတံခွန်ဆီသို့

ဆောမျိုးနွယ်

ကျွန်တော်တို့လူသားတွေဟာ သဘာဝရဲ့အလှအပတွေကြားမှာ လူးလွန့်လှုပ်ရှားကြရတာကို အလွန်ပျော်မွေ့ကြတယ်လို့ ပြောလို့ရပါတယ်။ ကံအကျိုးပေးကြောင့် နန်းတော်ကြီးလိုအဆောက်အအုံကြီးတွေမှာနေ၊ ကောင်းမွေ့ဆိုတဲ့အစားအသောက်တွေကိုစား၊ နောက်ဆုံးပေါ်ဖက်ရှင်အဝတ်အစားတွေကို ထည်လဲဝတ်နိုင်တဲ့သူတွေတောင် သဘာဝရဲ့ရင်ခွင်မှာ တိုးဝှေ့ခိုနားလိုတဲ့ အခြေခံစိတ်ရင်းလေးတွေ ကိုယ်စီရှိနေကြပါလိမ့်မယ်။

ဒါကြောင့်လည်း လူနေမှုပတ်ဝန်းကျင်မှာ ပန်းမျိုးစုံတဲ့ ဥယျာဉ်ပန်းခြံကြီးတွေ၊ ရေတံခွန်စိမ့်စမ်းနဲ့ စမ်းချောင်းငယ်လေးတွေ၊ ကြာမျိုးစုံတဲ့ကန်ငယ်လေးတွေကို သဘာဝနဲ့အနီးစပ်ဆုံးတူအောင် လုပ်ယူဖန်တီးလေ့ရှိကြပါတယ်။ ဒါပေမယ့်လည်း လူတွေရဲ့ဖန်တီးမှုတွေဟာ သဘာဝအတိုင်းအသက်ဝင်နေဖို့ကတော့ ကွာဟချက်တွေရှိနေဦးမှာပါ။ ဒီလိုနဲ့ပဲ ကျွန်တော်တို့လူသားတွေဟာ သဘာဝရဲ့အလှအပတွေ တည်ရှိရာနေရာတွေကို ကုန်းတစ်တန်၊ ရေတစ်တန် ခြားနေတယ်ဆိုရင်တောင် အရောက်သွားလေ့ရှိကြပါတော့တယ်။ ကျွန်တော်ဟာလည်း လူထဲကလူမို့ တောတောင်တွေကြားမှာတည်ရှိနေတဲ့ သဘာဝရဲ့အလှအပနေရာတစ်ခုကို မိသားစုနဲ့အတူခြေဆန့်ဖြစ်ခဲ့ပြန်ပါတယ်။ အဲဒီနေရာကတော့ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်ထဲက ပေါင်းလောင်းမြို့သစ်ကနေ အထက်ပေါင်းလောင်းဆည်ရေပြင်ကိုဖြတ်ပြီး သွားရတဲ့ နမ့်မွန်ရေတံခွန်ပဲ ဖြစ်ပါတယ်။



**တောင်တန်းကိုကျော်**

နမ့်မွန်ရေတံခွန်ကို နေပြည်တော်ကနေ ကားနဲ့သွားတာဖြစ်လို့ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း ပင်လောင်းလမ်းခွဲရှိရာ ကင်းသာလမ်းဆုံကို မောင်းနှင်ခဲ့ပါတယ်။ ကင်းသာလမ်းဆုံက မိုင်တိုင်အမှတ် ၂၇၁/၃ မှာရှိပါတယ်။

လမ်းဆုံမှာရှိတဲ့ လမ်းညွှန်အမှတ်အသားမှာတော့ ပင်လောင်းသို့ ၆၈ မိုင် ၇ ဖာလုံလို့ ဖော်ပြထားပါတယ်။ ပင်လောင်းဘက်ကို ဦးတည်ပြီး မကြာခင်မှာပဲ တောင်တန်းကိုကျော်ရမယ့် အတက်ခရီးက အကွေ့အကောက်များနဲ့ စတင်ပါတော့တယ်။

ပထမဆုံးတွေ့တဲ့တောင်တန်းကို ကန့်လန့်ဖြတ်တက်ရတာမို့ အတက်မတ်တယ်လို့ ဆိုရမှာပါ။ တောင်ထိပ်ရောက်တဲ့အချိန် နောက်ပြန်လှည့်ကြည့်ရင် နေပြည်တော် တပ်ကုန်းလွင်ပြင်ကို လှမ်းမြင်နေရပါတယ်။ တောင်ထိပ်ကနေ ပင်လောင်းမြို့နယ်အစအထိ ခပ်ပြေပြေ ပြန်ဆင်းသွားရပါတယ်။ ကြားမှာတော့ ရွာစဉ်ပြတ်လှတယ် မရှိလှပါဘူး။ လမ်းဘေးဝဲ၊ ယာမှာ ဥယျာဉ်ခြံမြေတွေ တွေ့ရပါတယ်။ ပင်လောင်းမြို့နယ်စတာနဲ့ ဒုတိယတောင်တန်းကို တက်ရပြန်ပါတယ်။ အရှေ့ အနောက်တည်ရှိနေတဲ့ တောင်ကြောအတိုင်း သွားရတာမို့ ပထမတွေ့တဲ့တောင်လောက် အတက်မမတ်ပေမယ့် အကွေ့အကောက်တော့ ပိုများပါတယ်။

အဲဒီတောင်တန်းတက်ပြီး မကြာခင်မှာပဲ ရေပူစမ်းကိုရောက်ပါတယ်။ မိုင်တိုင်နဲ့ပြောရရင် ၂၅ မိုင်မှာ ဖြစ်ပါတယ်။ ရေပူစမ်းကျော်တာနဲ့ ရွာမတွေ့ရတော့ပါဘူး။ လမ်းဘေးဝဲ၊ ယာတစ်လျှောက်မှာတော့ သဘာဝသစ်တောကြီးတွေနဲ့ တံမြက်စည်းပင်တွေကိုတွေ့ရပါတယ်။ ဖြတ်ပြီးနေလှန်းအခြောက်ခံထားတဲ့ တံမြက်စည်းရိုးတံလေးတွေကိုလည်း လမ်းတစ်လျှောက်တွေ့မြင်ရပါတယ်။ ဒုတိယတောင်တန်းက အတက်မမတ်ပေမယ့် အဆင်းကတော့မတ်တယ်လို့ ပြောရမှာပါ။ အဆင်းအကွေ့တွေရဲ့လမ်းဘေးမှာ ကွေ့နံပါတ်တွေ ရေးပေးထားပါတယ်။ ကွေ့နံပါတ်(၁)ကနေ (၁၅)အထိရှိပါတယ်။ ကွေ့နံပါတ်(၆)က စလို့ ကားနဲ့တောင်တန်းကို ကျော်ရမယ့် ခရီးအဆုံးဖြစ်တဲ့ ပေါင်းလောင်းမြို့နဲ့ စက်လှေနဲ့ ဖြတ်သန်းရမယ့် ပေါင်းလောင်းဆည်ရေပြင်ကို အပေါ်စီးကနေ လှမ်းမြင်နေရပါပြီ။ ကွေ့အမှတ်(၁၅)ကို ကျော်ပြီးရင်တော့ အတက်၊ အဆင်းကားတွေခဏနားတဲ့ စားသောက်ဆိုင်လေးတစ်ဆိုင်ကို ရောက်ပါတယ်။

အဲဒီနေရာလေးကတော့ ပေါင်းလောင်းမြို့ရဲ့ ရှုခင်းသာလို့ ပြောနိုင်ပါတယ်။ ကားခဏနားရင်း တောင်တွေရဲ့အလယ်မှာရှိတဲ့ မြို့နဲ့ဆည်ကို နောက်ခံထားပြီး ဓာတ်ပုံရိုက်သူရိုက်၊ ရှုခင်းကိုအာရုံခံသူခံ လုပ်ကြပါတယ်။ ဒါပြီးလို့ ဆက်ဆင်းလိုက်ရင်တော့ ပေါင်းလောင်းမြို့ကိုရောက်ပါပြီ။ မိုင်တိုင်အမှတ်(၃၉)မှာ ဖြစ်ပါတယ်။ နေပြည်တော်ကနေ ပေါင်းလောင်းမြို့အထိ ကားမောင်းချိန် နှစ်နာရီ ကြာပါတယ်။

နောက်ထပ် ဆယ့်ငါးမိနစ်လောက်ဆက်သွားရင် ပေါင်းလောင်းဆည်ကို ဖြတ်ထိုးထားတဲ့ လိန်းလိကြိုးတံတားကြီးကို ရောက်ပါတယ်။ ဆည်ရေပြင်ရယ်၊ ကြိုးတံတားကြီးရယ်၊ တံတားအရှေ့ဘက်က ကျောက်တောင်ကြီးရယ် ပေါင်းစပ်ထားတဲ့ မြင်ကွင်းကလည်း ရှုမောဖွယ်ပါပဲ။

**နမ့်မွန်ဟန်နဲ့တွေ့**

ပေါင်းလောင်းမြို့ထဲဝင်လာပြီး မိုင်တိုင်အမှတ်(၃၉/၁)ရောက်တော့ လမ်းဘေးမှာ "နမ့်မွန်ဟစားသောက်ဆိုင်" ဆိုတဲ့ ဆိုင်းဘုတ်နဲ့ဆိုင်ကို သတိထားမိလိုက်ပါတယ်။ အကြောင်းကတော့ နေ့လယ်ထမင်းစားချိန်ဖြစ်နေတာရယ်၊ ဆိုင်ဝင်းထဲမှာ ခရီးသွားကားငယ်တွေ ရပ်ထားတာရယ်၊ ဆိုင်ကသစ်သစ်လွင်လွင်ဖြစ်နေတာရယ်ကြောင့် ဖြစ်ပါလိမ့်မယ်။ မိသားစုကလည်း ဗိုက်ဆာကြပြီဆိုတော့ အဲဒီဆိုင်မှာပဲ နားရင်း၊ စားရင်းနဲ့ နမ့်မွန်ရေတံခွန်အကြောင်း စနည်းနာဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ဆိုင်ထဲရောက်တယ်ဆိုရင်ပဲ သမီးသုံးယောက်က ဟင်းလျာမီနူး ကောက်ကိုင်ကြတော့တာပါပဲ။ ဖက်ထမင်းနဲ့ ရှမ်းရိုးရာဟင်းလျာခြောက်မျိုး တစ်စုံ တွဲဖက်ရောင်းတာကို တစ်ယောက်တစ်ပွဲမှာလိုက်ကြလေရဲ့။ ဆိုင်ရှင်ကမှာတာကို လက်ခံရင်း ရေတံခွန်သွားဖို့အစီအစဉ်ရှိသေးလားလို့ မေးပါတယ်။ ကိုယ်သိချင်တဲ့ကိစ္စအတွက် စကားခေါ်လာတော့ အလျှဉ်းသင့်လိုက်လေခြင်းဖြစ်ရပါတယ်။

ဆိုင်ရှင်ပြောပြတော့မှ ဒီဆိုင်ကခရီးသွားလုပ်ငန်းနဲ့ တွဲဖွင့်ထားတာမှန်း သိလိုက်ရပါတယ်။ ပေါင်းလောင်းမြို့ကနေ နမ့်မွန်ရေတံခွန်ကို ၁၅ ယောက်စီး စက်လှေတစ်စင်း အသွား၊ အပြန် လေးသောင်းကျပ်၊ အသက်ကယ်အင်္ကျီလည်းငှားပေးကြောင်း၊ အသွား၊ အပြန် စက်လှေစီးချိန် သုံးနာရီ ကြာမည်ဖြစ်ကြောင်း၊ ရေတံခွန်တွင် ညအိပ်ရန်အစီအစဉ်ရှိပါက ထိုနေရာတွင် တည်းခိုနိုင်ကြောင်း၊ အစားအသောက်အတွက်လည်း ဒီဆိုင်၏ ဆိုင်ခွဲရှိကြောင်း၊ ပေါင်းလောင်းတွင် ပြန်အိပ်လိုပါကလည်း နမ့်မွန်ဟတည်းခိုခန်းရှိကြောင်း၊ တည်းခိုခအနေနဲ့ တစ်ဦးလျှင် ငါးထောင်ကျပ်သာယူထားကြောင်း ဆိုင်ရှင်ကစိတ်ရှည်စွာပြောပြပါတယ်။

ကျွန်တော်တို့က နေပြည်တော်ကနေ နေ့ချင်းပြန်လာတာဖြစ်လို့ တည်းခိုဖို့ကိစ္စအတွက် စိတ်မဝင်စားလှပေမယ့် ရပ်ဝေးကလာတဲ့သူတွေအတွက် သတင်းမျှဝေခြင်းသာ ဖြစ်ပါတယ်။ ခရီးတစ်ခုသွားရင် အန္တရာယ်ကင်းဖို့နဲ့ တည်းခိုနေထိုင်ရေးအဆင်ပြေဖို့က အရေးကြီးမှန်းသိလို့ပါ။ နောက်တစ်ချက်က ခရီးသွားတွေ အန္တရာယ်ကင်းဖို့ ညနေ လေးနာရီကျော်ရင် စက်လှေအသွား၊ အပြန် မလုပ်တော့ဘူးလို့ ပြောပါတယ်။ အချိန်နဲ့ပတ်သက်ပြီး ချိန်ဆနိုင်အောင်ပါ။

**ရေပြင်ကိုဖြတ်**

ရေပြင်ကိုဖြတ်ဖို့အတွက် စက်လှေဟာ မြောက်အရပ်ယွန်းယွန်းကို ဦးတည်နေပါတယ်။ အင်းလေးဖောင်တော်ဦးဘုရားနဲ့ အင်းတော်ကြီးရွှေမြင်ဘုရားတို့ကို အခုလိုပဲ ရေပြင်ကိုဖြတ်ပြီး ဖူးခဲ့ဖူးပါတယ်။ အခုခရီးစဉ်မှာလည်း ရေပြင်ကိုဖြတ်ပြီး ရေတံခွန်ကိုသွားတာဆိုပေမယ့် ရေလယ်မှာ တစ်ဝက်မြုပ်နေတဲ့ ရှေးဟောင်းဆုတောင်းပြည့်ဘုရားတစ်ဆူကို ဖူးခဲ့ရပါသေးတယ်။ ဒါပေမယ့် ရေလမ်းခရီးမှာ စက်လှေစီးရင်း မြင်ရတဲ့ရှုခင်းအလှတွေကတော့ ပေါင်းလောင်းဆည်က သာလိမ့်မယ်လို့ထင်ပါတယ်။ ဒါကလည်း လူတစ်ဦးချင်းစီရဲ့အမြင်နဲ့ စိတ်ခံစားမှုအပေါ် မူတည်နိုင်တာမို့ တစ်ခုချင်းကို နှိုင်းယှဉ်ပြီးမပြောလိုတော့ပါဘူး။

ပေါင်းလောင်းဆည်ရေက ကြည်စိမ်းနေတယ်။ ဒိုက်တွေ၊ မှော်တွေ မရှိဘူး။ ဘာအနံ့အသက်မှမရှိဘူး။ လှေသွားလမ်းကြောင်းရဲ့ရေပြင်အကျယ်ဟာ မကျဉ်းလွန်း မကျယ်လွန်းမို့လို့ ကမ်းနှစ်ဖက်က စိုက်ခင်းတွေ၊ သဘာဝတောတောင်တွေကို ထင်ထင်ရှားရှား မြင်နေရတယ်။ အထူးသဖြင့် ဆည်ရဲ့ အရှေ့ဘက်ကမ်းမှာ ဆည်နဲ့ အပြိုင်သွယ်တန်းတည်ရှိနေတဲ့ ကျောက်တောင်ကြီးတွေက ပေါင်းလောင်းရဲ့အလှကို ပိုပြီးကြွလာစေတယ်လို့ ထင်ပါတယ်။ ဒါ့အပြင် ရေမျက်နှာပြင်ပေါ်ကို ထိုးထွက်တည်ရှိနေကြတဲ့ အဖြူရောင်သစ်ခြောက်ပင်တွေကလည်း အမြင်ကိုဆန်းစေပြန်ပါတယ်။

ပြောခဲ့သလို ပေါင်းလောင်းဆည်ရေပြင်နဲ့ အနီးပတ်ဝန်းကျင်အခြေအနေကို ပေါင်းစပ်လိုက်ရင် ရေပြင်ကိုဖြတ်သန်းရင်း ကြာမယ့်အချိန်အတွင်းမှာ ရှုစားရမယ့် မြင်ကွင်းပုံကြမ်းတစ်ခုကို အာရုံခံလို့ရနိုင်လောက်ပြီ ထင်ပါတယ်။ စက်လှေကိုလည်း အသွား၊ အပြန်တစ်ဝကြီး စီးရဦးမှာ မဟုတ်ပါလား။ စက်လှေပေါ်ကနေ ရေပြင်နဲ့တောတောင် ဆက်စပ်နေတဲ့ရှုခင်းတွေကို ဓာတ်ပုံရိုက်ရင်း၊ အရသာခံရင်း တစ်နာရီ လေးဆယ့်ငါးမိနစ် ကြာတဲ့အချိန်မှာတော့ နမ့်မွန်ရေတံခွန်အခြေက နမ့်မွန်ဟ နားနေစခန်းကို ရောက်ရှိခဲ့ပါတယ်။

အဲဒီနေရာမှာတော့ ဝါးနဲ့ဆောက်ထားပြီး တောင်ထန်းဖက်မိုးထားတဲ့ စားသောက်ဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ နားနေဆောင်များနဲ့ တည်းခိုဆောင်လေးတွေကို လေးဖက်လေးတန်မှာ ဆောက်ထားပြီး အလယ်မှာ မီးပုံပွဲလုပ်လို့ရအောင် ပေတစ်ရာပတ်လည်လောက်ရှိတဲ့ ကွင်းပြင်ကျယ်ချန်ထားတာကို တွေ့ရပါတယ်။ ခပ်ဝေးဝေးမှာတော့ ကျား/မရေချိုးခန်းနဲ့ သန့်စင်ခန်းတွေကိုလည်း သီးသန့်စီ ဆောင်ရွက်ပေးထားပါသေးတယ်။ နားနေစခန်းကနေ ရေတံခွန်ကိုလှမ်းမမြင်ရပေမယ့် ရေစီးကျသံကိုတော့ ကြားနေရပါပြီ။

**နမ့်မွန်ရေတံခွန်ဆီသို့**

နားနေစခန်းကိုရောက်တယ်ဆိုရင်ပဲ ကမ်းစပ်မှာ ဧည့်လမ်းညွှန်လူငယ်တစ်ဦးက အသင့်စောင့်ကြိုနေပါတယ်။ သူကပဲ ရေတံခွန်မှာရေကစားဖို့ အဝတ်အစားတစ်ခါတည်းလဲခဲ့ဖို့၊ မလိုတဲ့ပစ္စည်းတွေ နားနေဆောင်မှာပဲ ထားခဲ့ဖို့ အကြံပေးပါတယ်။ ရေတံခွန်ကိုသွားတဲ့အခါမှာ အသက်ကယ်အင်္ကျီဝတ်ခဲ့ဖို့လည်း ပြောပါသေးတယ်။ အားလုံးအသင့်ဖြစ်တဲ့အချိန်မှာတော့ ဧည့်လမ်းညွှန်နောက်ကိုလိုက်ရင်း ခြေကျင်ခရီးစတင်ခဲ့ပါတယ်။

နားနေစခန်းကထွက်တာနဲ့ ချောင်းရေပြင်ကိုဖြတ်ထိုးထားတဲ့ ဝါးတံတားပေါ်ကနေ ဖြတ်လျှောက်ရပါတယ်။ ချောင်းကူးဝါးတံတား သုံးခါဖြတ်ပြီးတာနဲ့ စီးကျနေတဲ့ရေတံခွန်အခြေကို ရောက်ပါတော့တယ်။ မိသားစုလိုက် ရေချိုးနေကြသူတွေ၊ ဓာတ်ပုံရိုက်နေကြသူတွေကို တွေ့ရပါတယ်။

‘ဆည်ရဲ့အရှေ့ဘက်ကမ်းမှာ ဆည်နဲ့အပြိုင် သွယ်တန်းတည်ရှိနေတဲ့ ကျောက်တောင်ကြီးတွေက ပေါင်းလောင်းရဲ့ အလှကို ပိုပြီးကြွလာစေတယ်လို့ ထင်ပါတယ်။ ဒါ့အပြင် ရေမျက်နှာပြင်ပေါ်ကို ထိုးထွက်တည်ရှိနေကြတဲ့ အဖြူရောင်သစ်ခြောက်ပင်တွေကလည်း အမြင်ကို ဆန်းစေပြန်ပါတယ်’

စာမျက်နှာ ၈ သို့

# အိပ်မက်လမ်းသို့ ခရီးရှည် (၆)

မြင့်စိုး(နတလ)



## အိပ်မက်ကနိုးလာကြသူများ

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့ နံနက်ခင်းတွင် မြူနှင်းများကျနေသဖြင့် မဂွေဇပတ်ဝန်းကျင်မှာ မြင်ကွင်းက သိပ်ရှင်းလှသည်တော့မဟုတ်၊ သို့တစေ အုံ့ဩစရာကောင်းသည်က ရဝမ်တိုင်းရင်းသားခေါင်းဆောင်ဦးအားတန်ပြောသည့်စကားပင်ဖြစ်သည်။ “သည်ဒေသမှာ အခုလိုရာသီ၊ ခုလိုအချိန် နံနက်ပိုင်းမြူနှင်းတွေကျပြီး တဖြည်းဖြည်းချင်း နှင်းကွဲလာတယ်ဆိုရင် ဒါဟာ ပုံမှန်ရာသီဥတုပဲ၊ ဘာမှစိုးရိမ်စရာမလိုဘူး။ ဒီလိုမှမဟုတ်ဘဲ မိုးမလင်းခင်ကတည်းက မြင်ကွင်းရှင်းနေမယ်၊ လေတွေတိုက်လာမယ်၊ မိုးသားတိမ်လိပ်တွေ ရွေ့နေပြီဆိုရင်တော့ ရာသီဥတုပြောင်းပြီ၊ ထူးခြားမယ်၊ မိုးရွာနိုင်တယ်၊ လေပြင်းတိုက်နိုင်တယ်” ဟူ၏။ သည်ကနေ့ ရာသီဥတုကောင်းဖို့လိုပါသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့၏ လမ်းညွှန်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဖောက်လုပ်ပေးနေသော မဂွေဇ-ခေါင်လန်ဖူးကားလမ်း ၆၅ မိုင် ၄ ဖာလုံအနက် ဆောင်ရွက်ပြီးဖြစ်သည့် မဂွေဇ-ဆန်းလွတ်ချက်တောင်ထိပ် ၃၃ မိုင် ၆ ဖာလုံ လမ်းပိုင်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ ရက်က ကျင်းပခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ပူတာအိုကနေ ရဟတ်ယာဉ်နှစ်စီးဖြင့် မဂွေဇသို့လာရောက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ပြည်နယ်ဝန်ကြီးများ လိုက်ပါလာကြသည်။

ကဆန်ခချောင်းပေါ်က ကြိုးတံတားလေးထိပ်မှာ နောင်မွန်နှင့် ရပ်ဘော့၊ ဘဘော့ဒေသများဆီက ရဝမ်၊ လီဆူတိုင်းရင်းသားတွေ စုဝေးရောက်ရှိနေကြပြီ။ သူတို့အားလုံးသည် နှစ်ပေါင်းများစွာ အိပ်မက်မက်နေရာက နိုးထလာကြသူများ။ တစ်ချိန်က သူတို့တစ်တွေ ၁၂ ညအိပ် ၁၃ ရက် ခြေကျင်လျှောက်ရတဲ့နေရာမှာ ကားလမ်းကြီးပေါက်နေပြီဆိုပါလား၊ ဒါဟာ တကယ်ဖြစ်နိုင်ပါ့မလား၊ ဆန်းလွတ်ချက် (ဒေသအခေါ် ပြန်လမ်းမရှိသော) တောင်ကြီးကို ဘယ်လိုကျော်လွှားပြီး ဖောက်ကြပါလိမ့်၊ လမ်းဖောက်နေပြီဆိုသည့်သတင်းများကိုတော့ ဟိုမှသည်မှ ကြားနေရသည်။ ကိုယ်တိုင်သွားကြည့်ချင်သည်၊ လက်တွေ့မြင်ရမှ ကိုယ့်ပေါင်ကိုယ်ဆိတ်ကြည့်ပြီးပါမှ ယုံလိုက်မည်ဆိုသော အတွေးကိုယ်စီဖြင့် အခမ်းအနားတက်ရောက်ရန် ခေတ္တစောင့်ဆိုင်းနေသူများ။ ထို့ထက်ပိုသည့် စိတ်ဆန္ဒပြင်းပြမှုကတော့ဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို နဖူးတွေ့ဒူးတွေ့ အနီးကပ် မြင်ဖူးချင်ကြသည်။ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသောစကားကို ကြားဖူးချင်သည်။ ထို့အတူ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့သောအရာများ ဆောင်ကြဉ်းလာမည်ဆိုတာကို အထူးစိတ်ဝင်တစား မျှော်လင့်စောင့်ကြိုနေကြခြင်းရယ်ပါ။

## နွေးထွေးစွာပြောဆိုမှာကြား

တက်ရောက်လာသော ပရိသတ်အင်အားက ၁၀၀၀ ကျော်သည်။ ခန်းမတွင်းနေရာချနိုင်မှုက ၆၀၀ ကျော်၊ မဏ္ဍပ်နောက်ပိုင်း၌ ထိုင်ခုံများချထားပေးပြီး ထိုင်နိုင်သည်က ၃၀၀ ကျော်၊ ထိုင်ခုံမရှိဘဲ မဏ္ဍပ်လက်ဝဲဘက်၌ မတ်တတ်ရပ်လျက် နားထောင်နေသူများအတွက် အတိုင်ပင်ခံပုဂ္ဂိုလ်က အားနာစကားဆိုသည်။ ဆက်လက်မှာကြားလိုသည်များကို ဒေသခံတိုင်းရင်းသားများ ရှင်းလင်းလွယ်ကူစွာ နားလည်နိုင်မည့် အသုံးအနှုန်းစကားလုံးများဖြင့် မိန့်ကြားသွားသည်။

“ဒီလိုနေရာကို လာဖို့ဆိုတာ မလွယ်ပါဘူး။ လာတဲ့အခါမှာလည်း ကျွန်မတို့ ပိုပြီးတော့ အချင်းချင်းနီးစပ်သွားတယ်လို့ ခံစားရပါတယ်။ ဒီလိုလမ်းဖောက်တယ်ဆိုတာ အဓိကအားဖြင့် ကျွန်မတို့ဒေသဖွံ့ဖြိုးရေးအတွက်လည်းဖြစ်တယ်။ ဒါပေမယ့် ပိုပြီးအရေးကြီးတာက ကျွန်မတို့ ပြည်ထောင်စုတိုင်းရင်းသားများအားလုံးကြားထဲမှာ နီးစပ်လာအောင် လုပ်လိုက်တာဖြစ်ပါတယ်။ လမ်းမဖောက်ဘဲနဲ့ တစ်ယောက်နဲ့တစ်ယောက် ထိတွေ့မှုရှိဖို့ဆိုတာ မလွယ်ပါဘူး။ လမ်းဖောက်လိုက်တယ်ဆိုတာနဲ့ပဲ ထိတွေ့မှုတံတားကြီးတစ်ခု ဆောက်လိုက်သလိုပဲ၊ လမ်းတွေ၊ တံတားတွေဖောက်တယ်ဆိုတဲ့ အဓိကရည်ရွယ်ချက်က ဒါပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုဆိုတာလည်း နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးပေမယ့် ပိုပြီးတော့ အရေးကြီးတာက ညီညွတ်မှုအင်အားပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလမ်းဖောက်တဲ့အခါမှာ လမ်းဖောက်ဖြစ်အောင်လုပ်ပေးတဲ့ ကျွန်မတို့ရဲ့အလုပ်သမားတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်” ဟု စတင်ပြောကြားခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသကဲ့သို့ပင် မြစ်ကြီးနား၊ ပူတာအိုဒေသများသို့ရောက်ရန် အခက်အခဲမရှိသော်ငြား၊ ထိုမှလွန်၍ နောင်မွန်၊ ပန်နန်းဒင်၊ ခေါင်လန်ဖူး ဒေသများသို့ ရောက်ဖို့ရာဆိုသည်မှာ ရာသီဥတုနှင့် ဆက်သွယ်ရေးလမ်းကြောင်းကန့်သတ်ချက်များအရ သိပ်တော့မလွယ်ကူသည်မှာ အမှန်ပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် တောင်ပေါ်မြေပြန့် မခွဲခြား၊ ဆူကြုံနိမ့်မြင့် ကွာဟမှုမရှိ အားလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်း ယခုလို ထည့်သွင်းမှာကြားခဲ့သည်။

“ဒီဖွံ့ဖြိုးရေးအစီအစဉ်တွေဟာ ကျွန်မတို့တိုင်းရင်းသားများအားလုံး စိတ်ပိုင်းဆိုင်ရာအရ၊ ရုပ်ပိုင်းဆိုင်ရာအရ ဖွံ့ဖြိုးတိုးတက်ဖို့ပဲဖြစ်ပါတယ်။ အားလုံးကို ကျွန်မတို့ကတော့ တစုတစည်းတည်း တစ်ပြေးညီပဲ ဖြစ်ချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ အားလုံးတစ်ပြေးညီဖြစ်တယ်ဆိုတာဟာလည်း နိုင်ငံရဲ့ဂုဏ်သိက္ခာပါပဲ။ နိုင်ငံတစ်နိုင်ငံမှာ ဆင်းရဲချမ်းသာ သိပ်ပြီးတော့ ကွာဟမှုရှိတယ်ဆိုတာ နိုင်ငံအတွက် ကောင်းတာမဟုတ်ပါဘူး။ ဒီလိုကွာဟမှုတွေဆိုတာကလည်း ဒေသရဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲနဲ့လည်း ဆိုင်ပါတယ်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုရှိတဲ့အခါ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ လုပ်ဖို့ဟာကလည်း ခက်ခဲလာပါတယ်။ ဒါကြောင့် ကျွန်မတို့ လမ်းဖောက်တဲ့အလုပ်ဟာ အင်မတန်မှ မွန်မြတ်တဲ့အလုပ်လို့ ကျွန်မအနေနဲ့ ခံယူချင်ပါတယ်” ဟူ၍။

## ထို့ကြောင့် ဤအရာကို နတလဟုခေါ်သည်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သူ၏မိန့်ခွန်းတွင် ထိုသို့ပြောကြားလိုက်စဉ်ခဏ ကျွန်တော့်စိတ်အာရုံမှာ ဖျတ်ခနဲပေါ်လာသည်ကတော့ မကြာသေးမီလေးကပဲ နတလဦးစီးဌာနအတွက် ကျွန်တော် သီချင်းစာသားရေးပြီး ဂီတစာဆို အလင်္ကာကျော်စွာ ဟသ်ာတဦးမြင့်ဌေ သံစဉ်ထည့် မွမ်းမံပေးခဲ့သည့် သီချင်းလေးပဲဖြစ်သည်။ သီချင်းခေါင်းစဉ်ကိုတော့ ‘ထို့ကြောင့် ဤအရာကို နတလဟုခေါ်သည်’ ဟု ပေးခဲ့သည်။ ထိုသို့ပေးလိုက်မိသည့်အတွက်လည်း တစ်ချိန်က ထင်ရှားကျော်ကြားခဲ့သည့် ‘ထို့ကြောင့် ဤအရာကို အချစ်ဟုခေါ်သည်’ ဝတ္ထု၏ လက်ရာရှင် စာရေးဆရာကြီး ဆရာအောင်လင်း (သူ၏မိသားစု) ကို ဤနေရာမှနေ၍ ခွင့်ပန်လိုပါသည်။ ထိုဝတ္ထုကို ဒါရိုက်တာဦးကြီးမြင့်က မင်းသားကြီး(ဦး)ကျော်ဟိန်း၊ (ဦး) ဇော်ဦး၊ (ဒေါ်) ခင်သီတာထွန်းတို့နှင့် ရုပ်ရှင်ရိုက်ခဲ့သည်။ ကျွန်တော်ရေးခဲ့သော သီချင်း၏ နောက်ဆုံးပိုဒ်မှာ . . .

**သံလွင်ချင်းတွင်း စစ်တောင်း ရွှေလီ ကစ္ဆပနဒီ**
**မြစ်အစင်းစင်း ချစ်ခြင်း တေးတွေသီ**
**ပညာ ကျန်းမာအလေးထားကူညီ**
**ဆူကြုံနိမ့်မြင့်မရှိ ကွာဟမှုလျော့နည်း**
**တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်စေရမည်**
**နယ်စပ်ဒေသလူမှုစီးပွားမြင့်မားခြင်းက**
**ငြိမ်းချမ်းခြင်းရဲ့ ပြတင်းတံခါးလည်းဖြစ်သည်**
**စွမ်းအားရှိသမျှ ကြိုးစားဆောင်ရွက်ရမည်**
**ထို့ကြောင့် ဤအရာကို နတလဟုခေါ်သည်**

ဟု ထည့်သွင်းရေးသားခဲ့သည်။ စန္ဒရားမောင်လှအေးတီးခတ်ပေးပြီး တေးသံရှင် ရဲရင့်ဝေလွင် သီဆိုပေးခဲ့ခြင်းဖြစ်၏။ MRTV၊ မြဝတီ မည်သည့်နေရာတွင်မှ မလွှင့်ရသေးပါ။ စီစဉ်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ လမ်းဖွင့်ပွဲနေ့ကမူ ပရိသတ်အတွက် ဧည့်ခံသီချင်းအနေဖြင့် ဖွင့်ပြနိုင်ခဲ့သည်။

## ဂုဏ်ယူမိပါသည်

“လမ်းဖောက်တဲ့အလုပ်ဟာ အင်မတန်မှ မွန်မြတ်တဲ့အလုပ်လို့ ကျွန်မအနေနဲ့ ခံယူချင်ပါတယ်” ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ကြားသွားခဲ့သည်။ သည့်အတွက်ကြောင့် လမ်းတွေဖောက်၊ တံတားတွေဆောက်၊ စိုက်ပျိုးရေ၊ သုံးရေများ သွယ်ယူ၊ အသေးစားရေအားလျှပ်စစ်နှင့် ဆိုလာမီးများဖြင့် အလင်းရောင်ပေး၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို အလေးထားကူညီဆောင်ရွက်ပေးခဲ့သော နတလဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည့်အပေါ် ဂုဏ်ယူမဆုံး ဖြစ်မိပါသည်။ အငြိမ်းစားဝန်ထမ်းပင်ဖြစ်နေလင့်ကစား မိမိစွမ်းအားရှိသမျှ (အထူးသဖြင့် ကလောင်စွမ်းအားဖြင့်) ကူညီသွားပါဦးမည်။ လမ်းဖောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခုလုံးကို ကြီးကြပ်ကွပ်ကဲနေသော ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်၊ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်၊ တပ်မတော်မှ တွဲဖက်ပေးထားသည့် အရာရှိစစ်သည်များ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်လုပ်ကိုင်နေကြသည့် ယန္တရားမောင်း လုပ်သားများ၊ လမ်းလုပ်သားများကိုလည်း အထူးပင် ကျေးဇူးတင်မိပါသည်။ အထူးသဖြင့် ဘက်ဟိုးတစ်စီးဖြင့် တောတိုးတောင်တက် ကျားကုတ်ကျားခဲဖောက်လုပ်ခဲ့သော အညာသားကိုကြည်ဟန်၊ လမ်းစတင်ဖောက်လုပ်ချိန်မှ ယနေ့အချိန်ထိ မဂွေဇ-ခေါင်လန်ဖူး လမ်းကြီးပေါ်မှာ အချိန်ပြည့် နေထိုင်ကြီးကြပ်ဆောင်ရွက်နေသော တပည့်ကျော် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဒီပါမောင်တို့ကို ဝမ်းမြောက်ဂုဏ်ယူစွာ လက်ဆွဲနှုတ်ဆက်ခဲ့မိပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang-hwa နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်**

တွေ့ဆုံစဉ် ကိုရီးယားနှင့် မြန်မာနှစ်နိုင်ငံ၏ ဆက်ဆံမှုများ ပိုမိုကောင်းမွန်ရေးနှင့် စီးပွားရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ ကိုရီးယားစီးပွားရေးရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပိုမိုရရှိရေးကိစ္စတို့နှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၈**

တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

သတင်းစာရှင်းလင်းပွဲ၌ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီ က AA သောင်းကျန်းသူအဖွဲ့အား စစ်ဆင်ရေးဆောင်ရွက်နေမှုကို လည်းကောင်း၊ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦးက ငြိမ်းချမ်းရေး ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**

# ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာရှတို့မှ Short Film များကိုပြသပြီး ခွဲခြမ်းစိတ်ဖြာလေ့လာကြမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြုလုပ်သော Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုဖြစ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ်ကို နဝမအကြိမ်အဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း ရုပ်ရှင်ပြခန်းမ၌ ဇန်နဝါရီ ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာရှတို့မှ Short Film များကိုပြသပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဦးသိဒ္ဓိက ဦးဆောင်ဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။

**သတင်းစဉ်**



**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့တွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ တာဝန်ရှိသူများနှင့် တိုင်းရင်းဆေးရုံ မြေနေရာအလှူရှင် ဦးထွန်းလွင်-ဒေါ်လဲ့လဲ့ဝင်းတို့က တိုင်းရင်းဆေးရုံ အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

ဌေးနိုင်

# ၂၀၁၉ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၁၉ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲ(YYIM 2019) ကို ဇန်နဝါရီ ၂၀ ရက် နံနက် ၃ နာရီမှ ၁၁ နာရီခွဲအထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏ မိုးလုံလေလုံအမျိုးသားအားကစားကွင်း (Race Village) တွင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲသည် မြန်မာနိုင်ငံတွင် ပါဝင်ဆင်နွှဲသူဦးရေအများဆုံး အပြေးပြိုင်ပွဲကြီးဖြစ်ပြီး ပြိုင်ပွဲဝင်အပြေးသမားပေါင်း ၈၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုအကြိမ်သည် သတ္တမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး မည်သူမဆို စာရင်းပေးသွင်းယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာမာရသွန်ပြိုင်ပွဲကြီးကို Yoma Strategic Holdings Ltd (Yoma Strategic) မှ ကြီးမှူးပြီး First Myanmar Investment Public Co., Ltd. (FMI) နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) တို့က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများနှင့် လာရောက်ကြည့်ရှုသူများအတွက် ပျော်ပွဲရွှင်ပွဲများနှင့်ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကာ ဆုရရှိသူများကိုလည်း ပြိုင်ပွဲအမျိုးအစားအလိုက် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

❒ စာမျက်နှာ ၆ မှ

ရေတံခွန်မှာ ရှိနေတဲ့ရေတွေဟာ စိမ်းပြာရောင်နုနု အရောင်အသွေးရှိပါတယ်။ ဧည့်လမ်းညွှန်ကတော့ ရေတံခွန်စီးဆင်းမှုလှပတဲ့နေရာတွေ၊ ဓာတ်ပုံရိုက်ဖို့ ရှုခင်းကောင်းတဲ့နေရာတွေအထိ တောလမ်းလေးအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် မြင့်တဲ့နေရာတွေကို ခေါ်ဆောင်သွားပါတယ်။ ရေထဲဆင်းပြီး အန္တရာယ်ကင်းကင်းနဲ့ ဓာတ်ပုံရိုက်လို့ရအောင်လည်း ကူညီပေးပါသေးတယ်။

ရေတံခွန်ကို တစ်ဆင့်ပြီးတစ်ဆင့်တက်သွားတဲ့ တောလမ်းလေးမှာတော့ ကမ်းပါးယံလေးတွေတက်ရတာတွေ၊ အတက်၊ အဆင်းမတ်တဲ့ နေရာလေးတွေ အနည်းအကျဉ်းရှိပါတယ်။ ဒါပေမယ့် သွားလာလို့လွယ်ကူအောင် ဝါးလှေကားတွေ လက်ရန်းတန်းတွေလုပ်ပေးထားလို့ အခက်အခဲမရှိပါဘူး။ ရေတံခွန် အဆင့်လေးဆင့်အထိ တက်ပြီးတဲ့အချိန်မှာတော့ ဆက်သွားလို့ရသေးပေမယ့် ရေချိုးကြဖို့ အောက်ဆုံးရေတံခွန်ကို ပြန်ဆင်းခဲ့ကြပါတယ်။

ဧည့်လမ်းညွှန်ရဲ့ ပြောပြချက်အရကတော့ နမ့်မွန်ရေတံခွန်တစ်ခုလုံးမှာ အဆင့်ပေါင်း ၂၀၀ ကျော်ရှိတယ်လို့ ဆိုပါတယ်။ ရေတံခွန်ကိုလာတာက အဲဒီကိန်းဂဏန်းတွေကို ရေတွက်နေဖို့မှမဟုတ်တာ။ အရင်ရောက်ခဲ့ဖူးတဲ့ ရေတံခွန်တွေနဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါမှာ တစ်မူကွဲပြားတဲ့အလှအပတွေကို တွေ့နေရတာနဲ့တင် ကျေနပ်နေပါပြီ။

သွားရင်းလာရင်း လမ်းတစ်လျှောက် သတိထားမိတာလေးရှိပါသေးတယ်။ မလှမ်းမကမ်းနေရာတိုင်းမှာ အမှိုက်ထည့်ဖို့ ဝါးနဲ့ပြုလုပ်ထားတဲ့ ခြင်းတောင်းလေးတွေ ချထားပေးတာကို တွေ့ရပါတယ်။ လမ်းတစ်လျှောက်လုံးလည်း သန့်ရှင်းနေပါတယ်။ ခရီးသွားလုပ်ငန်းနဲ့တွဲဖက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပါ အလေးထားဆောင်ရွက်နေတာကို တွေ့ရလို့ဝမ်းမြောက်မိပါတယ်။ ညနေ ၄ နာရီမထိုးခင် စက်လှေထွက်မှ မမှောင်ခင် ပေါင်းလောင်းကို ပြန်ရောက်မှာမို့ ရေတံခွန်မှာရေချိုးပြီးတာနဲ့ နားနေစခန်းကိုပြန်ခဲ့ကြပါတယ်။ နားနေစခန်းကို ပြန်ရောက်တဲ့အချိန်မှာတော့ အဆောက်အအုံတွေရဲ့ အလယ်မှာရှိတဲ့ ကွင်းပြင်မှာ ထင်းတုံးတွေခေါင်းဆိုင်ပြီး ထောင်နေကြတာကို တွေ့ရပါတယ်။

နားနေစခန်းမှာညအိပ်မယ့်အဖွဲ့တွေအတွက် မီးပုံပွဲလုပ်လို့ရအောင် စီစဉ်ပေးနေတာလို့ သိရပါတယ်။ အဲဒီအခိုက်အတန့်လေးမှာပဲ အတွေးတစ်ခုက လျှပ်စီးလက်သလိုဝင်လာပါတယ်။ ရှေးတုန်းကမြန်မာမင်းတွေ ဧရာဝတီမြစ်ထဲဆင်းပြီး ရေကစားခဲ့ကြတာတွေ၊ တောကစားထွက်ပြီး သစ်ခက်တဲနန်းမှာ ညဥ့်အိပ်ညဥ့်နေ နေရင်းရတဲ့ တောကောင်သားကို မီးကင်စားခဲ့ကြတာတွေဟာ ဒီသဘောပဲဖြစ်လိမ့်ဆိုတဲ့အတွေးပဲ ဖြစ်ပါတယ်။

ဒီလိုပဲ မြို့ပြတိုက်ကြီးပေါ်မှာနေတဲ့သူတွေလည်း တောထဲတောင်ထဲက ယာယီမြေစိုက်တဲလေးမှာ စတည်းချရတာကိုပျော်မွေ့သလို ဖွယ်ဖွယ်ရာရာ စားကောင်းသောက်ဖွယ်တွေကို စားနေတဲ့သူတွေလည်း မီးပုံဘေးထိုင်ပြီး အသားတစ်တုံးကို တံစို့ထိုးကင်စားလိုက်ရရင်ဆိုတဲ့ ချင်ခြင်းမျိုးလည်း ရှိနိုင်ပါတယ်။

သိန်းဆယ်ချီတန်တဲ့ယမကာထက် ရိုးရာခေါင်ရည်ချိုရှုရှုကို လျှာပေါ်တင်ကြည့်လိုက်ချင်တာဆိုတဲ့ အာသီသမျိုးလည်းရှိကြမှာပါ။ ဒါဟာ ဘာလဲဆိုရင် သဘာဝရဲ့အစစ်အမှန်တွေကို တမ်းတမှုလို့ပဲ အဓိပ္ပာယ်ဖွင့်ဆိုချင်ပါတယ်။

ဒါကိုပဲ သဘာဝရဲ့ခေါ်သံ၊ သဘာဝရဲ့ဖမ်းစားမှုလို့တင်စားကြပြန်ပါတယ်။ ကျွန်တော်ကတော့ ကိုယ့်မြေ၊ ကိုယ့်ရေပေါ်မှာတည်ရှိနေတဲ့ သဘာဝက ပေးထားတဲ့ အမွေအနှစ်တွေကို ချစ်ခင်မြတ်နိုးတတ်မှုလို့ပဲ မြင်ပါတယ်။ ဒီအမွေအနှစ်တွေကို ကမ္ဘာတည်သရွေ့ မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းပေးနိုင်ဖို့က ကိုယ်တိုင်ကချစ်ခင်မြတ်နိုးတတ်နေမှ မဟုတ်ပါလား။ ။

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

**မိုး/ဇလ**

# ကလေးစာပေပွဲတော်မှာ ရဝမ်စာပေပေါ်ပေါက်လာပုံ၊ ဘိုးဘေးဘီဘင်လူကြီးတွေရဲ့ ဓာတ်ပုံတွေ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှု ဓာတ်ပုံတွေ၊ ရိုးရာဝတ်စုံတွေနဲ့ ရိုးရာအသုံးအဆောင်ပစ္စည်းတွေ ပြသသွားမှာဖြစ်ပါတယ်

ဦးကောနထင်လောန်(ဥက္ကဋ္ဌ) ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

**အဆိုပါပွဲတော်နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ပြောကြားချက်များကို စုစည်းဖော်ပြအပ်ပါသည်-**


ဦးအောင်ဝင်း


ဦးဆန်းဝင်း


ဦးအောင်ဆန်းဦး


အင်ဘောဘွမ်ဇော်လွမ်


ဒေါ်ခင်သန်းနွဲ့


ဦးကောနထင်လောန်


မဆန်နိုင်လှိုင်ဆန်း

**ဦးအောင်ဝင်း (ပါမောက္ခချုပ်)**
**မြစ်ကြီးနားတက္ကသိုလ်**

ကလေးစာပေပွဲတော်ကို တစ်နိုင်ငံလုံးက နေရာတော်တော်များများမှာ ကျင်းပပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်က မိုးညှင်းမှာလည်း ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ ပြည်နယ်အဆင့်အနေနဲ့ မြစ်ကြီးနားမှာ အခုကျင်းပတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ကချင်ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီး မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ကျင်းပသွားမှာဖြစ်ပါတယ်။

**စာဖတ်စွမ်းရည်မြှင့်တင်**

ဒီလိုကျင်းပတဲ့အခါ ကလေးတွေ စာဖတ်စွမ်းရည်မြင့်တက်စေဖို့ အသိပညာပေးဆိုင်းဘုတ်တွေလည်း ထားရှိထားပါတယ်။ အဓိကက ကလေးတွေအားလုံးကို စာဖတ်စေချင်တာပါ။ ဒီအတွက်လည်း ဒီလိုပွဲတော်မျိုးတွေနဲ့ စာဖတ်စွမ်းရည်တွေ မြှင့်တင်ရမှာဖြစ်ပါတယ်။

ပွဲတော်ကို ကျောင်းသားတွေတင်မကဘူး။ သူတို့ရဲ့ မိဘတွေလည်း ပါလာကြမှာဖြစ်ပါတယ်။ ဒါကြောင့် တစ်ဆက်တည်း ကလေးတွေရဲ့ မိဘတွေလည်း ကလေးတွေအတွက် စာဖတ်တဲ့အကျင့် ပြုစုပေးရမယ်ဆိုတာ သိသွားမှာ ဖြစ်ပါတယ်။ စာဖတ်ခြင်းကနေ အကျိုးအမြတ်တွေ အများကြီးရရှိနိုင်တယ်။ စာဖတ်မှုလည်း ဘယ်လိုအကျိုးကျေးဇူးရရှိနိုင်တယ်၊ အသိဉာဏ်ပညာတွေ ရရှိလာနိုင်တယ်ဆိုတာကို ကလေးတွေကိုယ်တိုင် သိနားလည်လာမှာဖြစ်ပါတယ်။ ဒီလို စာဖတ်ရင်းနဲ့ပဲ အသိပညာတိုးပွားလာမှာဖြစ်ပါတယ်။ ဒါတွေက ကလေးစာပေပွဲတော်ကနေ ရလာမယ့်ရလဒ်ကောင်းကြီးတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။

ပြီးတော့ ကလေးတွေ စာများများဖတ်လာဖို့ ကလေးစာပေ စာအုပ်တွေလည်း များများထုတ်ရမယ်လို့ ထင်ပါတယ်။ ငယ်ငယ်တုန်းမှာ ရွှေသွေး၊ တေဇတွေဖတ်ရင်း ကြီးလာပြီးတော့ တဖြည်းဖြည်းနဲ့ ရုပ်ပြ၊ မဂ္ဂဇင်းတွေ၊ ဝတ္ထု၊ နောက်တော့ အကျိုးရှိမယ့်၊ အသုံးကျမယ့် ပညာရပ်ဆိုင်ရာ စာအုပ်တွေ စသဖြင့် အသက်အရွယ် အသိအမြင်အလိုက် တိုးတက်ပြောင်းလဲဖတ်တတ်လာမှာပါ။ ဒါကြောင့် စာလည်းဖတ်ပါ။ တစ်ဖက်က ခေတ်အရ လူငယ်တွေက မိုဘိုင်းဖုန်းသုံးကြတာလည်း မပစ်ပယ်ပါဘူး။ ဒါပေမယ့် ကျွဲကူးရေပါဆိုသလိုမျိုး ဖုန်းနဲ့အင်တာနက်အသုံးပြုတဲ့အခါ စာဖတ်ဖို့လိုတယ်ဆိုတဲ့ အသိစိတ်ကလေးနဲ့ ကိုယ့်ဘဝအတွက် လိုအပ်တဲ့ စာတွေကိုလည်း ဒီဖုန်းနဲ့ပဲ ဖတ်လို့ရတယ်။ ဒါကြောင့် တစ်ပါတည်း ဖတ်စေချင်ပါတယ်။ ဒီလိုဆိုရင် စာဖတ်အားများလာမယ်လို့ မျှော်လင့်ပါတယ်။

ဒီလိုမျိုး ကလေးစာပေပွဲတော်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အားလုံးမှာ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပစေချင်ပါတယ်။ ဒီလိုပွဲတော်တွေ ကျင်းပတဲ့အတွက် စာပေကို မြတ်နိုးလာမယ်၊ စာအုပ်တွေ ဖတ်ချင်စိတ်ပေါ်လာမယ်၊ စာအုပ်ထဲကအကျိုးအမြတ်တွေ ဘယ်လိုရယူမယ်ဆိုတာ သိလာမှာဖြစ်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေချင်ပါတယ်။

**ဦးဆန်းဝင်း(ဒုတိယညွှန်ကြားရေးမှူး)**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန**

ကလေးစာပေပွဲတော်တွေ ကျင်းပပြုလုပ်တဲ့ ရည်ရွယ်ချက်က ကလေးတွေ စာအုပ်စာပေမှာ နှစ်သက်မွေ့လျော်ပြီး ရာသက်ပန် ပညာရှာမှီးလိုသူတွေ ဖြစ်လာစေဖို့၊ ပွဲတော်မှာ ပျော်ရွှင်စွာ ဆင်နွှဲရင်း စုပေါင်းလုပ်တတ်ဖို့၊ ပညာဗဟုသုတသာမက လူရည်လူသွေးပါ ပြည့်ဝပြီး အနာဂတ်တိုင်းပြည်အတွက် ဦးဆောင်ဦးရွက် ပြုနိုင်သူတွေဖြစ်လာစေဖို့ ရည်ရွယ်တာပါ။

မြစ်ကြီးနားမှာ ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၂၀ ရက်ကနေ ၂၂ ရက်အထိ သုံးရက်တာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲတော်မှာလည်း တခြားနေရာတွေလိုပဲ စက္ကူခေါက်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွေ ကျင်းပသွားမယ်။ ဒီမှာထူးခြားတာတစ်ခုက စကားရည်လုပြိုင်ပွဲ ပါဝင်လာတာ ဖြစ်ပါတယ်။ ပုံပြင်ပြောပြိုင်ပွဲမှာ အင်္ဂလိပ်ဘာသာနဲ့ ပုံပြောပြိုင်ပွဲလည်း ထည့်ထားပါတယ်။

**ထူးခြားမှုတစ်ခု**

စာပေစကားဝိုင်းဆွေးနွေးပွဲလည်း ပါဝင်ပြီးတော့ တက္ကသိုလ်အဆင့်မြင့်ပညာသင်ကြားနေတဲ့ ကျောင်းသားကျောင်းသူတွေက ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီပွဲတော်ကြီးမှာ ထူးခြားမှုတစ်ခုကတော့ ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့တဲ့ စာအုပ်ပေါင်း ၃၀၀၀ ကျော် ၄၀၀၀ နီးပါးကိုလည်း တစုတဝေးတည်း ပြသသွားမှာဖြစ်ပါတယ်။ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနက ရန္တပိုစာချုပ်၊ အောင်ဆန်းအက်တလီစာချုပ်၊ ပင်လုံစာချုပ်စတဲ့ စာချုပ်တွေကို ဒီပွဲတော်ကြီးမှာ ခမ်းခမ်းနားနား ပြသသွားမှာဖြစ်ပါတယ်။

မြစေတီ ကျောက်စာကိုလည်း ပြည်သူတွေ လေ့လာသိရှိနိုင်အောင်လို့ ကျောက်စာနမူနာ ထုတ်နုတ်ပြီးတော့ ဖော်ပြသွားမှာဖြစ်ပါတယ်။ ပွဲတော်ရက်တွေမှာ နေ့စဉ် ဖျော်ဖြေရေးအစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ခန်းမကြီး အပြင်ဘက်မှာလည်း တိုင်းရင်းသားရိုးရာအက၊ ဆင်အက၊ ရုပ်သေး၊ မျက်လှည့်တွေနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို ထည့်သွင်းစီစဉ်ထားပါတယ်။

ပြခန်းအနေနဲ့ ဌာနဆိုင်ရာ ပြခန်းတွေ၊ ပညာရေးပြခန်းတွေ အားလုံး စုစုပေါင်း ၂၅ ခန်းလောက် ပြသသွားမှာ ဖြစ်ပါတယ်။ အလားတူပဲ တိုင်းရင်းသားတွေရဲ့ ဒေသအလိုက်၊ လူမျိုးအလိုက် ရိုးရာပစ္စည်း၊ လက်ဝတ်ရတနာပစ္စည်း၊ စာပေတွေကိုလည်း ပြခန်းပေါင်း ၁၂ ခန်းလောက် ပြသသွားမှာဖြစ်ပါတယ်။ ပွဲတော်လာရောက်ကြည့်ရှုသူတွေ စာအုပ်တွေ ဝယ်ယူဖတ်ရှုနိုင်ဖို့အတွက် စာအုပ်အရောင်းဆိုင်ခန်းပေါင်း ၅၀ ကိုလည်း ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။

**ဦးအောင်ဆန်းဦး(ဦးစီးအရာရှိ)**
**လမ်းဦးစီးဌာန၊ မြစ်ကြီးနားမြို့**

ကျွန်တော်တို့က ကလေးစာပေပွဲတော်ကို မြစ်ကြီးနားတက္ကသိုလ်မှာ အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် အခမ်းအနားပြင်ဆင်ရေးကော်မတီထဲမှာ ပါဝင်ပါတယ်။ ကျွန်တော်တို့ ဦးစီးဌာနက ကလေးစာပေပွဲတော်မှာ ထည့်သွင်းကျင်းပမယ့် ဖူဆယ်ဘောလုံးပြိုင်ပွဲအတွက် ဖူဆယ်ဘောလုံးကွင်း၊ ထုပ်ဆီးတိုးကွင်းတွေကို မြေညှိပြုပြင်ပေးရပါတယ်။ နောက်လုပ်ငန်းတစ်ခုက ကလေးစာပေပွဲတော်လာတဲ့ ကလေးတွေ သန့်စင်ခန်းအသုံးပြုနိုင်ဖို့အတွက် ကျား ၁၀ ခန်း၊ မ ၁၀ ခန်း တည်ဆောက်ဆောင်ရွက်ရပါတယ်။ နောက် ထပ်တိုးလုပ်ငန်းတစ်ခုက ကလေးစာပေပွဲတော် ကျင်းပမယ့် ဘွဲ့နှင်းသဘင်ရှေ့မှာ ဖျော်ဖြေရေးစင်မြင့်၊ ရုပ်သေးနဲ့ မျက်လှည့်စင်မြင့် တည်ဆောက်ခြင်းကို ဆောင်ရွက်ပေးရပါတယ်။ အခုကတော့ ဒီလုပ်ငန်းတွေအားလုံးကို ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပဖို့ အဆင်သင့်ဖြစ်နေပါပြီ။

**အင်ဘောဘွမ်ဇော်လွမ်**
**(အတွင်းရေးမှူး) ဂျိမ်းဖောစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီ**

ကျွန်တော်တို့ ဂျိမ်းဖောစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီအနေနဲ့ ပြခန်းမှာ ဘိုးဘွားတွေ အသုံးပြုခဲ့တဲ့ အသုံးအဆောင်အမွေအနှစ်တွေ ပြသသွားမယ်။ ဒါတွေကို အခုခေတ် ကလေးတွေ မသိကြတာများတယ်။ ပြီးတော့ ဘိုးဘွားတွေသုံးခဲ့တဲ့ အမွေအနှစ်ပစ္စည်းတွေ၊ ရိုးရာပစ္စည်းတွေ ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ ကလေးတွေနဲ့ ပတ်သက်လို့ ကဗျာပြိုင်ပွဲတွေရှိတယ်။ ပုံပြောပြိုင်ပွဲတွေ ရှိတယ်။ ကဗျာပြိုင်ပွဲမှာ ဂျိမ်းဖောဘာသာနဲ့ ရွတ်ဆိုတာလည်း ပါမှာပါ။ အခုလို အစိုးရကဦးဆောင်ပြီး ကလေးစာပေပွဲတော်တွေ ကျင်းပပေးတာ အများကြီးအကျိုးရှိပါတယ်။ အများကြီး ဝမ်းသာပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေမှာ ကိုယ့်ရဲ့ စာပေဘာသာနဲ့ ပတ်သက်ပြီး အရင်တုန်းက အခွင့်အရေး အများကြီးမရှိဘူး။ ဂျိမ်းဖောဘာသာစာပေဆိုရင် နွေရာသီကျောင်းပိတ်ရက်မှာ ကလေးတွေကို ဂျိမ်းဖောစာပေသင်ပေးတာလောက်ပဲ ရှိတယ်။ အခုလို အစိုးရကနေ ဦးဆောင်ပြီးမှ စာပေပွဲတော်လုပ်ပေးပြီး တိုင်းရင်းသားစာပေယဉ်ကျေးမှုကိုလည်း ပါဝင်ပြသစေတဲ့အတွက် အများကြီး အားတက်စရာပါ။

ဝတ်စားဆင်ယင်မှုရိုးရာဝတ်စုံတွေ ဒါတွေကိုလည်း စာပေပွဲတော်မှာ ပြသသွားမယ်။ အရင်တုန်းက တောင်ယာတွေမှာ အသုံးပြုတဲ့ အသုံးအဆောင်ပစ္စည်းတွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနွဲ့ (ပြည်နယ်ပညာရေးမှူး) ကချင်ပြည်နယ်**

ကလေးတွေအတွက် ရည်ရွယ်တဲ့ ပွဲတော်ဖြစ်တဲ့အတွက်ကြောင့် ကလေးတွေအတွက် အများကြီး အကျိုးကျေးဇူးရှိပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာလည်း ကလေးတွေ ပါဝင်ကြမှာ ဖြစ်ပါတယ်။ အထက (၄)ကျောင်းက ဘင်ခရာလေးသင်း ပါဝင်ပါတယ်။ ပွဲတော်ရက်တွေမှာ တစ်နေ့ ဖျော်ဖြေရေးအစီအစဉ် အခု ၃၀ နဲ့ ပါဝင်ဖျော်ဖြေကြမှာဖြစ်ပါတယ်။ ပြီးတော့ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲတွေမှာ တိုင်းရင်းသားဘာသာစကားနဲ့ ပုံပြောပြိုင်ပွဲတွေ၊ ကဗျာပြိုင်ပွဲတွေ ထည့်သွင်းပေးထားပါတယ်။

**ဦးကောနထင်လောန်(ဥက္ကဋ္ဌ)**
**ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း**

ကျွန်တော်တို့ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းအနေနဲ့ ကလေးစာပေပွဲတော်မှာ ရဝမ်လူမျိုးတွေအားလုံးရဲ့ကိုယ်စား ရဝမ်စာပေပေါ်ပေါက်လာပုံ၊ ဘိုးဘေးဘီဘင်လူကြီးတွေရဲ့ ဓာတ်ပုံတွေ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုဓာတ်ပုံတွေ၊ ရိုးရာဝတ်စုံတွေနဲ့ ရိုးရာအသုံးအဆောင်ပစ္စည်းတွေ ပြသသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ စာပေရော၊ ဘာသာစကားရော၊ နေထိုင်ရာဒေသရော သုံးမျိုးစလုံး ပြည့်စုံစွာ တည်ရှိနေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ရဝမ်လူမျိုးမပျောက်အောင် စာပေကို ထိန်းသိမ်းဖို့ တာဝန်ရှိပါတယ်။ ဒီလို ထိန်းသိမ်းတဲ့နေရာမှာ ကျွန်တော်တို့ အခုလိုပြပွဲတွေ လုပ်ပေးတဲ့အတွက် ဝမ်းသာတယ်။ ဆက်လက်ပြီး ထိန်းသိမ်းဖို့လည်း ခွန်အားရပါတယ်။ ဒီလိုမျိုးခွန်အားတွေကြောင့် ကျွန်တော်တို့ စာပေ၊ ယဉ်ကျေးမှုတွေကို ဆက်ပြီး ထိန်းသိမ်းသွားမှာပါ။

ဒီလိုထိန်းသိမ်းနိုင်ဖို့အတွက် ရဝမ်စာပေကို နွေရာသီကျောင်းပိတ်ရက်တွေမှာ ကလေးတွေကို သင်ကြားပေးပါတယ်။ ရဝမ်လူမျိုးတွေ ၉၉ ရာခိုင်နှုန်းဟာ ခရစ်ယာန်တွေဖြစ်တဲ့အတွက်ကြောင့် ဘုရားကျောင်းတွေမှာ နှစ်စဉ်နှစ်တိုင်း ရဝမ်စာပေတွေကို သင်ကြားပေးလျက်ရှိပါတယ်။ အခု အခြေခံပညာကျောင်းတွေမှာ သင်ကြားပေးဖို့အတွက် ကြိုးစားဆောင်ရွက်တဲ့နေရာမှာ ဒေသသင်ရိုးနဲ့အတူ တိုင်းရင်းသားစာပေ သင်ကြားဖို့ ဆောင်ရွက်နေတယ်။ နောင်ကျရင် ဘုရားကျောင်းတွေအပြင် အခြေခံပညာကျောင်းတွေမှာလည်း တိုင်းရင်းသားစာပေကို သင်ကြားခွင့်ရရှိမှာဖြစ်တဲ့အတွက် ဆက်လက် တိုးတက်ခိုင်မြဲမယ်လို့ ခံယူထားပါတယ်။

**မဆန်နိုင်လှိုင်ဆန်း**
**ပထမနှစ်၊ သချာ်**

စာပေပွဲတော်တွေ ကျင်းပပြုလုပ်ပေးတာ လူငယ်တွေအတွက် ကောင်းပါတယ်။ ဖုန်းနဲ့ အချိန်ကုန်တဲ့ခေတ်ဖြစ်နေတော့ စာပေဖတ်ဖို့အတွက် ပြန်ပြီး နှိုးဆော်နေကြရတယ်လို့ မြင်ပါတယ်။ ဖုန်းသုံးတယ်ဆိုပေမယ့် သုံးတဲ့အချိန်ကို ကိုယ့်စည်းကမ်းနဲ့ကိုယ် သုံးတာက ပိုကောင်းပါတယ်။ ကလေးစာပေပွဲတော်က ကလေးသာမက လူကြီးလူငယ်အားလုံး တက်ရောက်လို့ရတယ်။ ပြီးတော့ စာပေပွဲတော်က တစ်ယောက်ချင်းစီတိုင်းကို ဗဟုသုတရဖွယ်ဖြစ်နိုင်တယ်။ ပွဲတော်ကို တစ်ခါလုပ်ပြီး ပြီးသွားတာမျိုး မဟုတ်ဘဲ နှစ်စဉ်လုပ်ပေးနိုင်ရင် ပိုကောင်းပါတယ်။

စာပေဆိုတာကတော့ လူတစ်ယောက်အတွက် အကောင်းဆုံးတွေ ဖန်တီးပေးစွမ်းနိုင်တယ်။ စာပေကနေ အကျင့်ဆိုးတွေ ရသွားတယ်ဆိုတာကတော့ မရှိဘူး။ အနာဂတ်အတွက် ကောင်းလာတဲ့သူပဲရှိတယ်လို့ ထင်ပါတယ်။ ဒါကြောင့်မို့အားလုံးကိုလာစေချင်တယ်။ အားလုံး တက်ရောက်ဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

**အောင်မင်းဟန်**
**ဓာတ်ပုံ- ထိန်နန်၊ သက်နိုင်**

# (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် ကျောက်ပန်းတောင်းဘဏ်ခွဲ ဖွင့်လှစ်



**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၈**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် ကျောက်ပန်းတောင်းဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါဘဏ်ခွဲတွင် ကျင်းပရာ တာဝန်ရှိသူများက ဘဏ်ခွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာလင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ယမန်နေ့ကဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ကျောက်ပန်းတောင်းဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၅၇ ခု မြောက်ဘဏ်ခွဲဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ ဈေးကွက်သစ်ရပ်ကွက် အမှတ် ၄၄၃ တွင် ဖွင့်လှစ်ထားရှိသည်။

**ချေးငွေများထုတ်ချေးပေး**

အင်းဝဘဏ်လီမိတက်သည် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့်အချိန်ကာလအပိုင်းအခြား အပေါ်မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီး လုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အီးယူက GSP ရုပ်သိမ်းခဲ့သော်လည်း မြန်မာ့ဆန်တင်ပို့မှု ထိခိုက်မည်မဟုတ်

**အီးယူက ကုန်သွယ်မှုအပေါ် အထူးအခွင့်အရေးပေးထားသည့် GSPကိုမြန်မာနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့မှ ပြန်လည်ရုပ်သိမ်းခဲ့မှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို စုစည်းဖော်ပြလိုက်ပါသည်-**



ဒေါက်တာစိုးထွန်း



ဦးအောင်သန်းဦး



ဦးနေလင်းဇင်

**ဒေါက်တာစိုးထွန်း**
**မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် စီအီးစီ**

ပြီးခဲ့တဲ့ရက်ပိုင်းက မြန်မာနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့ကို အီးယူကပေးထားတဲ့ GSP ကို ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်။ ဒါကတော့အီးယူမှာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်တဲ့နိုင်ငံတစ်နိုင်ငံက သူတို့လယ်သမားတွေ ထိခိုက်တယ်လို့ အီးယူကိုတင်ပြခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့အီးယူက မြန်မာနိုင်ငံကိုလာရောက်ဆွေးနွေးမှုတွေပြုလုပ်ခဲ့တာလည်းရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်ကြည့်မယ်ဆိုရင် ဆန်တင်ပို့မှုက အီးယူနိုင်ငံတွေကို ဆန်တန်ချိန် သုံးသိန်းခွဲလောက်တင်ပို့တယ်။ စုစုပေါင်း မြန်မာနိုင်ငံကပြီးခဲ့တဲ့နှစ်မှာ ဆန်တန်ချိန် သုံးသန်းခွဲ တင်ပို့တာဖြစ်လို့ အီးယူကိုပို့တာ စုစုပေါင်းတင်ပို့မှုရဲ့ ၁၀ ရာခိုင်နှုန်းပဲရှိပါတယ်။ တင်ပို့တဲ့ဆန်က ဆန်ကွဲများပါတယ်။ ဆန်ရှည်ဆန်ကောင်းက တန်ချိန် ငါးသောင်းလောက်ပဲရှိပါတယ်။ ဒီပမာဏကများတယ်လို့မဆိုနိုင်ပါဘူး။ များတာက ကမ္ဘောဒီးယားနိုင်ငံကပိုများတယ်။ ဆန်ရှည်ပို့တာများပါတယ်။ ဒါကြောင့်မို့လို့ ဈေးကွက် ဘယ်လိုဖြစ်သွားမလဲဆိုတာ မေးစရာရှိပါတယ်။ ဒါကတော့အပိုင်းနှစ်ပိုင်းရှိပါတယ်။ အီးယူကိုတင်ပို့နေတဲ့ ကုမ္ပဏီကိုမေးရင်တော့ ထိခိုက်တယ်လို့ဖြေမှာပေါ့။ သို့သော်လည်း ဆန်ကွဲတင်ပို့နေတဲ့သူကို မေးရင်တော့ မထိခိုက်ဘူးလို့ပြောပါလိမ့်မယ်။ တန်ချိန် သုံးသိန်းခွဲမှာ တန်ချိန် ငါးသောင်းလောက်ပဲ ဆန်ချောဆိုတော့ GSP ဖြုတ်လိုက်လည်းအများကြီး ထိခိုက်သွားတာမဟုတ်ဘူးလို့ထင်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကတင်ပို့နေတဲ့နိုင်ငံကတော့ နယ်စပ်ကနေတရုတ်နိုင်ငံကို တင်ပို့နေတာပါ။ စုစုပေါင်းတင်ပို့မှုရဲ့ ၆၀ ရာခိုင်နှုန်းရှိပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့နှစ်လ၊ သုံးလလောက်က အဆင်မပြေမှုတွေကြောင့် တရုတ်ကိုဆန်တင်ပို့မှု သိသိသာသာကျဆင်းခဲ့ပါတယ်။ ဒါလည်းနှစ်နိုင်ငံအစိုးရတွေကြား G to G သဘောတူညီမှုတွေရအောင်ဆောင်ရွက်သင့်ပါတယ်။

**ဦးအောင်သန်းဦး**
**မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ**

ကျွန်တော်တို့ကမနှစ်က အီးယူကို ဆန်တန်ချိန် သုံးသိန်းခွဲ လေးသိန်းနီးပါးပို့ခဲ့တယ်။ အဲဒီပို့တဲ့ထဲမှာ ဆန်ကွဲကများပါတယ်။ ဒီအတွက် ကျွန်တော်တို့နိုင်ငံအတွက် အများကြီးထိခိုက်တာမရှိပါဘူး။ သို့ပေမယ့် ဒါကိုအကြောင်းပြုပြီးတော့ တခြားဝယ်လက်တွေက ဈေးနှိမ်ဝယ်တာမျိုးတော့ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါလည်း ကျွန်တော်တို့အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဆောင်ရွက်မယ်ဆိုရင် ဒီအခက်အခဲကလည်း ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ဆန်လုံးရှည်အဓိကတင်ပို့တဲ့ ကမ္ဘောဒီးယားနိုင်ငံကိုသာထိခိုက်မှုဖြစ်နိုင်ပါတယ်။

လက်ရှိမှာတော့ မြန်မာ့ဆန်တင်ပို့မှုက တန်ချိန် ၁ ဒသမ ၈ သန်းလောက်တင်ပို့ပြီးသွားပါပြီ။ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်ကစပြီး ယခုအချိန်အထိပါ။ အဓိကကတော့ တရုတ်၊ အာဖရိက၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတွေကို တင်ပို့ပါတယ်။ ဈေးကွက်သစ်တွေလည်းရှာဖွေတွေ့ရှိထားပါတယ်။ ဘင်္ဂလားဒေ့ရှ်ကတော့ ပြီးခဲ့တဲ့နှစ်က ဆန်တန်ချိန် နှစ်သိန်းလောက်ဝယ်ပါတယ်။ ဒီနှစ်မှာတော့ အလှူရှင်နိုင်ငံတွေဆီကရထားတဲ့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူမှုကျဆင်းသွားခဲ့ပါတယ်။ မြန်မာ့ဆန်တင်ပို့မှုဟာ မနှစ်ကလောက်တော့ မရှိပေမယ့် တန်ချိန် ၂ ဒသမ ၆ သန်းလောက်တော့ ရောက်နိုင်ပါတယ်။

**ဦးနေလင်းဇင်**
**မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**
**တွဲဖက်အထွေထွေအတွင်းရေးမှူး**

ဒီနှစ်ထဲမှာ ဆန်စပါးနဲ့ပတ်သက်လို့ရိုက်ခတ်မှုက နှစ်ခုဖြစ်သွားပါတယ်။ တစ်ခုက တရုတ်နယ်စပ်ကုန်သွယ်ရေးကြောင့် မြန်မာ့ဆန်တင်ပို့မှုကျဆင်းခဲ့ရခြင်းပါ။ ကျွန်တော်တို့နိုင်ငံဘက်က တရားဝင်ဖြစ်ပေမယ့် တရုတ်နယ်စပ်မှာ တရားမဝင်ကုန်သွယ်မှုတွေကြောင့် မြန်မာ့ဆန်တင်ပို့မှုအခက်အခဲတွေရှိနေတာပါ။ အခုလည်း အီးယူက GSP ပြန်လည်ရုပ်သိမ်းသွားတဲ့အတွက် ရိုက်ခတ်မှုက နှစ်ခုဖြစ်လာနိုင်တယ်လို့ဆိုနိုင်ပါတယ်။သို့ပေမယ့် အီးယူက GSP ရုပ်သိမ်းမှုကြောင့် မြန်မာ့ဆန်တင်ပို့မှု ထိခိုက်လာတာလို့တော့ မဆိုနိုင်ပါဘူး။ ဒီရိုက်ခတ်မှုက အချိန်တစ်ခုစောင့်ပြီးမှအဖြေထုတ်လို့ရမှာဖြစ်ပါတယ်။ သေချာတာကတော့ ပြီးခဲ့တဲ့နှစ် ဆန်တန်ချိန် သုံးသန်းခွဲကိုတော့ ပြည့်မီမှာမဟုတ်ပါဘူး။ အီးယူကြောင့်မဟုတ်ပါဘူး။တရုတ်နယ်စပ်ရဲ့ မြန်မာ့ဆန်တင်ပို့မှု လျော့ကျလာခြင်းကြောင့်ဖြစ်ပါတယ်။ ဒီနှစ် ၂ ဒသမ ၂ သန်း ပြည့်မီအောင်တော်တော်ကြိုးစားတင်ပို့ရမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ မြန်မာ့ဆန်တင်ပို့မှုကို ပုဂ္ဂလိကအခန်းကဏ္ဍကသာ ဦးဆောင်နေတာပါ။ အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မယ်။ ဈေးကွက်သစ်တွေရှာဖွေပေးမယ်ဆိုရင် မြန်မာ့ဆန်တင်ပို့မှု ဒီထက်အောင်မြင်လာမှာဖြစ်ပါတယ်။

**မြင့်မောင်စိုး**

# အရှေ့တောင်အာရှ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိသူများ ဂုဏ်ပြု

**ရန်ကုန် ဇန်နဝါရီ ၁၈**

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များအားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲတွင်အောင်မြင်မှု ဆုတံဆိပ်များရရှိကြသည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ မြားပစ်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း ဂိတ်(၅)ရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇေသီဟက အဖွင့်အမှာစကားပြောကြားပြီး (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ အာဆီယံတက္ကသိုလ်များ မြားပစ်အားကစားပြိုင်ပွဲ Compound အမျိုးသမီးတစ်ဦးချင်းရှုံး၊ ထွက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စုစုလှိုင်အား ဂုဏ်ပြုဆုငွေကျပ်သိန်း ၃၀ ၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက Compound အမျိုးသမီး အသင်းလိုက် ရှုံး၊ ထွက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် စုစုလှိုင်၊ လှလှစံနှင့် ခက်ခက်တုံတို့အား ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြတ်သူရစိုးက Recurve အမျိုးသမီးအသင်းလိုက် ရှုံး၊ ထွက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဆန်းနုလွင်၊ သော်တာမြင့်၊ ခင်သက်သက်ဇွန်တို့အား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးတောက်ထွန်းက Recurve အမျိုးသားအသင်းလိုက် ရှုံး၊ ထွက်ပြိုင်ပွဲတွင် တတိယဆု ရရှိသည့် ဝေလင်းထွန်း၊ ဂေရှီ ကောင်းထက်လင်းတို့အား ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်အမှုဆောင်များအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**အား/ကာ**

## နိုင်ငံခြားအာမခံ ကုမ္ပဏီများအတွက် လုပ်ငန်းဆောင်ရွက်လိုမှုအဆိုပြုလွှာနှင့် အဆိုပြုလျှောက်လွှာများ ထုတ်ပြန်ခြင်း

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားအာမခံကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန်ကိစ္စကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာချက်အမှတ် (၁/၂၀၁၉) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ ကြေညာချက်နှင့်အညီ နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းများလုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိသည့် ပြည်တွင်းနှင့် နိုင်ငံခြားအာမခံကုမ္ပဏီများအားအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ပြုနိုင်ရေးအတွက် “လုပ်ငန်းဆောင်ရွက်လိုမှုဆန္ဒပြုလွှာ (Expression of Interest)”နှင့် “အဆိုပြုလျှောက်လွှာ (Request for Proposal)”တို့ကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဌာန၏ ဝက်ဆိုဒ် www.frd.gov.mmတွင် ရယူ (Download) နိုင်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ဖုန်း၊ ၀၆၇ ၃၄၁၀၁၅၂၊ ၀၆၇ ၃၄၁၀၁၅၆၄
Email :ins@frd.gov.mm
Webpage :www.frd.gov.mm

# စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ၊ ဇာတ်ညွှန်းရေးဆရာဦးတင်ကိုကို(ခ)ဆရာလွမ်းဝေနိုင် ကွယ်လွန်

**ရန်ကုန် ဇန်နဝါရီ ၁၈**
ဆရာလွမ်းဝေနိုင်ကို (ဦးသောင်းတင်+ဒေါ်တင်လှ) တို့က ၁၉၆၆ ခုနှစ်ဇွန်လ ၆ ရက်တွင် မွေးဖွားခဲ့သည်။



၁၉၉၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှဒဿနိကဗေဒ အထူးပြုဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး တက္ကသိုလ်ပညာ သင်ယူနေစဉ် သရဖူမဂ္ဂဇင်းတွင် ခေတ်လူငယ်တို့၏ အနုပညာခံစားမှုအိုင်ကျူကဏ္ဍတွင် တက္ကသိုလ်ကျောင်းသားတစ်ဦး၏အမြင်ကို ပြောဆိုဖွင့်ဟခြင်းဖြင့် စာပေနယ်ထဲသို့ ဝင်ရောက်ခဲ့သည်။

၁၉၈၈ နိုင်ငံရေးဖြတ်သန်းမှုများတွင် လူဘောင်သစ်ပါတီ၏ ရုံးအဖွဲ့မှူးအဖြစ် ပါဝင်ဆောင်ရွက်ကာ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ထို့နောက် ရတနာသစ်မဂ္ဂဇင်းတွင် ဘုံကလောင်ဖြစ်သော အောင်ဇေညွှန်းကလောင်ဖြင့် ငှားတာများတာ အားနာပါးနာ ဝေဖန်ရေး ဆောင်းပါးများ၊ မောင်နန်းမိုးကလောင်ဖြင့် သရော်စာများရေးသားခဲ့သည်။ ပေါ်ပြူလာဂျာနယ်၊ ရတီမဂ္ဂဇင်း၊ လျှပ်တစ်ပြက်ဂျာနယ်၊ ရှင်ဂျာနယ်၊ သမဂ္ဂဂျာနယ်၊ မန္တလေးအရုဏ်ဦးဂျာနယ်၊ Essential Days ဂျာနယ်တို့တွင် တာဝန်ခံအယ်ဒီတာ၊ အတိုင်ပင်ခံအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် ပါဗိုဟူသောဘုံကလောင်ကိုယူကာ နှစ်ယောက်တစ်အိပ်မက် ရုပ်ရှင်ဇာတ်ကားကြီး ဇာတ်ညွှန်းများရေးသားခဲ့သည့်အပြင် ပုံလာလာပြောတိုင်းယုံ၊ ပျော်ရွှင်ခြင်းကမ္ဘာ၊ မိုးသကြန်၊ ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ်၊ ဒုတိယမြောက်ဟန်နီးမွန်း၊ မျက်ရည်တိုက်ပွဲ၊ i love you အစရှိသည့် ရုပ်ရှင်ဗီဒီယိုဇာတ်ကားများအား ဇာတ်လမ်းဇာတ်ညွှန်းရေးသားခဲ့ပြီး နိုဗယ်စာပေပွဲတော်တွင် နှစ်နှစ်ဆက်တိုက် မဟာဆန်ချင်သူပြဇာတ်၊ သျှောင်ပေစူးတေး သရုပ်ဖော်များတွင်ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခဲ့သည်။ ကလောင်ခွဲများအဖြစ် ကိုကိုပေါ်လာ၊ ရော်ရည်ရွှယ်ရာ၊ မောင်နန်းမိုး၊ ကိုစိုင်း၊ ဖေသိန်းတင်၊ ဂျာနယ်သရဲတို့ဖြင့် ရေးသားခဲ့သည်။

စာရေးဆရာ၊ ကဗျာဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ အယ်ဒီတာ၊ တက္ကသိုလ်နည်းပြဟောင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ အလုပ်အမှုဆောင်ဖြစ်ခဲ့သူ ဦးတင်ကိုကို(ခ)လွမ်းဝေနိုင်(၅၃)နှစ်မှာကွယ်လွန်ချိန်ထိ SKY NET(MMPP)ဌာနတွင်လက်ထောက်အထွေထွေမန်နေဂျာ (ဇာတ်လမ်း၊ ဇာတ်ညွှန်းတာဝန်ခံ)အဖြစ် ထမ်းဆောင်ခဲ့သည်။ **ကြေးမုံ**



# စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ၊ ယမုံ ကွယ်လွန်

**ရန်ကုန် ဇန်နဝါရီ ၁၈**
စာရေးဆရာအမည်ရင်းမှာ ဦးမောင်မောင်မြင့်လွင်ဖြစ်ပြီး အဘဦးမြင့်လွင်+အမိဒေါ်လှမြင့်တို့က ၈-၁၀-၁၉၆၀ ခုနှစ်တွင် မွေးဖွားခဲ့သည်။ မွေးရပ်ဇာတိမှာ ချောက်မြို့ဖြစ်သည်။

၁၉၇၈ ခုနှစ်ထုတ် ရုပ်ရှင်ပဒေသာမဂ္ဂဇင်းတွင် "သစ်ရွက်ကလေးများဝမ်းသွားတဲ့အကြောင်း" ကဗျာကိုရေးသားကာ စာပေလောကသို့ ဝင်ရောက်ခဲ့သည်။

၁၉၈၅ ခုနှစ်တွင် စာရေးဆရာ မောင်သာချို၊ နေစိမ့်၊ ခင်လွန်းတို့နှင့်အတူ "ငါ့ကို ဇန်နဝါရီ ပြန်ပေး"ဟူသော ကဗျာစာအုပ်တွင် ပါဝင်ရေးသားခဲ့သည်။ "နာဂစ်"ဟူသော ကဗျာဖြင့် ၂၀၀၉ ခုနှစ်တွင် ရွှေအမြုတေကဗျာဆုကို ရရှိခဲ့သည်။ ဆရာယမုံသည် အိပ်မက်ဖူး၊ မိုး၊ စတိုင်သစ်၊ နွယ်နီ၊ ဒီလှိုင်းမဂ္ဂဇင်းများတွင် အယ်ဒီတာအဖြစ်လည်း ဆောင်ရွက်ခဲ့သူဖြစ်သည်။

ထို့ပြင် ဆရာယမုံသည် ၁၉၈၈ ခုနှစ်တွင် လူထုအရေးတော်ပုံအတွင်း မြန်မာနိုင်ငံ ကဗျာဆရာများသမဂ္ဂမှ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သူလည်းဖြစ်သည်။

ဆရာယမုံသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီ ၄၂ မိနစ်တွင် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ကွယ်လွန်သွားခဲ့ပြီး ကွယ်လွန်သွားချိန်တွင် အသက် ၅၉ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

**✻ ရွှေဖုံးမှ**
စနစ်များအား ပြည်သူများအတွက် ဝန်ဆောင်မှု စရိတ်သက်သာစွာ အသုံးပြုနိုင်ရေး လိုအပ်သောအစီအမံများ ပြုလုပ်သွားနိုင်ရေး၊ ငွေပေးချေမှုစနစ်များ လုံခြုံရေးနှင့် ပြည်သူလူထု၏ယုံကြည်မှုရရှိရေး စီစဉ်ဆောင်ရွက်သွားနိုင်ရေးနှင့်တရားမဝင်ငွေပေးချေမှုဝန်ဆောင်မှုလုပ်ငန်းများကို မိမိနိုင်ငံ၏ ငွေပေးချေမှုစနစ်အောက်တွင် ပါဝင်လာစေရေး ဆောင်ရွက်ရန် ပြောကြားသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်နှင့် နိုင်ငံတော်ငွေပေးချေမှုကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအလိုက် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စတုတ္ထအကြိမ်မြောက် ဒေသတွင်းမသန်စွမ်းမှုဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**
စတုတ္ထအကြိမ်မြောက် ဒေသတွင်း မသန်စွမ်းမှုဆိုင်ရာ ဆွေးနွေးပွဲ (4th Regional Disability Dialogue)ကို ရန်ကုန်မြို့ရှိ Park Royal Hotel ၌ ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသည် ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများ ပိုမိုလက်လှမ်းမီလာနိုင်စေရေးနှင့် အခွင့်အရေးများ မြှင့်တင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ရင်မောင်**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်မှ ၁၅ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | ယုံကြည်မှု | ခင်စောတင့် | မျိုးဆက်သစ် | ၂၅၀၀ |
| ၂ | ကြွင်းကျန်ရစ်သော | အေးမင်းစော | ဆန်းသော်တာ | ၂၀၀၀ |
| ၃ | မဟာစီပေတူး | ကောင်းဆက်ချစ်ပိုင် | ကောင်းကင်မေ | ၃၀၀၀ |
| ၄ | ရာသီမဲ့မိုး | နတ်ရဲ | ကိုလတ် | ၃၀၀၀ |
| ၅ | မို့ကဗျာ ကိုယ့်ကဗျာများ | ခင်မို့မို့နီ | စာပေခရီးသွား | ၂၅၀၀ |
| ၆ | စိတ်၏သားကောင်များ | ဖြိုးဝေ(မဟာဝိဇ္ဇာ) | B2B | ၂၅၀၀ |
| ၇ | လူထုကဗျာ | မောင်သာနိုး | နှစ်ကာလများ | ၂၀၀၀ |
| ၈ | လဝန်းစက်ဝိုင်း ထက်ပိုင်းဖြတ်ကြွေ | နုနုရည်(အင်းဝ) | စိတ်ကူးချိုချို | ၄၀၀၀ |
| ၉ | နှင်းဆီပန်းက ဘုရားဖူးခြင်း | မောင်ကိုကို (အမရပူရ) | အိပ်မက်ရိပ် | ၂၅၀၀ |
| ၁၀ | ကလေးကျန်းမာရေးဆိုင်ရာ အယူအဆမှားများပေါင်းချုပ် | ပါမောက္ခရဲမြင့်ကျော် | နန်းဒေဝီ | ၆၀၀၀ |
| ၁၁ | မျောက်၊ စိတ်၊ မိကျောင်းဦးနှောက်နှင့် ထူးခတ်ထားတဲ့ ဆင်နှင့်အခြားစာစုများ | ဒေါက်တာအောင်မျိုး | မျိုးဆက်သစ် | ၂၅၀၀ |
| ၁၂ | EMINEM နှင့် ဒီထရိုက်ရပ်လောက | မင်းသူအောင် | အိပ်မက်သစ် | ၄၅၀၀ |
| ၁၃ | ရွှေတိုင်းပြည်နဲ့ ငွေညော့်သည် | ဆူးသစ်နီ | ယဉ်မျိုး | ၂၅၀၀ |
| ၁၄ | မင်းမှာသစ္စာ လူမှာကတိ | နတ်နွယ် | စိတ်ကူးချိုချို | ၃၅၀၀ |
| ၁၅ | အချိန်စီမံခန့်ခွဲမှုပညာ | ကြည်ရွှန်း | Wisdom house | ၂၅၀၀ |
| ၁၆ | ပုတီးစိပ်နည်းအမျိုးမျိုးနှင့် အကျိုးကျေးဇူးများ | ဂမ္ဘီရဆရာ လှမျိုး (B.SC) | စာပေနန်းတော် | ၄၀၀၀ |
| ၁၇ | ဟိုက္ကူကဗျာ မြည်းစရာ | မင်းသုဝဏ် | စိတ်ကူးချိုချို | ၁၇၀၀ |
| ၁၈ | ခေါင်းဆောင်မှု | ကောင်းသာ | ပန်းဆက်လမ်း | ၂၅၀၀ |
| ၁၉ | ရန်ကုန်မြို့မှာ ၁၊ ၂၊ ၃၊ ၄၊ ၅ | မောင်ကိုကို (အမရပူရ) | စိတ်ကူးချိုချို | ၁၇၀၀ |
| ၂၀ | ချစ်ခြင်းတွေနဲ့ ဘေးကင်းအောင်ကာကွယ် | ဒေါက်တာမေမွန် | Favourite book | ၃၀၀၀ |
| ၂၁ | ညမင်းကျော် (သို့) စကြဝဠာခရီးသည် | ကလောင်စုံ | ရှင်မတောင် | ၆၀၀၀ |
| ၂၂ | ခမ္မစကား | ပါရဂူ | စိတ်ကူးချိုချို | ၂၂၀၀ |
| ၂၃ | နဝရတ်ကိုးပါး | လင်းသိုက်ညွှန့် (မြန်မာ့မြေ) | မြန်မာ့မြေ | ၅၀၀၀ |
| ၂၄ | မြန်မာစကားနှင့်စာ | - | စာပေနန်းတော် | ၂၅၀၀ |
| ၂၅ | စာပေဆွေးနွေးပွဲ | သော်တာဆွေ | စိတ်ကူးချိုချို | ၁၈၀၀ |
| ၂၆ | အလုပ်သမားရေးရာသိမှတ်စရာ -၂ | ဦးအောင်သန်း | ရှုတိုင်းယဉ် | ၃၅၀၀ |
| ၂၇ | ကမ္ဘာကျော်စစ်ပညာရှင်ကြီး ဟန်နီဘော | ရဲဘော်ဖေသန်း | စိတ်ကူးချိုချို | ၃၈၀၀ |
| ၂၈ | ချမ်းသာတဲ့ရင်သွေး ထက်မြက်တဲ့ရင်သွေး | လမင်းသောင်းထွန်း | စိတ်ကူးချိုချို | ၄၀၀၀ |
| ၂၉ | စတော့ဈေးကွက် လူလည်များ | ဇင်သန့် | စိတ်ကူးချိုချို | ၃၅၀၀ |
| ၃၀ | ချစ်ခြင်းတို့ဆုံစည်းရာ (ပထမအရွယ်ခံစားမှုများ) | ဝေးနေသူ | မျိုးဆက်သစ် | ၄၀၀၀ |
| ၃၁ | ဘုံတွေဆင့်လို့ နာရီစင်ခေါင်မိုးတွင် | ဆူးငှက် | စိတ်ကူးချိုချို | ၂၂၀၀ |
| ၃၂ | ဘာကြောင့်အမျိုးသားတွေ အသက်တိုကြတာလဲနှင့် အစားအစာ ဆေးဝါးဆိုင်ရာ ကျန်းမာရေးစာစု | ဆရာဝန်လေးတင် | စိတ်ကူးချိုချို | ၃၅၀၀ |
| ၃၃ | အအေးချိန် | ခိုင်မင်းဆက် | ထီလာဝန်ဇင်း | ၁၅၀၀ |
| ၃၄ | စစ်သားအိတ်ဆောင် | သာခု | စိတ်ကူးချိုချို | ၃၅၀၀ |
| ၃၅ | ဘဝဆိုင်ရာ တစ်ကိုယ်ရေစည်းမျဉ်း-၁၀၀ | အောင်စည်သာ | စိတ်ကူးချိုချို | ၂၇၀၀ |
| ၃၆ | ပန်းနုရောင် အိပ်မက်အလွမ်းအက်ဆေး | ရွှေဒါးမောင်လေးရည် | စိတ်ကူးချိုချို | ၂၃၀၀ |
| ၃၇ | ချစ်ရခင်ရ လေးစားရသူများအကြောင်း အမှတ်တရ ရုပ်ပုံလွှာ | ညွှန့်သစ် | နှစ်ကာလများ | ၃၀၀၀ |
| ၃၈ | မဟာဂန္ဓာရီ ခရီးလမ်းပေါ်က မနိကာရဆရာလှိုင် | လှိုင်ဘွားကျော် | စိတ်ကူးသစ် | ၂၅၀၀ |
| ၃၉ | ဂမ္ဘီရလက်ဆောင် | လင်းရောင်တင် | စာပေနန်းတော် | ၂၅၀၀ |
| ၄၀ | ကိုယ်သာလျှင် ကိုယ့်ဘဝသခင် | ဦးဝင်းတင် (English for all) | လောကသစ် | ၃၀၀၀ |
| ၄၁ | ကြွေးမြီကင်းသောဘဝနေမှု | ဒေါက်တာသာထွန်းဦး | တူဒေး | ၃၀၀၀ |
| ၄၂ | အသေးစားငွေရေးကြေးရေး လုပ်ငန်း (microfinance)အား စနစ်တကျစီမံခန့်ခွဲခြင်း | N လွင် | ထက်ထက်အောင် | ၂၅၀၀ |
| ၄၃ | ကိုယ်တွေ့အန္တရာယ်ကင်း ဗုဒ္ဓဂုဏ်တော်များ | မောင်ရင့်ကျူး (မြောင်းမြ) | ရန်အောင်-၁ | ၁၅၀၀ |

# အယ်လိဇဘတ် ဘုရင်မကြီး၏ ကြင်ယာတော် မင်းသားကြီး ဖိလစ် ယာဉ်မတော်တဆမှုဖြစ်ပွား



**လန်ဒန် ဇန်နဝါရီ ၁၈**

အယ်လိဇဘတ်ဘုရင်မကြီး၏ ကြင်ယာတော် မင်းသားကြီး ဖိလစ်သည် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း ဘာကင်ဟမ်နန်းတော်က ထုတ်ပြန်ချက်တစ်ရပ် ကြေညာခဲ့သည်ဟု ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အသက် ၉၇ နှစ်အရွယ် မင်းသားကြီး ဖိလစ်သည် မော်တော်ယာဉ်ကို ကိုယ်တိုင်မောင်းရာမှ ဆန်ဒရင်ဂမ် ဥယျာဉ်အိမ်ရာအနီး၌ မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့သော် ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းကြောင့် ထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း နန်းတော်၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

မင်းသားကြီးဖိလစ်ကိုယ်တိုင် မောင်းလာသည့်ယာဉ်သည် အခြားမော်တော်ယာဉ်တစ်စီးနှင့် တိုက်မိကာ တိမ်းမှောက်သွားခဲ့သည်ဟု မျက်မြင်တွေ့သူများက ဆိုသည်။

အခင်းဖြစ်ပွားရာနေရာ၌ မင်းသားကြီးအား တိမ်းမှောက်သွားသည့်ယာဉ်အတွင်းမှ ဆွဲထုတ်နိုင်ခဲ့သည်။ မင်းသားကြီးသည် သတိမေ့မြောခြင်းမရှိသော်လည်း အလွန်စိတ်လှုပ်ရှားလျက်ရှိသည်ဟု မျက်မြင်တွေ့သူများက ဆက်လက်ပြောကြားသည်။

ထို့ပြင် မင်းသားကြီး၏ မော်တော်ယာဉ်နှင့် တိုက်မိခဲ့သည့် ဆလွန်းကားတွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်နှစ်ဦးသည် ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့သော်လည်း စိုးရိမ်ဖွယ်မရှိကြောင်း နန်းတော်၏ ထုတ်ပြန်ချက်တွင် ပါရှိကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# အင်ဒိုနီးရှားသမ္မတ ရွေးချယ်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းနှစ်ဦး ပထမဆုံးအကြိမ် စကားစစ်ထိုး




**ဂျကာတာ ဇန်နဝါရီ ၁၈**

ယခုနှစ်ဧပြီလတွင် ကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံ သမ္မတရွေးချယ်ပွဲကိုဦးတည်၍ ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းနှစ်ဦး၏ ရုပ်မြင်သံကြား၌ ပထမဆုံးအကြိမ် စကားစစ်ထိုးပွဲကို ဇန်နဝါရီ ၁၇ ရက်တွင် ပြုလုပ်သည်။

လက်ရှိတာဝန်ထမ်းဆောင်ဆဲ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ၎င်း၏ ယှဉ်ပြိုင်ဘက်စစ်ဘက်ခေါင်းဆောင်ဟောင်း ပရာဘိုဝို ဆူဘီရန်ကိုတို့သည် အကြမ်းဖက်ဝါဒနှင့် လူ့အခွင့်အရေးအပါအဝင် အခြားသောအရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

အကြမ်းဖက်ဝါဒဆန့်ကျင်ရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် ပြည်သူများ အစွန်းရောက်အတွေးအခေါ်များ ပေါ်ပေါက်ရခြင်းမှာ ၎င်းတို့၏ ဆင်းရဲနွမ်းပါးမှု သို့မဟုတ် လူ့အဖွဲ့အစည်း၏ မညီမျှမှုများကြောင့် ဖြစ်ရကြောင်း၊ ယင်းပြဿနာကို ပညာရေး၌ ရင်းနှီးမြှုပ်နှံမှုပြုခြင်းနှင့် အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် မိမိအနေဖြင့် ဖြေရှင်းပေးနိုင်ကြောင်း ပရာဘိုဝိုက ပြောကြားသည်။

ပရာဘိုဝို၏ ပြောကြားမှုများကို တုံ့ပြန်ရာတွင် သမ္မတ ဂျိုကိုဝီဒိုဒိုက ၎င်း၏ အောင်မြင်မှုများကို အလေးပေးပြောကြားခဲ့ပြီး ၎င်း၏ သမ္မတ ဒုတိယသက်တမ်း၏ ရည်မှန်းချက်များကို ပြောကြားခဲ့သည်။ ၎င်းအနေဖြင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးကို ဥပဒေများ ပြုပြင်ပြောင်းလဲခြင်းဖြင့် အရှိန်မြှင့်ပြုလုပ်နေကြောင်း ဝီဒိုဒိုက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်အတွင်းက အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဆူရာဘာရာတွင် ခရစ်ယာန်ဘာသာဝင်များ၏ ဝတ်ကျောင်းများကို ပစ်မှတ်ထားသည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ အစီအရီဖြစ်ပွားခဲ့သည်။

အင်ဒိုနီးရှားသမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းနှစ်ဦးသည် ရုပ်မြင်သံကြားမှ စကားစစ်ထိုးခြင်းကို သုံးကြိမ်ထက် ပိုမိုပြုလုပ်ရဦးမည်ဖြစ်ပြီး ဆင်းရဲမွဲတေမှု၊ စီးပွားရေးမူဝါဒနှင့် အခြားသောအရေးကိစ္စများ၌ ၎င်းတို့၏ အမြင်များကို ဖလှယ်ကြရဦးမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# လေ့ကျင့်ပျံသန်းစဉ် တိုက်မိပြီး ပျက်ကျခဲ့သည့် ရုရှားတိုက်လေယာဉ် နှစ်စင်းမှ လေယာဉ်မှူးနှစ်ဦးအား ကယ်ဆယ်နိုင်ခဲ့

**မော်စကို ဇန်နဝါရီ ၁၈**

ဂျပန်ပင်လယ်ပြင်ပေါ် ကောင်းကင်ယံ၌ လေ့ကျင့်ပျံသန်းနေစဉ် တိုက်မိခဲ့ပြီး ပျက်ကျခဲ့သော ရုရှားလေတပ်မှ အက်စ်ယူ-၃၄ အမျိုးအစား ဂျက်တိုက်လေယာဉ်နှစ်စင်း၏ လေယာဉ်မှူးနှစ်ဦးအား ရှာဖွေကယ်ဆယ်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

ယင်းလေယာဉ်မှူး နှစ်ဦးအား ကယ်ဆယ်ရေးရဟတ်ယာဉ်ဖြင့် သယ်ဆောင်သွားပြီး ၎င်းတို့မှာ စိုးရိမ်ဖွယ်အခြေအနေမရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

ဇန်နဝါရီ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၇ မိနစ်ခန့်တွင် ဂျပန်ပင်လယ်ကောင်းကင်ယံ၌ လေ့ကျင့်ပျံသန်းနေသည့် ရုရှားလေတပ်မှ လေယာဉ်နှစ်စင်း တိုက်မိခဲ့ကြောင်း၊ အဆိုပါ လေယာဉ်များ၌ စစ်လက်နက်ပစ္စည်းများမပါရှိကြောင်းနှင့် လေယာဉ်အဖွဲ့သားများသည် လေယာဉ်များမှ ဘေးကင်းစွာခုန်ထွက်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက အစောပိုင်းတွင် ပြောကြားခဲ့သည်။

အက်စ်ယူ-၃၄ အမျိုးအစားလေယာဉ်များသည် ရာသီစုံသုံး အသံထက်မြန်သော တာလတ်ပျံသန်းနိုင်သည့် ဗုံးကြဲတိုက်လေယာဉ်များဖြစ်သည်။

၁၉၉၀ ပြည့်နှစ်တွင် အက်စ်ယူ-၃၄ အမျိုးအစားလေယာဉ်အား ပထမဆုံးအကြိမ် စမ်းသပ်ပျံသန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရုရှားလေတပ်၌ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ **ဆင်ဟွာ**



# ဂျပန်နိုင်ငံမှ ဂြိုဟ်တုခုနစ်လုံး တင်ဆောင်သည့် ဒုံးပျံတစ်စင်းလွှတ်တင်

**တိုကျို ဇန်နဝါရီ ၁၈**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာရိုရှီးမားစီရင်စုရှိ ယူချီနိုရာအာကာသစခန်းမှ ဂြိုဟ်တုငယ်ခုနစ်လုံး တင်ဆောင်လာသည့် ၂၆ မီတာအရှည်ရှိ အပ်စီလွန်ဖိုးဒုံးပျံတစ်စင်းကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက လွှတ်တင်ခဲ့သည်ဟု အင်န်အိတ်ချ်ကေ သတင်းဌာနမှ သိရသည်။

အဆိုပါ ဒုံးပျံစတင်လွှတ်တင်ပြီး မိနစ် ၅၀ အကြာတွင် အကြီးဆုံးဂြိုဟ်တုမှာ ပင်လယ်ရေမျက်နှာပြင်အထက် ၅၁၄ ကီလိုမီတာအမြင့် ဂြိုဟ်ပတ်လမ်းအတွင်း အောင်မြင်စွာနေရာယူသွားလာနိုင်ခဲ့သည်။ ကျန်ရှိသည့် ဂြိုဟ်တုခြောက်လုံးကို တစ်ခုပြီးတစ်ခု လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန် အာကာသလေ့လာရေးအေဂျင်စီ (ဂျေအေအိတ်စ်အေ)က ကမ္ဘာပတ်လမ်းအတွင်း ဂြိုဟ်တုငယ်များ ကုန်ကျစရိတ်အနည်းဆုံးဖြင့် လွှတ်တင်သွားရန် ရည်ရွယ်၍ အပ်စီလွန်ဒုံးပျံများကို တည်ဆောက်ခဲ့သည်။ အပ်စီလွန်ဝမ်းဒုံးပျံကို လွန်ခဲ့သည့်ခြောက်နှစ်က လွှတ်တင်ခဲ့သည်။

အပ်စီလွန်ဖိုးဒုံးပျံတွင် တင်ဆောင်လာသည့် ဂြိုဟ်တုခုနစ်လုံးကို ပုဂ္ဂလိကပိုင်ကုမ္ပဏီများနှင့် တက္ကသိုလ်များက တည်ဆောက်ခဲ့သည်။ ယင်းတို့အထဲမှ ဂြိုဟ်တုတစ်လုံးမှာ ပစ္စည်းကိရိယာနှင့် ကင်မရာများ အသုံးပြုပြီး ရုပ်သံစမ်းသပ်ထုတ်လွှင့်သွားမည်ဖြစ်ပြီး ကျန်ရှိသည့် ဂြိုဟ်တုများမှာ ဥက္ကာပျံအတုများ တီထွင်ဖန်တီးရန် ကြိုးပမ်းလိမ့်မည်ဖြစ်သည်။

ပုဂ္ဂလိက အာကာသစူးစမ်းလေ့လာရေးကို အားပေးတိုက်တွန်းသည့် ကြိုးပမ်းမှုတစ်ခုအဖြစ် ဂျေအေအိတ်စ်အေက အပ်စီလွန်ဖိုးဒုံးပျံကို ဂျပန်ယန်း ၅ ဒသမ ၅ ဘီလီယံ (ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံ) အကုန်အကျခံကာ တည်ဆောက်ခဲ့သည်။ ယခုလွှတ်တင်လိုက်သည့် အပ်စီလွန်ဒုံးပျံမှာ ပထမဆုံးအကြိမ် ဂြိုဟ်တုများ တင်ဆောင်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



# အမေရိကန်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဒါဗို့စ်ခရီးစဉ်အား ပယ်ဖျက်

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

လာမည့်ရက်သတ္တပတ်တွင် ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်၌ ကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ်အစည်းအဝေးသို့ အမေရိကန်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား စေလွှတ်မည့်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း အမေရိကန်သမ္မတအိမ်ဖြူတော် သတင်းပြန်ကြားရေးအရာရှိ ဆာရာဆန်းဒါးစ်က ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

ဇန်နဝါရီ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်၌ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ခရီးစဉ်ဖျက်သိမ်းခြင်းနှင့် ပတ်သက်၍ အမေရိကန်အစိုးရလုပ်ငန်းများ တစ်စိတ်တစ်ပိုင်းရပ်ဆိုင်းနေခြင်းအပေါ် ဆာရာဆန်းဒါးစ်က ပြစ်တင်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၎င်းအနေဖြင့် ဒါးဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်မည်မဟုတ်ကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။ သို့သော်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနူချင်၊ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို၊ ကုန်သွယ်ရေးဝန်ကြီး ဝီလ်ဗာရို့စ်နှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်မီဇာတို့ ဒါဗို့စ်ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ သွားရောက်မည်ဟု ဇန်နဝါရီ ၁၅ ရက်တွင် အမေရိကန်သမ္မတ အိမ်ဖြူတော်က ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

❖ **ကျောဖုံးမှ**

သံတမန်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ ဂီတပွဲတော်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ၅ ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်သည်။

**ပေါင်းစည်းနိုင်ခဲ့**

ဂျပန်နိုင်ငံမှ ဂီတမှူး Mr. Yunosoke Yamamoto က "အခုလိုဖျော်ဖြေဖို့ တစ်နှစ်လောက် အချိန်ယူပြီး ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။ ဂီတပုံစံနဲ့ တူရိယာပစ္စည်းတွေ မတူတဲ့အပြင် နှစ်နိုင်ငံ ယဉ်ကျေးမှုပုံစံတွေ၊ ဘာသာစကားတွေ ကွာခြားတဲ့အတွက် ပေါင်းစပ်ဖို့ အခက်အခဲတွေရှိခဲ့ပါတယ်။ ဒါပေမယ့် ဂီတဆိုတဲ့ အမျိုးအစားမှာ အားလုံးပေါင်းစည်းနိုင်ခဲ့တဲ့အတွက် အားလုံး အဆင်ပြေသွားပါတယ်။ ယခုလို ဂီတအနုပညာ၊ ယဉ်ကျေးမှုတွေကို ဖလှယ်ခြင်းဖြင့် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတွေ ပိုပြီးခိုင်မာလာမယ်လို့ယုံကြည်ပါတယ်"ဟု ပြောသည်။

ဂီတဖျော်ဖြေပွဲတွင် နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင် ၆၀ ၊ နိုင်ငံတော်ဆိုင်းဝိုင်းမှ လေးဦး၊ ဂျပန်အနောက်တိုင်းဂီတပညာရှင် ၁၅ ဦး၊ ဂျပန်ရိုးရာဂီတပညာရှင် လေးဦး၊ ဂီတမိတ်အဖွဲ့နှင့် အင်းစိန်ဂီတအဖွဲ့တို့မှ အဆိုရှင် ၄၅ ဦး အပါအဝင် ဂီတပညာရှင် ၁၂၀ ကျော်တို့ဖြင့် အနောက်တိုင်းဂန္တဝင်တေးဂီတများ၊ ကာတွန်း၊ ပြဇာတ်နှင့် အခြားသော ဇာတ်ဝင်တေးသွားများ၊ မြန်မာသံစဉ်တေးသွားများဖြစ်သည့် နားပန်းဆံ၊ ရွှေဘိုသနပ်ခါးနှင့် မန်းတောင်ရိပ်ခို သီချင်းတို့ကို တီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။

စမ်းချောင်းမြို့နယ်မှ ကိုချစ်ဦးက "ဒီလို သံစုံတီးဝိုင်းဆိုတာက ကြုံရခဲပါတယ်။ အနောက်တိုင်းနဲ့ မြန်မာ သံစဉ်တွေကို ပေါင်းစပ်ပြီး တီးခတ်ဖျော်ဖြေတဲ့အတွက် ထူးခြားတဲ့ ရသမျိုးခံစားရတယ်။ နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက်လည်း ပိုမိုကောင်းမွန်လာနိုင်မှာဖြစ်သလို မြန်မာသံစဉ်တွေကိုလည်း ပြည်ပနိုင်ငံတွေက ပိုပြီးသိရှိသွားနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့် ဂီတပွဲတော်သည် ဇန်နဝါရီ ၂၄ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)၌ ဖွင့်လှစ်မည့် ဂျပန်ဖောင်ဒေးရှင်း ရုံးသစ်ဖွင့်ပွဲနှင့် Mekong - Japan Exchange Year 2019 အထိမ်းအမှတ်အဖြစ် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



မြဝတီနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်နေစဉ်။

❂ **အမျိုးသမီးလိဂ်မှ**

အရေးပါသည့်ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး လက်ရွေးစင်ကစားသမားများ အပါအဝင် လူစုံအသုံးပြုခဲ့သော်လည်း ကစားသွားသည့် ခြေစွမ်းမှာ အကြိတ်အနယ် မရှိဘဲ သာမန်ပွဲတစ်ပွဲဖြင့်သာ ပြီးဆုံးခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး၏ ခြေစွမ်းမှာ သာမန်သာရှိသောကြောင့် ပွဲအေးတစ်ပွဲဖြစ်ခဲ့ပြီး ဒုတိယပိုင်းမှသာ အပြန်အလှန်ရှိခဲ့သည်။ သို့သော် မြဝတီအသင်းက ပိုမိုထိုးဖောက်နိုင်ခဲ့ပြီး မိနစ် ၈၀ တွင် တစ်လုံးတည်းသောအနိုင်ဂိုး ရခဲ့သည်။ ယင်းဂိုးကို တိုက်စစ်မှူး ဝင်းသီဂီထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန် အသင်းသည် သရေကျရုံဖြင့် ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်သော်လည်း ပုံစံကောင်းပြသနိုင်ခြင်းမရှိသလို တိုက်စစ်ကစားပုံမှာလည်း မြဝတီနောက်တန်းကို မကျော်နိုင်၍ ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။

ပထမအကျော့အပြီးတွင် မြဝတီအသင်းက ၁၉ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး သစ္စာအားမာန်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ၁၆ မှတ်စီတူသော်လည်း ဂိုးကွာခြားချက်ဖြင့် အား/ကာသိပ္ပံက ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့ကာ သစ္စာအားမာန်အသင်းမှာမူ တတိယနေရာအထိ ဆင်းပေးခဲ့ရသည်။ ယင်းအသင်းများနောက်တွင် အား/ကာဦးစီးဌာန အသင်းက ၁၁ မှတ်၊ YREO အသင်းက ၁၀ မှတ်၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ ဂန္ဓမာအသင်းက သုံးမှတ်ရထားပြီး တက္ကသိုလ်အသင်းက ပွဲအားလုံးအရေးနိမ့်ကာ အမှတ်မရခဲ့ပေ။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

❍ **တိုင်းဒေသကြီးနှင့် ပြည်နယ်မှ**

တနင်္သာရီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၁၉ ရက် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၁)၌ မွန်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၃)၌ ကချင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပါ၍ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**အား/ကာ**




# ဘာစီလိုနာအသင်းက လီဗန်တေးကို သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ စပိန်ဘုရင့်ဖလားဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်း

ဘာစီလိုနာအသင်းဟာ လီဗန်တေးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်ဘုရင့်ဖလားကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့မှာ လီဗန်တေးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းလာခဲ့ပြီဖြစ်ပါတယ်။

ဘာစီလိုနာအသင်းနဲ့ လီဗန်တေးအသင်းတို့ယှဉ်ပြိုင်ကစားခဲ့တဲ့ အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ပထမအကျော့ပွဲစဉ်မှာတော့ ဘာစီလိုနာအသင်းက လီဗန်တေးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒါကြောင့် ဘာစီလိုနာအသင်းက လီဗန်တေးအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးနဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းလာခဲ့တာဖြစ်ပါတယ်။

စပိန်ဘုရင့်ဖလားကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၃၀ နဲ့ ၃၁ မိနစ်မှာ ဒမ်ဘီလီက သွင်းယူခဲ့ပြီး ပွဲကစားချိန် ၅၄ မိနစ်မှာတော့ မက်ဆီက သွင်းယူခဲ့တာဖြစ်ပါတယ်။

မက်ဆီဟာ အခုပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဘာစီလိုနာအသင်းနဲ့အတူ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ ခုနစ်ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့မှတ်တမ်းလည်း တင်နိုင်ခဲ့ပါတယ်။




# ကွင်းလယ်ကစားသမား ဖယ်လိုင်နီ ဒဏ်ရာကြောင့် တစ်လကြာအထိ အနားယူရမည်

မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမား ဖယ်လိုင်နီဟာ ခြေသလုံးဒဏ်ရာရရှိထားခြင်းကြောင့် သီတင်းပတ်သုံးပတ်မှ လေးပတ်အထိ အနားယူရမည်ဖြစ်တယ်လို့ ယာယီနည်းပြဆိုးရှားက ပြောကြားခဲ့ပါတယ်။

နည်းပြဆိုးရှားလက်ထက် ခြောက်ပွဲကိုင်တွယ်ခဲ့ရာတွင် ဘယ်ဂျီယံကြယ်ပွင့် ဖယ်လိုင်နီအနေနဲ့ ၃၁ မိနစ်သာလျှင် ပွဲထွက်ကစားခွင့်ရရှိထားသူဖြစ်ပြီး လေ့ကျင့်ရေးကွင်းမှာ ဒဏ်ရာရရှိခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းမှာ ကွင်းလယ်ကစားသမားဖယ်လိုင်နီ ဒဏ်ရာကြောင့် ပါဝင်လာမှာမဟုတ်ပေမယ့် ပြီးခဲ့တဲ့တစ်ပတ်က စပါးအသင်းနဲ့ ပွဲစဉ်မှာ လွဲချော်ခဲ့တဲ့ တိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်ကတော့ စနေနေ့မှာ ဘရိုက်တန်အသင်းကို အိုးထရက်ဖို့ဒ်မှာ ဧည့်ခံကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်မှာ ပါဝင်လာမှာဖြစ်ပါတယ်။

ဖယ်လိုင်နီ ခြေသလုံးဒဏ်ရာရရှိခဲ့တာနဲ့ ပတ်သက်လို့လည်း နည်းပြဆိုးရှားက ဝမ်းနည်းမိကြောင်းပြောကြားခဲ့ပါတယ်။

မန်ယူအသင်းကစားသမားတွေထဲမှာ နောက်တန်းကစားသမားတွေဖြစ်တဲ့ ရိုဂျိုနဲ့ စမောလင်းတို့ဟာလည်း လက်ရှိအချိန်အထိ ကြံ့ခိုင်မှုမပြည့်ဝသေးတာကိုလည်း နည်းပြဆိုးရှားက ပြောခဲ့ပါတယ်။

# လက်စတာတောင်ပံကစားသမား အယ်လ်ဘရိုက်တန် စာချုပ်သစ်တစ်ရပ် ချုပ်ဆို

လက်စတာစီးတီးအသင်းရဲ့ တောင်ပံကစားသမားတစ်ဦးဖြစ်တဲ့ အယ်လ်ဘရိုက်တန်ဟာ ၂၀၂၂ ခုနှစ်အထိ လက်စတာစီးတီးအသင်းမှာ ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုလိုက်တယ်လို့ သိရပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ တောင်ပံကစားသမား အယ်လ်ဘရိုက်တန်ဟာ ၂၀၁၄ ခုနှစ်အတွင်းက အက်စ်တွန်ဗီလာအသင်းကနေ လက်စတာစီးတီးအသင်းကို ပြောင်းရွှေ့လာတာဖြစ်ပြီး လက်စတာစီးတီးအသင်းနဲ့အတူ ပွဲပေါင်း ၁၇၀ ကျော်ကစားပေးခဲ့အပြီးမှာ သွင်းဂိုး ၁၃ ဂိုး သွင်းယူပေးထားတာဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘောလုံးရာသီအတွင်းက လက်စတာစီးတီးအသင်း ပရီမီယာလိဂ်ဖလား ရရှိခဲ့ချိန်မှာ အသင်းရဲ့အဓိကကစားသမား တစ်ဦးအဖြစ် ပါဝင်ခွင့်ရရှိခဲ့တာဖြစ်ပြီး လက်စတာစီးတီးအသင်းရဲ့ ပထမဆုံးသော ချန်ပီယံလိဂ်သွင်းဂိုးကိုလည်း အယ်လ်ဘရိုက်တန် သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အဲဒီအချိန်ကတည်းက အယ်လ်ဘရိုက်တန်ကို စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းခဲ့တယ်လို့လည်း ကစားသမားက ဆိုပါတယ်။




**ငွေကြယ် - ရေးသားသည်**

## တရားလွှတ်တော်ရှေ့နေ ဦးကိုနီအသတ်ခံရမှု အကြိမ် (၁၀၂)မြောက် ရုံးချိန်း၌ ခံပြသက်သေတစ်ဦး စစ်မေးအပြီး ကြားဖြတ်အမိန့်ချမှတ်

**ရန်ကုန် ဇန်နဝါရီ ၁၈**
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီ သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံခံရမှုသည် ၂၀၁၇ ခုနှစ် မတ် ၃ ရက်မှစတင်ကာ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ အထူးခုံဖွဲ့စစ်ဆေးလျက်ရှိသည့်အမှု ဖြစ်သည်။ အမှုနှင့်ပတ်သက်၍ ယနေ့ ရုံးချိန်းပေါင်း ၁၀၂ ချိန်းမြောက်တွင် စစ်ဆေးရန် ကျန်ရှိနေသော ခံပြသက်သေ နှစ်ဦးအနက် ဖေယျာဖြိုးဘက်က သက်သေဦးအဂ္ဂကို ယနေ့နံနက် ၁၀ နာရီမှ ရုံးချိန်ကုန်ဆုံးသည့်တိုင် စစ်မေးမှုပြုလုပ်ခဲ့ကြောင်းနှင့် ကြားဖြတ်အမိန့်တစ်ခု ချမှတ်ခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ (ယာယီ)ဒုတိယခရိုင်တရားသူကြီး-၅ ဦးမောင်မောင်အေးက "ကျွန်တော်တို့ အထူးခုံရုံးမှာ စစ်ဆေးနေတဲ့ လူသတ်မှုကနေ ဒီကနေ့ ခံပြသက်သေနှစ်ဦး စစ်ဖို့ ဆင့်ခေါ်ထားရာမှာ ဖေယျာဖြိုးဘက်ကတင်ပြတဲ့ ခံပြသက်သေတစ်ဦး လာတယ်။ လာတဲ့ခံပြသက်သေ ဦးအဂ္ဂကို စစ်ဆေးခဲ့ပါတယ်။ ကျန်ရှိနေတဲ့ အောင်ဝင်းဇော်ဘက်က တရားခံပြသက်သေ ရဲမှူးကြီး ဝင်းမင်းသိန်းက ရောက်မလာဘူး။ သူက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တိုင်းတရားဦးစီးရုံးကို လိပ်မူပြီး စာအမှတ်-၁၀၀၅ (၀၁)/၆၀၁ ဦး ၄၀ နဲ့ စာတင်တယ်။ တရားခံပြသက်သေအနေနဲ့ မသိရှိတဲ့အတွက် ပယ်ဖျက်ပေးဖို့ တင်ပြလျှောက်ထားတဲ့စာဖြစ်တယ်။ ကျွန်တော်တို့မြောက်ပိုင်း ခရိုင်တရားရုံး ကို မိတ္တူပေးစာဝင်ပါတယ်။ အဲဒီဝင်စာနဲ့ပတ်သက်ပြီး တရားခုံရုံးက ပြစ်မှု ကျူးလွန်သူများဘက်ကိုရှင်းပြတယ်။ အောင်ဝင်းဇော်က မပယ်နိုင်ဘူးလို့ ပြောတယ်။ ဒါကြောင့် လာမယ့်ရုံးချိန်းကို ဆင့်ဆိုပေးရန်ကိစ္စအတွက် သင့်မြတ်တဲ့အမိန့်ချမှတ်ပေးပါလို့ တင်ပြတယ်။ အဲဒီတော့ ချက်ချင်းဆိုသလို ရုံးချိန်အတွင်း နှစ်ဖက်ကြားနာပြီး အမိန့်ချတယ်။ ရဲမှူးကြီး ဝင်းမင်းသိန်းဟာ တရားခံအကျိုး ထောက်ခံထွက်ဆိုရမှာလည်းဖြစ်တယ်။ ဒါပေမယ့် အမှုနဲ့ ပတ်သက်ပြီး မသိကြောင်းလည်းပြောတယ်။ အမှုထပ်မံဆင့်ဆိုမယ်ဆိုရင်လည်း အမှုကြန့်ကြာမယ့်အကြောင်းလည်းရှိတယ်။ ဒါကြောင့် တရားခံဘက်က တင်ပြတဲ့ ရဲမှူးကြီး ဝင်းမင်းသိန်းအား ဆင့်ဆိုရန်ကိစ္စကို နှစ်ဖက်ကြားနာပြီး ကြားဖြတ်ပယ်မိန့်ချမှတ်လိုက်တာဖြစ်တယ်။ ဒါကြောင့် အမှုနဲ့ပတ်သက်ပြီး သက်သေများ စစ်ဆေးမှုပြီးဆုံးသွားပြီဖြစ်တဲ့အတွက် နှစ်ဖက်ရှေ့နေများကို အပြီးသတ်လျှောက်လဲချက် ကြားနာဖို့ ဖေဖော်ဝါရီ ၁ ရက် သောကြာနေ့ကို ချိန်းဆိုထားပါတယ်"ဟု ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

## ဘားအံမြို့နယ်၌ ယာဉ်တိမ်းမှောက်၍ သံဃာတော်တစ်ပါးပျံလွန်တော်မူပြီး နှစ်ဦးဒဏ်ရာရ

**ဘားအံ ဇန်နဝါရီ ၁၈**
ဘားအံမြို့နယ်တွင် ဇန်နဝါရီ ၁၇ ရက်က စူပါကာစတန်အမျိုးအစားယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ခဲ့သဖြင့် သံဃာတော်တစ်ပါး ပျံလွန်တော်မူပြီး အမျိုးသားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီခန့် ဘားအံ-သထုံကားလမ်းတွင် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ် ဇော်လင်းဦးစီးအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရာ ဘားအံ-သထုံကားလမ်းအတိုင်း သထုံမှ ဘားအံသို့ လှဝင်းမောင်းနှင်လာသောယာဉ်သည် ဘားအံမြို့နယ် ကော့ရင်းအထက်ကျေးရွာအနီး မိုင်တိုင်အမှတ် (၁၅/၆)နှင့် (၁၆/၀)အကြား အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ညောင်ပင်အား ဝင်ရောက်တိုက်မိကာ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ရှေ့ခန်းတွင် လိုက်ပါလာသည့်ဆရာတော် ဦးဉာဏကောဓမ္မ သက်တော် ၄၈ နှစ်မှာ အခင်းဖြစ်နေရာတွင် ပျံလွန်တော်မူသွားပြီး ယာဉ်နောက်ခန်းတွင် လိုက်ပါလာသူများဖြစ်သော မောင်စိုးကိုနှင့် ဦးသက်ကိုတို့တွင် ဒဏ်ရာများရရှိခဲ့၍ ဘားအံဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မောင်း လှဝင်းအား ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၃ မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၈၅၄ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၄၈ သန်း) စုစုပေါင်းတားဆီးမှု ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၃၃၄ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် TOYOTA Mark II ယာဉ်တစ်စီး၊ TOYOTA Wish ယာဉ်နှစ်စီး၊ TOYOTA Caldina ယာဉ်တစ်စီးတို့ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွေ ၂ ဒသမ ၂၁၃ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်လေးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၆၁၉ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကလေးမြို့တွင် နေအိမ်နှစ်လုံး မီးလောင်

**ကလေး ဇန်နဝါရီ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လှိုင်သာယာရပ်ကွက်တွင် ဇန်နဝါရီ ၁၇ ရက် ညက မီးကြွင်းမီးကျန်မှတစ်ဆင့် လူနေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကလေးမြို့ လှိုင်သာယာရပ်ကွက် နယ်မြေ(၁) အိမ်အမှတ် (၁၁၂)ဒေါ်သင်းသင်း (ခ)တင်တလဲလ်၏ နေအိမ် မီးကြွင်းမီးကျန်မှတစ်ဆင့် ည ၉ နာရီ ၁၅ မိနစ်ခန့်က အခြားလူနေအိမ်တစ်လုံးသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မီးလောင်ကျွမ်းမှုဖြစ်ပွားရာနေရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ ည ၉ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်သင်းသင်း(ခ)တင်တလဲလ်အား ကလေးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ချင်းတွင်းသား**

## တရားမဝင် ကျွန်း၊ ပျဉ်းကတိုး တန် ၆၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း တရားမဝင်သစ်များ ခိုးထုတ်သယ်ဆောင်နေကြောင်း တာဝန်သိပြည်သူတစ်ဦးက ဇန်နဝါရီ ၁၅ ရက်တွင် တယ်လီဖုန်းဖြင့် သတင်းပေးပို့ တိုင်ကြားချက်ပါ နေရာများအား နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ တရားမဝင်သစ်ကျွန်းခွဲသား ၅၀၇ ချောင်း (၅၄ ဒသမ ၈၄၈၇ တန်)၊ ပျဉ်းကတိုးခွဲသား အချောင်း ၄၀ (၆ ဒသမ ၀၃၄၀ တန်) စုစုပေါင်း ၆၀ ဒသမ ၈၈၂၇ တန်အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မအီမြို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**မအီ ဇန်နဝါရီ ၁၈**
တောင်ကုတ်မြို့နယ် မအီမြို့ လက်ပံကျေးရွာအုပ်စု မအီသစ်တောဘိနယ်အတွင်း မအီခြေတော်ရာလမ်းဘေးတွင် ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီခန့်က တရားမဝင်ခွဲသစ်များ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါနေရာသို့ နယ်မြေရှင်းလင်းဆောင်ရွက်ရာတွင် တောင်ကုတ်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးလွင်ကိုဦး ဦးဆောင်၍ မအီဘိနယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ တောင်ကုတ်မြို့နယ် မြို့မဘိနယ် တောခေါင်း၊ တောကြပ်၊ မအီအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့် မအီနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ သင်းပုန်းခွဲသား ၂၆ ချောင်း (၂ ဒသမ ၅၄၆၂ တန်)အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။ **မောင်မောင်ငွေး(ပြန်/ဆက်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**


KAPLAN Myanmar University College (KMUC) မှ ပေးအပ်မည့်
အမေရိကန်ဒေါ်လာ တစ်သိန်းခွဲ တန်ဖိုးရှိ စကောလားရှစ် ပညာသင်ဆုများကို
၂၀၁၉ ပညာသင်နှစ်အတွက် လျှောက်ထားရယူလိုက်ပါ.....

KMUC' Scholarships Info-Day
JAN 19.1.2019 (Saturday) 2:00pm ~ 4:00pm

Degrees Awarding Partner Universities; Murdoch University Perth | Singapore | Dubai; Teesside University



/kmucmyanmar
info.kmuc@kaplan.com
▪ အေ/၆၊ ဝင်္ဂရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
▪ (ဖုန်း) ၀၉ ၇၇၇ ၆၃၆ ၀၀၀၊ ၀၉ ၇၇၇ ၆၈၆ ၀၀၀
KAPLAN MYANMAR UNIVERSITY COLLEGE



# မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြား

**မော်လမြိုင် ဇန်နဝါရီ ၁၈**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက ရေးမြို့နယ် လမိုင်းမြို့ ကုလားကုတ်ကျွန်းအောက်ဆိပ်ကျေးရွာရှိ လေဘေးသင့်ပြည်သူများအား သွားရောက်အားပေးစကားပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောက်ဆိပ်ကျေးရွာ လေဘေးသင့်ပြည်သူများအတွက် သွပ်အချပ် ၁၅၀၀ နှင့် ပြိုကျပျက်စီးနေအိမ်၊ အဆောက်အအုံ ၁၁၄ လုံး၊ တစ်လုံးလျှင် ကျပ် ၁၀၀၀၀၀၊ အမိုးလန်ပျက်စီး နေအိမ်၊ အဆောက်အအုံ ၂၈၂ လုံး၊ တစ်လုံးလျှင် ကျပ် ၅၀၀၀၀ စုစုပေါင်း နေအိမ်အဆောက်အအုံ ၃၉၆ လုံးအတွက် ထောက်ပံ့ငွေကျပ် ၂၅၅ သိန်းကို ပေးအပ်ပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အားပေးစကားပြောကြားခဲ့သည်။

အဆိုပါ ရေးမြို့နယ် လမိုင်းမြို့ ကုလားကုတ်ကျွန်း ကုလားကုတ်ကျေးရွာအုပ်စု အောက်ဆိပ်ကျေးရွာသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်ခံရမှုကြောင့် လူနေအိမ် အဆောက်အအုံ ၁၁၄ လုံး ပြိုကျပျက်စီးပြီး လူနေအိမ်အဆောက်အအုံ ၂၈၂ လုံး၊ ဘုန်းကြီးကျောင်း နှစ်ကျောင်းမှ အဆောက်အအုံ ခုနစ်လုံး၊ အထက စာသင်ကျောင်းမှ အဆောက်အအုံ သုံးလုံးနှင့် အမက(မွန်) စာသင်ကျောင်းမှ အဆောက်အအုံတစ်လုံးတို့ အမိုးလန် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၅ တွင် ဖော်ပြခဲ့သော သာယာလှပသော မြို့ထန်တလန်၏ အဖိုးတန် သီကိရ်ရေလျှောင်တမံဆောင်းပါး တတိယကော်လံတွင် ခုတင် ၁၀၀ ဆံ့ ဆေးရုံ အစား ၁၆ ခုတင်ဆံ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာရေးသူ)**

# စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့်အဖွဲ့ကြည့်ရှု

**ညောင်တုန်း ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ခတ္တိယကျေးရွာရှိ ဝါဝါဝင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကုမ္ပဏီ၏ နို့စားနွားများမွေးမြူထားသောခြံသို့ ဇန်နဝါရီ ၁၇ ရက် နံနက် ၁၁ နာရီခွဲက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိုးမြတ်မြတ်သူ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတဝန်ကြီး ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုခဲ့ကြသည်။

နို့စားနွားခြံသည် အလျားပေ ၂၄၀၊ အနံ ပေ ၆၀၊ အမြင့် ၁၈ ပေ ဖြင့်တည်ဆောက်ထားပြီး နွားကောင်ရေ ၁၃၃ ကောင်ရှိပြီး နို့ညှစ်နွားမှာ ၄၁ ကောင်ဖြစ်သည်။ နို့စားနွားများအား ကန်ပေါက်မြက်၊ မြက်ချဉ်ဖတ်၊ အစာနု၊ နှမ်းဖတ်၊ ဘီယာဖတ်တို့ကို အစာအဖြစ်ကျွေးရပြီး နွားနို့ တစ်နေ့ ၁၆၂ ပိဿာခန့်ရရှိကြောင်း နို့စားနွားမွေးမြူရေးခြံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား ဝါဝါဝင်းကုမ္ပဏီမှ တာဝန်ရှိသူများက ငါးမွေးမြူရေးကန်များအား လိုက်လံပြသခဲ့ကြောင်း သိရသည်။

**ဝဏ္ဏနိုင်(ညောင်တုန်း)**

# ရွှေကျင်မြို့ ပဒဲကောကျေးရွာအုပ်စုရှိ တောင်သူ ၂၃၈ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) များပေးအပ်

**ရွှေကျင် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့တော်ခန်းမတွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ပဒဲကောကျေးရွာအုပ်စုရှိ တောင်သူ ၂၃၈ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ခြင်းနှင့် ဆောင်းရာသီ ဘဏ်ချေးငွေ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဒေသခံတောင်သူများအနေဖြင့် လယ်ယာမြေအသုံးပြုခွင့်လက်မှတ် ပုံစံ(၇) ထုတ်ပေးထားသော လယ်ယာမြေများကို မိမိတို့ အကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်ရင်းဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ဘဏ်ချေးငွေများကိုလည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက်သာ သုံးစွဲကြရန် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရွှေကျင်မြို့နယ် ပဒဲကောကျေးရွာအုပ်စုရှိ တောင်သူ ၂၃၈ ဦးအား လယ်ယာလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) များကိုလည်းကောင်း၊ ပဒဲကောကျေးရွာအုပ်စုအတွင်းရှိ ပုံစံ(၇) ရရှိပြီးသော တောင်သူ ၄၉၀၀ ဦး ဆောင်းသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ဧက ၂၈၈၄၀ အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်းသီးနှံချေးငွေ စုစုပေါင်းငွေကျပ် သိန်း ၂၈၈၄၀ ကိုလည်းကောင်း၊ KNLA (ကွန်ဖဲ့ဒေသ ဗဟိုငြိမ်းချမ်းရေးအဖွဲ့) မိသားစုဝင် အိမ်ထောင်စု ၂၇ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်၊ ဆီနှစ်ပိဿာတို့အားလည်းကောင်း အသီးသီး ထောက်ပံ့ပေးအပ်ကြသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရွှေကျင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ လက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးပြီးစီးမှုမှာ ဦးပိုင်ပေါင်း ၁၁၆၈၂ ခု၊ ဧကပေါင်း ၁၇၅၁၇ ဧကကို ထုတ်ပေးပြီးဖြစ်သည်။

ရွှေကျင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့်လည်း ၂၀၁၈ ခုနှစ် မိုးရာသီဘဏ်ချေးငွေများကို တောင်သူ ၄၇၀၁ ဦး၊ ဧရိယာဧကပေါင်း ၁၉၈၉၃ ဧကအတွက် တစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၄၈၃၉၅၀၀၀၀ ထုတ်ချေးခဲ့ပြီးဖြစ်သည်။ **တင်စိုး(ပဲခူး)**




## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ပြပွဲ၊ ပြိုင်ပွဲကျင်းပ

**မော်လမြိုင်**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မော်လမြိုင်ခရိုင်ရုံးမှ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီက အမှတ် (၅) အခြေခံပညာအလယ်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ခဲ့ရာ ဦးစီးမှူး ဒေါ်သီတာအေးက 'ပြည်ထောင်စုနေ့တို့မမေ့' ခေါင်းစဉ်ဖြင့်ဟောပြောပြီး ဓာတ်ပုံပြပွဲ ပြုလုပ်ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**ကျုံပျော်**

(၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို မြန်မာစကားပုံရေးသားခြင်းပြိုင်ပွဲကို ကျုံပျော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အောင်ဆန်းအခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမဆုကို တတိယတန်းမှ မလင်းလက်နေခြည်၊ ဒုတိယဆုကို စတုတ္ထတန်းမှ မမို့မို့သော်၊ တတိယဆုကို စတုတ္ထတန်းမှ မနှင်းပွင့်လွှာတို့က ရရှိကြပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ (၇၂) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီကကျင်းပရာ အမှတ် (၈) မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ပုံပြောခြင်း၊ ကဗျာရွတ်ဆိုခြင်းတို့ ယှဉ်ပြိုင်ခဲ့ကြပြီး အကောင်းဆုံး ပုံပြောနိုင်သူနှင့် ကဗျာရွတ်ဆိုနိုင်သူများအား ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမြင့်နှင့် ဆရာမများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းနိုင်**

**မြောင်းမြ**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာစီစာကုံး၊ စာဖတ်စွမ်းရည်၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် စာအုပ်ပြပွဲကို မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ဆုရရှိသူများကို မြောင်းမြခရိုင်ဆေးရုံအုပ်ကြီး Dr သန်းမင်းထွဋ်၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်စယ်လီလှိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြိုးဖြိုးညွန့်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **အောင်မင်း (မြောင်းမြ)**

## တာချီလိတ်နယ်စပ်ဂိတ်မှ နိုင်ငံခြားသားခရီးသွားများ အဆက်မပြတ် ဝင်ရောက်လည်ပတ်

**တာချီလိတ် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံရှိ ရေမြေတောတောင်သဘာဝအလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများအား လေ့လာကြည့်ရှုခံစားနိုင်ရန် တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ် ဝင်ရောက်လည်ပတ်လျက်ရှိရာ ဇန်နဝါရီ ၄ ရက်မှ ၁၇ ရက်အထိ နေ့ချင်းပြန်၊ ညအိပ်ခရီးစဉ်နှင့် ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ) နိုင်ငံသားများ အပါအဝင် စုစုပေါင်း ၄၉၇၃၁ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ဇန်နဝါရီ ၄ ရက်မှ ၁၇ ရက်အထိ နိုင်ငံခြားသားခရီးသွားဧည့်သည်များ ဝင်ရောက်လျက်ရှိရာ တာချီလိတ်နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်တွင် ထိုင်းနိုင်ငံသား ၄၅၂၃၆ ဦး၊ တတိယနိုင်ငံသား (နိုင်ငံခြားသား)၄၆၆ဦး၊ မိုင်းဖြတ်မြို့နှင့်ကျိုင်းတုံမြို့ ခရီးစဉ်သို့ ထိုင်းနိုင်ငံသား အများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၈၀၀၊ ပြည်တွင်းခရီးစဉ်သို့ ဗီဇာဖြင့် (ဗီဇာကင်းလွတ်ခွင့်ရ) နိုင်ငံသားအပါအဝင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ၃၂၂၉ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့သည်။

ပြည်တွင်းပိုင်း ခရီးစဉ်အဖြစ် တာချီလိတ်မြို့မှ လေယာဉ်ခရီးစဉ် တိုက်ရိုက်ပျံသန်းသည့် ဟဲဟိုး၊ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ လားရှိုးမြို့များမှတစ်ဆင့် အထင်ကရနေရာဒေသများသို့ သွားရောက်လည်ပတ်၍ ဘုရားဖူးခြင်း၊ ရေမြေတောတောင်သဘာဝရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေ့လာကြသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်အထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား နေ့ချင်းပြန်ခရီးသည် စုစုပေါင်း ၈၁၇၃၈၉ ဦး၊ မိုင်းဖြတ်နှင့်ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၁၀၁၂၃ ဦး၊ တာချီလိတ်မြို့မှ ဗီဇာဖြင့် ပြည်တွင်းပိုင်းခရီးစဉ်သို့ ၂၀၀၉၉ ဦး စုစုပေါင်း ၈၄၇၆၁၁ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံချစ်ကြည်ရေး စုပေါင်းလေထီးသရုပ်ပြစီးနင်း

**အမရပူရ ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံလေထီးခုန်အဖွဲ့ချုပ်နှင့် ထိုင်းနိုင်ငံအခြေစိုက် ASEAN Paramotoring တို့ပူးပေါင်း၍ ချစ်ကြည်ရေး စုပေါင်းလေထီးအလှပြပျံသန်းခြင်း သရုပ်ပြစီးနင်းမှုကို ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီက အမရပူရမြို့နယ် ဦးပိန်တံတားအနီး တောင်သမန်အင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံလေထီးခုန်အဖွဲ့နှင့် ထိုင်းနိုင်ငံ အပျော်တမ်းလေထီးခုန်အဖွဲ့တို့သည် မန္တလေးမြို့တွင် ပထမဆုံးအကြိမ် ချစ်ကြည်ရေး လေထီးခုန် သရုပ်ပြခြင်းဖြစ်သည်။

ချစ်ကြည်ရေး သရုပ်ပြလေထီးစီးနင်းမှုတွင် မြန်မာနိုင်ငံလေထီးခုန်အဖွဲ့မှ လေးဦး၊ ထိုင်းနိုင်ငံ အပျော်တမ်းလေထီးခုန်အဖွဲ့မှ လေးဦးတို့သည် ပါရာမိုတာစက်တပ်လေထီးမောင်းနှင်၍ ဦးပိန်တံတားအနီး တောင်သမန်အင်းဝန်းကျင်၌ သရုပ်ပြကြသည်။ **မောင်ပြည်သူ(မန္တလေး)**



Times City ၏

Jewellery Mall နှင့် Times Mall ရှိရုံးခန်း၊ ဆိုင်ခန်းများ ငှါးရမ်းမိတ်ဆက်ပွဲအား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁၂) ရက် နှင့် (၁၃) ရက် တို့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထပ်မံ၍ ငှါးရမ်းလိုသော မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီအထိ **Information Centre** အား ဖွင့်လှစ်ထားရှိသွားမည်ဖြစ်ပြီး မိတ်ဆွေများအနေဖြင့် သိရှိလိုသည့်အချက်များ၊ ငှါးရမ်းလိုသည့် ရုံးခန်း၊ဆိုင်ခန်းများအား ဆက်လက်ကြည့်ရှု စုံစမ်းမေးမြန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

*Soft opening on 01 May 2019*

ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျုံးတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ ။
ဖုန်းနံပါတ်များ -09-765800800 , 09-764800800 , 09-5045777
Website - http://www.timescity.com.mm
Facebook - Times City Yangon - Myanmar
Email - timescityproject@gmail.com

# ရှေ့နေနှင့်ပြစ်မှု

ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဆရာကရှေ့နေလိုက်ဖူးတယ်နော် "
"အေး"
"တရားခံရှေ့နေပေါ့နော်"
"အေး"
"ပြစ်မှုအကြောင်းသိချင်လို့ပါ"
"ဟုတ်လား"
"ဥပဒေပုဒ်မတွေ သိပ်မည္ထန်းပါနဲ့နော်"
"ဩော် . . ."

**အခြေခံ**

ပြစ်မှုအကြောင်း သိချင်၍ဟုလည်းပြောသည်။ ဥပဒေတွေကို သိပ်မည္ထန်းပါနဲ့ဟူ၍လည်း ဆိုသည်။ အခြေခံဗဟုသုတကိုတော့ရှင်းပြ၊ ပြောပြမှပြည့်စုံပေလိမ့်မည်။ သို့သော်ငြား ပေါ့ပေါ့ပါးပါး သိချင်ဟန် တူပါသည်။ ရှုပ်ရှုပ်ထွေးထွေးဆိုလျှင် နားမလည်မှာ စိုးသည်။

**ပြစ်မှု(OFFENCE)**

ပြစ်မှုဆိုတာဘာလဲ။ ပြစ်မှု၏အဓိပ္ပာယ်ကို သိဖို့လိုသည်။ ပြစ်မှု၏အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးရှိနိုင်သည်။ ရာဇသတ်ကြီးပုဒ်မ ၄၀ တွင်ပြစ်မှု၏အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ပုဒ်မ ၄၀ကို အသေးစိတ် လေ့လာဖို့လိုမည်။ ရှုပ်ထွေးမည်စိုး၍ ဥပဒေပုဒ်မများမဖော်ပြတော့ပါ။

**ပုဒ်မ ၄၀ ၏ အနှစ်သာရ**

ရာဇသတ်ကြီးဥပဒေပုဒ်မ (၄၀)၏အနှစ်သာရမှာ ပြစ်မှု (OFFENCE) ဆိုသည့်စကားရပ်ကိုဖွင့်ဆိုထားခြင်းဖြစ်သည်။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄ (ဏ) တွင်လည်း ပြစ်မှုဆိုသည့်စကားရပ်ကို ဖွင့်ဆိုထားသည်။ ထိုဖွင့်ဆိုချက်တွင် ဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သင့်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကို ဆိုလိုသည်ဟု ဖွင့်ဆိုသည်။ ထိုဖွင့်ဆိုချက်မှာပုဒ်မ ၄၀ ဖွင့်ဆိုချက်ထက် ကျယ်ဝန်းသည်။

**အနက်အဓိပ္ပာယ်**

၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၅ (က)(၂၂)၌ 'ပြစ်မှုဆိုသော စကားရပ်သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သင့်နိုင်သော ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကိုဆိုသည်' ဟု ဖွင့်ဆိုသည်။

ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များသည် ယေဘုယျအားဖြင့် ရာဇသတ်ကြီးနှင့်သာ သက်ဆိုင်သော်လည်း ပုဒ်မ ၄၀ ၏ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့ပါ ပုဒ်မများတွင် ဖော်ပြထားသောပြစ်မှုများသည် ဆိုင်ရာ အထူးဥပဒေများနှင့် ဒေသန္တရဥပဒေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများနှင့်ပါ သက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

**တွဲနိုင်သောပုဒ်မများ**

အထူးဥပဒေအရ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီမှုကို ရာဇသတ်ကြီးပုဒ်မ ၁၀၉ နှင့် ပုဒ်မ ၁၁၄ တို့နှင့်တွဲနိုင်ကြောင်း စီရင်ထုံးတွင်ညွှန်ပြသည်။

**အထူးဥပဒေ**

အထူးဥပဒေဆိုတာဘာလဲ။

'အထူးဥပဒေ (Special Law) ဆိုသည်မှာ သီးခြားအကြောင်းအရာတစ်ခုနှင့် သက်ဆိုင်သော ဥပဒေကို ဆိုလိုသည်' ဟု ရာဇသတ်ကြီးပုဒ်မ ၄၁ တွင် ပြဋ္ဌာန်းသည်။

ရာဇသတ်ကြီးသည် ပြစ်မှုများနှင့် စပ်လျဉ်း၍ ပင်မမူရင်းယေဘုယျ ဥပဒေဖြစ်သည်။ သီးခြားကိစ္စရပ်အလိုက် ပြဋ္ဌာန်းသည့် အထူးဥပဒေများရှိသည်။ ဥပမာ- မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဥပဒေ၊ လက်နက်အက်ဥပဒေ၊ ယစ်မျိုးအက်ဥပဒေစသည့် ပြစ်မှုဆိုင်ရာ အထူးဥပဒေများဖြစ်ပါသည်။

**ဒေသန္တရဥပဒေ** (Local Law)

ဒေသန္တရဥပဒေဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ဒေသတစ်ခုနှင့်သာ သက်ဆိုင်သော ဥပဒေကိုဆိုလိုသည်။

ဥပမာ- ရန်ကုန်ရဲတပ်ဖွဲ့အက်ဥပဒေ၊ ရန်ကုန်မြို့တော်စည်ပင်အက်ဥပဒေ၊ လူ့အခွင့်အရေးကြေညာစာတမ်း ပြစ်မှုနှင့် ဆက်စပ်နေသောကြောင့် ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံက အတည်ပြုချမှတ်ခဲ့သော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းကို ရည်ညွှန်းဖော်ပြခွင့်ပြုပါ။ အများသိသင့်ပါသည်။

ကြေညာစာတမ်းထဲမှ အပိုဒ် (၁၁)ကို ကောက်နုတ်တင်ပြပါသည်။ ရှုပါ။

**အပိုဒ်(၁၁)**

(၁) ပြစ်မှုတစ်ရပ်ဖြင့် တရားစွဲဆိုခံရသောလူတိုင်းသည် စွပ်စွဲခံရသည့် ပြစ်မှုအတွက် ခုခံချေပရန်လိုအပ်သည်။ အာမခံချက်ရှိသော အများပြည်သူရှေ့မှောက်၌ စစ်ဆေးသောတရားရုံးက ဥပဒေနှင့်အညီ ကြားနာစစ်ဆေးပြီး ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားစီရင်မှု မခံရမချင်းအပြစ်မဲ့သူဟူ၍ မှတ်ယူခြင်းခံထိုက်သည့် အခွင့်အရေးရှိသည်။

(၂) ပြစ်မှုကျူးလွန်သည့်အချိန်တွင် ပြည်တွင်း ဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာဥပဒေအရဖြစ်စေ လုပ်ရပ် သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်သည် ပြစ်မှုမမြောက်ပါက ထိုလုပ်ရပ် သို့မဟုတ် ပျက်ကွက်မှုအတွက် မည်သူမျှအပြစ်မရှိစေရ။ ပြစ်မှုကျူးလွန်သည့် အချိန်ကာလတွင် ထိုက်သင့်စေနိုင်သောပြစ်ဒဏ်ထက် ပိုမိုကြီးလေးသောပြစ်ဒဏ်ကို ထိုက်သင့်စေခြင်း မရှိစေရ။

**ဥပဒေနှင့်အညီဖြေရှင်းမည့်တရားစီရင်ရေးမှုများ**

တရားစီရင်ရာတွင် အခြေခံ၍ စီရင်ရမည့်မူများရှိပါသည်။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ - ၃ တွင် ပြဋ္ဌာန်းထားသည်။ စုစုပေါင်းမူ ၇ ချက်ရှိသည်။ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး၊
(၂) ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင်တရားစီရင်ရေး၊
(၃) အမှုများတွင် ဥပဒေအရ ခုခံချေပပိုင်ခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊
(၄) ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေ အေးချမ်းသာယာရေးတည်ဆောက်ရာတွင် အထောက်အကူ ဖြစ်စေရေး၊
(၅) ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကိုလိုက်နာသောအလေ့အကျင့်ပျိုးထောင်ပေးရေး၊
(၆) ပြည်သူအချင်းချင်းနှင့်ပတ်သက်သောအမှုကိစ္စများကိုဥပဒေဘောင်အတွင်း၌ကျေအေးပြီးပြတ်စေရေး၊
(၇) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကိုဦးတည်ရေး။

**ဥပဒေနှင့်အညီ**

နေရာတိုင်းမှာဥပဒေရှိသည်။ ပြစ်မှုမှန်သမျှ ဥပဒေအရသာဖြေရှင်းပါ။ ငြိစွန်းသောဥပဒေပုဒ်မ၏ ပြဋ္ဌာန်းချက်အင်္ဂါရပ်များကိုအခြေခံ၍ ဖြေရှင်းရမည်သာဖြစ်သည်။

**ခုခံချေပခွင့်**

ဥပဒေအရခုခံချေပခွင့်ရှိပါသည်။ ဘာမှမခုခံဘဲ၊ မချေပဘဲတရားသူကြီးကအပြစ်ပေး၍မရပါ။ ကြားနာပါသည်။ ရှေ့နေရှေ့ရပ်ငှားခွင့်လည်းရှိပါသည်။ စီရင်ချက်ချအပြီး (ပြစ်ဒဏ်ပေးပြီး)ပါကလည်းအယူခံပိုင်ခွင့်ရှိပါသေးသည်။ ပြစ်ဒဏ်လျှော့ချနိုင်ပါသည်။ လုံးဝ(ကွင်းလုံးကျွတ်) လွတ်ခြင်းလည်းရှိတတ်ပါသည်။

**မင်းမဲ့စရိုက်**

တချို့က မင်းမဲ့စရိုက်လွှမ်းသည်။ မျက်လုံးတစ်လုံးပျက်စီးလျှင် သူ့မျက်လုံးတစ်လုံး ပြန်ဖောက်မည်။




လက်တစ်ချောင်းပြတ်လျှင် သူ့လက်တစ်ချောင်း ပြန်ဖြတ်မည်။ လူ့အသက်တစ်ချောင်း ထိခိုက်လျှင် (လူသေလျှင်) သူ့အသက်တစ်ချောင်း ပြန်ယူမည်။ ဤသဘောမှာခေတ်လွန်ခဲ့ပြီ။ ရိုင်းစိုင်းသောခေတ် မရှိပြီ။ လူ့ဘောင်လောကယဉ်ကျေးသည်နှင့်အမျှ တရားဥပဒေအရသာဖြေရှင်းရတော့မည်။ လူသည် ယဉ်ကျေးသောသတ္တဝါဖြစ်ပေသည်။

**နားလည်ပါစေတရားဥပဒေ**

'ဥပဒေတွေက သိပ်ရှုပ်ထွေးတယ်။ ချက်ချင်း နားမလည်နိုင်ဘူး။ ဘာကိုဆိုလိုတာလဲ။ သာမန် ပြည်သူတွေနားလည်အောင်ရေးပါ။ ပြောပါ။ ပြဋ္ဌာန်းပါ' ဟု မိတ်ဆွေတစ်ဦးကပြောသည်။

**ခွင့်မလွှတ်**

တရားဥပဒေလောကမှာထင်ရှားသော ဆိုရိုးစကားရှိသည်။ တရားဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်မိပါသည်ဟု ထုချေခြင်းကိုခွင့်မလွှတ်ပါ။ မသိဟုထုချေ၍ မရ။ နားမလည်ဟုရှင်း၍မဖြစ်။ တရားဥပဒေကိုနားလည်အောင်၊ သိအောင်လေ့လာပါ။ ဆည်းပူးပါ။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ၊ သတင်းမီဒီယာစတုတ္ထမဏ္ဍိုင်တို့ပါ ပူးပေါင်း၍ ပြစ်မှုအကြောင်း၊ တရားမအကြောင်းဘက်စုံနားလည်သိရှိကြစေဖို့ လိုအပ်ပါသည်။

**နိဂုံး**

(၁) ရှေ့နေနှင့် ပြစ်မှုက အစဉ်အမြဲ ဒွန်တွဲနေသည်။
(၂) ရည်ညွှန်းမိတ်ဆက်သဘော ပြောရတာပါ။
(၃) တာဝန်မကျေ၊ ပျက်ကွက်မှုမဖြစ်ဖို့ လိုရင်းအချက်ပါခင်ဗျား။

## သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ လုပ်ငန်းညှိနှိုင်း

**သီပေါ ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ၂၀၁၉ ခုနှစ် မဲစာရင်းပြုစုခြင်းနှစ်အတွင်း မှန်ကန်ပြည့်စုံသော မဲစာရင်းများရရှိနိုင်ရေးအကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်တို့၏ လမ်းညွှန်မှာကြားချက်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးဆောက်လုပ်ရန် မြေနေရာရရှိရေးအတွက် တင်ပြထားရှိမှုအခြေအနေများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးစိုင်းမင်းလွင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဥက္ကဋ္ဌက မြို့နယ်နှင့် ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၏ မဲဆန္ဒစာရင်းပြုစုခြင်း၊ စုရပ်အလိုက် နယ်မြေတာဝန်ခွဲဝေမှုများကို တာဝန်ပေးအပ်ပြီး မြို့နယ်/ရပ်/ ကျေး ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ဆွေးနွေးအကြံပြုချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)












အမှတ်(၁၅၊၁၅-က) ဓမ္မာရုံလမ်း လှိုင်မြို့နယ်တွင် တည်ရှိသော ROYAL MAUNG BAMAR RESIDENCE ရှိ အခန်းများကို
ရောင်းချပေးနေပြီဖြစ်ပါသဖြင့် လာရောက်လေ့လာဝယ်ယူနိုင်ပါကြောင်း အားပေးသူမိတ်ဟောင်းမိတ်သစ်များအား အသိပေးအကြောင်းကြားအပ်ပါသည်။
















Show Room : Tower (A),Unit-1B,Royal Sin Min Condo,Corner Of Strand Rd & Ahlone St,Ahlone Twp,Yangon.
Ph : 09-5022717, 01-218023,09-250076710. Email : ngbm.con@gmail.com Website: www.naygabarmyanmar.com

ဦးအောင်အောင်
B.A Econ; MPA; ACCA Part(II); D.A(UK); Dip in Stats;DMAc
LCCI International Qualifications
Approved Centre
July Exam
တန်းခွဲများ
Sunday Only Class
Level - I+II Class (A&B) ပြည့်ပြီ
Class (C) (13.1. 2019) SUN 1:00 - 4:00 pm
Class (D) (28.1. 2019) MO/TU/WE 6 - 8 pm
Class (E) (10.2.2019) SUN 9:00 - 12:00 am
Class (F) (19.2.2019) WE/TH/FR 7 - 8:30am
Class (G) (24.2.2019) SUN 12:30 - 4:00 pm
Level- III (A)(20.1. 2019) A/C IAS (SUN 9:00 - 12:00) CMA (SUN 12:30 - 3:30) ABC (SUN 3:45 - 5:15)
Level- III (C) (22.1. 2019) A/C IAS (MON, TUE 6:00-8:00 pm) CMA (WED,THU, FRI 6:00-8:00pm) ABC (SAT 6:00 -8:00 pm)
Level- III (B) (22.1. 2019) A/C IAS (TUE, WED 9:30-11:30) CMA (MON,TUE,WED 12 - 2:00) ABC (MON 9:30 -11:30)
၂၃၉၊ (တ)ထပ်၊ ဘားလမ်း ကျောက်တံတား၊ ရန်ကုန်။
095103002, 0978 5103002

# "အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း"

(မြန်မာသက္ကရာဇ် ၁၃၈၀ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်)၊ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉) ဖြင့် ချီးမြှင့်သော **"သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာချီးမြှင့်ခံရသော **ဦးဝေလွင်** (Royal Top Co.,Ltd) အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရွှေ့ဆက်ကိုယ်စိတ်နှစ်ဖြာ သက်ရှည်ကျန်းမာစွာဖြင့် အမျိုးဘာသာ၊ သာသနာတော်အကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးတို့ကို ဆတက်တိုး စွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဝင်းသော်တာဖြိုးသကြားစက် ဝန်ထမ်းများ**

**ဘောဂဝတီသီးနှံအခြောက်ခံစက် ဝန်ထမ်းများ**

**ရပ်စောက်မြို့၊ ရှမ်းပြည်နယ်**




### "ယသော်"ကုမ္ပဏီလီမိတက် အစုရှယ်ယာလွှော့ချခြင်း

အထက်ပါကုမ္ပဏီနှင့် ပတ်သက်၍ အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးကျော်မိုးအောင်၏ တစ်သိန်းကျပ်တန် အစုရှယ်ယာ (၈၀၀)မှ (၃၀)စုသို့၊ ဦးဝင်းကျော်ဂေါင်၏ တစ်သိန်းကျပ်တန် အစုရှယ်ယာ(၂၀၀)မှ (၂၀)စုသို့ လျှော့ချကြောင်း ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၊ ဖုန်း-၀၉-၄၅၇၁၂၇၈၄၈

### "ပေါ်များ"ကုမ္ပဏီလီမိတက် အစုရှယ်ယာလွှော့ချခြင်း

အထက်ပါကုမ္ပဏီနှင့် ပတ်သက်၍ အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးဝင်းသိန်းထွန်း၏ တစ်သိန်းကျပ်တန် အစုရှယ်ယာ (၆၀)မှ (၃၀)စု သို့၊ ဦးဝင်းမင်း၏ တစ်သိန်းကျပ်တန် အစုရှယ်ယာ(၄၀)မှ (၂၀)စုသို့ လျှော့ချကြောင်း ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့၊ ဖုန်း-၀၉-၇၉၅၁၁၀၀၈၅

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်မင်းဦး မှတ်ပုံတင်အမှတ် [၁၂/ပဇတ(နိုင်)၀၃၀၇၇၉] ကိုင်ဆောင်သော ပက်စပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း -၀၉-၄၅၀၀၂၂၅၈၀

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

နှစ်ထပ်တိုက် လုံးချင်းပေ (၂၀×၂၇)
ညွှန့်နိုင်းဈေး၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သုခလမ်း၊ အာရှတော်ဝင်ဆေးရုံအနီး
Ph-09-443041868
09- 771077119

# Forever Gems by ရွှေနန်းတော်

ကံထူးရှင်များနှင့် အများဆုံးဝယ်ယူသူများကို
(၂၆-၁-၂၀၁၉) တနင်္ဂနွေနေ့တွင်
**Meliá Hotel** တွင်
အခမ်းအနားနှင့် ဆုချီးမြှင့်ပေးပါမည်။

## (၁၃-၁-၂၀၁၉) ရွှေနန်းတော်(၇)ဆိုင်စလုံးမှကံထူးရှင်များ

| | | | | | |
|---|---|---|---|---|---|
| 1 | Toyota Brand New Car | 134681 | ရွှေရင်ထိုက် | 9791576112 | မှန်ပြည်နယ် |
| 2 | Toyota Brand New Car | 55498 | နီနီဝင်းရွှေ | 9401583364 | နေပြည်တော် |
| 3 | Toyota Brand New Car | 142220 | သီသီအောင် | 9684414807 | သာကေတ |
| 4 | ၅ ကျပ်သား | 4039 | နေလင်းထက် | 9254554698 | နေပြည်တော် |
| 5 | ၅ ကျပ်သား | 111091 | ရာဇာအောင်ဝင်း | 9420014206 | ကမာရွတ် |
| 6 | ၅ ကျပ်သား | 2487 | ပေမာန်သွယ် | 933002211 | ဧယျာသီရိ |
| 7 | ၂ ကျပ်သား | 20003 | ခင်ကိုဝင်း | 9420005217 | ယုဇနဥယျာဉ် |
| 8 | ၂ ကျပ်သား | 120143 | သူဇာအေး | 9966349134 | အင်းစိန်မြို့သစ် |
| 9 | ၂ ကျပ်သား | 54020 | အောင်ဆန်းမိုး | 940255757 | |
| 10 | ၂ ကျပ်သား | 89329 | ခင်နှင်းဆွေ | 9796160197 | ကွမ်းခြံကုန်း |
| 11 | ၂ ကျပ်သား | 103576 | မျိုးအေး | 9450034297 | အောင်ဇေယျဗိမ်ာန် |
| 12 | ၁ ကျပ်သား | 52008 | ထွန်းထွန်းအောင် | 9450006874 | |
| 13 | ၁ ကျပ်သား | 119941 | အောင်ဝင်း | 95196504 | ဘုရင့်နောင်ဈေးကြီးလမ်း |
| 14 | ၁ ကျပ်သား | 61100 | စောတင်သိန်း | 9790911644 | နွယ်နီ 22 လမ်း |
| 15 | ၁ ကျပ်သား | 102185 | နှင်းနွယ်ဝေ | 9250370645 | |
| 16 | ၁ ကျပ်သား | 56745 | မြတ်မြတ်စိုး | 95407245 | ပန်းပဲတန်း |
| 17 | ၁ ကျပ်သား | 22763 | မင်းမင်းမြတ် | 9421178741 | မြောက်ဥက္ကလာ |
| 18 | ၁ ကျပ်သား | 11444 | ဆုသူဇာဖြိုး | 9401600214 | ဒေါပုံမြို့ |
| 19 | ၁ ကျပ်သား | 7034 | ဝင့်ဒါမိုး | 9425293440 | နေပြည်တော် |
| 20 | ၁ ကျပ်သား | 101286 | ခင်သဇာအေး | 95178675 | မြောက်ဒဂုံ |
| 21 | ၁ ကျပ်သား | 16007 | ချစ်ပုံပုံစု | 9255800982 | ပုဇွန်တောင် |
| 22 | ၁ ကျပ်သား | 71711 | သက်အောင် | 9788677443 | ဖောင်ကြီး |
| 23 | ၁ ကျပ်သား | 140027 | ညွန့်ညွန့်လွင် | 932088148 | တောက်ကြန့် |
| 24 | ၁ ကျပ်သား | 45882 | ခင်မောင်ထွန်း | 95039203 | ရွှေဘုံသာလမ်း |
| 25 | ၁ ကျပ်သား | 59566 | ခင်မေရီ | 9799255800 | ကျောက်တံတား |
| 26 | ၁ ကျပ်သား | 109392 | ထွေးထွေးမွန် | 95506732 | ကြည့်မြင်တိုင် |
| 27 | ၈ ပဲသား | 3839 | ခင်ဝေအေး | 943019984 | နေပြည်တော် |
| 28 | ၈ ပဲသား | 85472 | မြမြဝင်း | 95102021 | FMI City |
| 29 | ၈ ပဲသား | 136696 | ခင်လှဲ့ဝင်း | 9420239328 | သန်လျင် |
| 30 | ၈ ပဲသား | 1371 | အေးမာမာအောင် | 943044107 | နေပြည်တော် |
| 31 | ၈ ပဲသား | 57204 | စုစုငြိမ်း | 9429117969 | ဘူတာရုံ/ရိုးကုန်း |
| 32 | ၈ ပဲသား | 29885 | ကာင်းဝင်း | 9422457343 | ပန်းကနော် |
| 33 | ၈ ပဲသား | 48543 | မာမာဝင်း | 9799703624 | လှိုင်သာယာ |
| 34 | ၈ ပဲသား | 58316 | ဖောင်း | 9425301289 | သုံးခွ |
| 35 | ၈ ပဲသား | 14525 | ခင်စန်းကြည် | 95109636 | မရမ်းကုန်း |
| 36 | ၈ ပဲသား | 88998 | တိုးမင်းအောင် | 9424523352 | တောင်ဒဂုံ |
| 37 | ၈ ပဲသား | 98442 | ထက်ထက်ဦး | 9784522587 | တွံတေး |
| 38 | ၈ ပဲသား | 78542 | ခင်နီနီအေး | 9782515919 | မြောက်ဥက္ကလာ |
| 39 | ၈ ပဲသား | 40518 | ရီရီ | 9799402928 | ကွမ်းခြံကုန်း |
| 40 | ၈ ပဲသား | 21014 | အုန်းကျော် | 9450016382 | သင်္ဃန်းကျွန်း |
| 41 | ၈ ပဲသား | 112825 | သက်သက်ကျော် | 95415577 | စမ်းချောင်း |
| 42 | ၈ ပဲသား | 65200 | မြမြဝင်း | 9455292707 | တွံတေး |
| 43 | ၈ ပဲသား | 30677 | မျိုးလွင် | 9420784521 | သုံးခွ |
| 44 | ၈ ပဲသား | 29627 | ခင်ခင်မြင့် | 9420282594 | မင်္ဂလာဒုံ |
| 45 | ၈ ပဲသား | 18714 | ငြိမ်းခင်ထွေး | 94319903 | သုံးခွ |
| 56 | ၈ ပဲသား | 98411 | ဝိုင်ဝိုင်ဖြိုး | 9795882748 | မြောက်ဒဂုံ |
| 47 | ၈ ပဲသား | 18690 | ခင်သူဇာအောင် | 9454359622 | ဓနုဖြူ |
| 48 | ၈ ပဲသား | 30695 | သိန်းဝင်း | 9793202751 | ဗိုလ်တောင်စွန်း |
| 49 | ၈ ပဲသား | 108503 | လှတင် | 9771162060 | မင်္ဂလာတောင်ညွန့် |
| 50 | ၈ ပဲသား | 53349 | သူဇာစိုး | 9443370662 | လှိုင်သာယာ |
| 51 | ၈ ပဲသား | 86544 | အေးအေးဝင်း | 943055729 | မင်္ဂလာဒုံ |
| 52 | ၈ ပဲသား | 42128 | သန္တာသဇာဝင်း | 9448043896 | တောင်ဥက္ကလာ |
| 53 | ၈ ပဲသား | 109878 | ပိုင်းစု | 9959780022 | မှော်ဘီ |
| 54 | ၈ ပဲသား | 11547 | စိန်မြင့် | 942001428 | လှိုင်သာယာ |
| 55 | ၈ ပဲသား | 142710 | မေမွှင်သော် | 9402514499 | |
| 56 | ၈ ပဲသား | 125099 | မိုးပြည့် | 9444438334 | ပန်းပဲတန်း |

## ရွှေနန်းတော်(၇)ဆိုင်စလုံးမှအများဆုံးဝယ်ယူသူများ

| No | Member ID | Customer Name | Prize |
|---|---|---|---|
| 1 | DGP0026 | သီတာမြတ် (NS) | ၅ ကျပ်သား |
| 2 | DGP0028 | အောင်ဝင်း (NS) | ၃ ကျပ်သား |
| 3 | DGP0008 | အေးအေးမိုင် (VS) | ၂ ကျပ်သား |
| 4 | Daw Khin Sein (YS) | ဒေါ်ခင်စိန် (YS) | ၂ ကျပ်သား |
| 5 | DGP0046 | လွင်လွင်မာ (OS) | ၂ ကျပ်သား |
| 6 | SGP002232 | မိုးမိုးထွန်း (VS) | ၁ ကျပ်သား |
| 7 | GGP00170 | မမိုး (PS) | ၁ ကျပ်သား |
| 8 | DGP0037 | ကိုမန်းနိုး (JS) | ၁ ကျပ်သား |
| 9 | GGP00027 | အိအိစန်းလှ (VS) | ၁ ကျပ်သား |
| 10 | GGP00057 | နေဝင်း (NS) | ၁ ကျပ်သား |
| 11 | GGP00118 | အောင်အောင် (OS) | ၁ ကျပ်သား |
| 12 | SGP001517 | ဥမ္မာအောင် (VS) | ၁ ကျပ်သား |
| 13 | SGP003357 | ရွှေရင်ထိုက် (YS) | ၁ ကျပ်သား |
| 14 | GGP00105 | ရွှေကြာယံစင်ဆု (OS) | ၁ ကျပ်သား |
| 15 | GGP00190 | သန်းသန်းဖယ် (YS) | ၁ ကျပ်သား |
| 16 | GGP00056 | ဒေါ်ခင်အေးဝင်း (NS) | ၁ ကျပ်သား |
| 17 | GGP000261 | ပေါ့ဟာအောင်ဆန်း (VS) | ၈ ပဲသား |
| 18 | SGP000445 | အောင်မျိုးဝင်း (NS) | ၈ ပဲသား |
| 19 | SGP001982 | နန်းသိန်းအောင် (VS) | ၈ ပဲသား |
| 20 | SGP002648 | ခင်ချမ်းငြိမ်း (NS) | ၈ ပဲသား |
| 21 | Tin Win Mar (OS) | တင်ဝင်းမာ (OS) | ၈ ပဲသား |
| 22 | SGP002746 | သင်းသင်းစိုး (YS) | ၈ ပဲသား |
| 23 | DGP0042 | ဝါဝါကျော် | ၈ ပဲသား |
| 24 | SGP001986 | နွေးနွေး (VS) | ၈ ပဲသား |
| 25 | SGP002294 | ခင်မှုမှုဝင်း (NS) | ၈ ပဲသား |



ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ိ/- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

# ရွှယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာ လက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀)ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ ခေတ်မီ သောဗိသုကာဒီဇိုင်း၊Pile-Foundation၊ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်းဆောက်လုပ်ထားသည့်(၈)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့် အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊
Fitness Center,SPA,
Convenience Store,
လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း)၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

## လွှမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရွှေထီးတော်ဒါယကာ**

## ဗိုလ်ကြီးသန်းအုန်း(ငြိမ်း)

**စစ်တက္ကသိုလ် အပတ်စဉ်(၁၀)**

၁၉-၁-၂၀၁၉ ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းခဲ့သည်မှာ တစ်နှစ်တင်းတင်းပြည့် အထိမ်းအမှတ် ပြုပြုသမျှ ကုသိုလ်ကောင်းမှု အစုစုကို ရောက်ရှိရာ ကောင်းမြတ်သည့် ဘုံဘဝမှ သာဓု---သာဓု---သာဓု ခေါ်ဆိုနိုင်ပါစေ---

**ဇနီး - ဒေါ်စိန်စိန်သန်း၊**
**သား - ကိုရဲချမ်း၊ ကိုအောင်ကျော်စိုး-မသပြေ၊**
**မြေး - မောင်ဩရသစိုး၊**
**(အေးစေခြံ) ရေစစ်ကန်အနီး၊ နန်းတော်ရှေ့၊ မန္တလေးမြို့။**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာချမ်းငြိမ်း(ပညာရေးဝန်ကြီး-ငြိမ်း)**

B.E (Mech;RIT)
M.Sc, D.I.C and Ph.D. (University of London, UK)
Post Doctoral Research fellow (MIT, USA)

**အသက် (၇၅) နှစ်**

ရန်ကုန်နည်းပညာတက္ကသိုလ်၊ စက်မှုအင်ဂျင်နီယာဌာန ပါမောက္ခ ဒေါက်တာစန္ဒာအောင်၏ခင်ပွန်း ဒေါက်တာချမ်းငြိမ်း(ပညာရေးဝန်ကြီး-ငြိမ်း) အသက် (၇၅) နှစ်သည် ၁၇-၁-၂၀၁၉ ရက် ညနေ ၆း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း (YTU)နှင့်ဇနီး**
**စက်မှုအင်ဂျင်နီယာဌာန(YTU)မှ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ**

## ဥ တု ရာ သီ တော ကို မှီ ၍

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ညွန့်-နာယကကြီး**

**အသက်-(၇၉)နှစ်**

ကြည့်မြင်တိုင်မြို့နယ်၊ဈေးကြီးတာလိုင်းပိုင်း၊ငါးကြော်ဘိုးအိုးဘိုးရပ်ကွက်သက်ကြီးပူဇော်ရေးအဖွဲ့မှဦးတင်ညွန့်-နာယကကြီးသည်(၁၄-၁-၂၀၁၉)တနင်္လာနေ့တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သက်ကြီးပူဇော်ရေးအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

**နာယကကြီး Dr.ချမ်းငြိမ်း**

**ပညာရေးဝန်ကြီး(ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ(၁)လမ်း၊ အမှတ်(၅၃)နေ ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီး Dr.ချမ်းငြိမ်း (ပညာရေးဝန်ကြီး-ငြိမ်း) သည် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း

**အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ နှင်းဆီလမ်း၊ အမှတ်(၄)နေ ဦးမျိုးအောင်(ခ)ဦးဗလကြီး(R/RGN-003187)-ဒေါ်စန်းမြင့်(ခ) ဒေါ်ဂျမီလာ [၁၂/ဆကခ(နိုင်)၀၁၇၉၄၆]တို့၏သားဖြစ်သူ မောင်နိုင်လင်းဦးသည် မိဘညီအစ်ကိုမောင်နှမ ပြောဆိုဆုံးမမှုကို လိုက်နာမှုမရှိ၍ မိမိဆန္ဒအတိုင်း ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ မောင်နိုင်လင်းဦး၏ ကိစ္စအဝဝကို မိဘညီအစ်ကိုမောင်နှမများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အုပ်ထိန်းသူ**
**မိခင်ဒေါ်စန်းမြင့်(ခ)ဒေါ်ဂျမီလာ**

## ဦးတင်အောင် (၈၄) နှစ်

**အင်ဂျင်နီယာမှူး-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ မ(၆)နေ (ဦးအောင်သိန်း-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးသန်း မောင်-ဒေါ်ကြည်)တို့၏ သားသမက်၊ ဒေါ်သန်းတင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ချိုချိုအောင်(ထ-၁၊ ကမာရွတ်၊ ငြိမ်း)၊ ဦးချစ်ကိုကိုလွင်(ဦးစီးအရာရှိ၊ လဝက-ငြိမ်း)-ဒေါ်မော်မော်အောင် (ထ-၃၊ အင်းစိန်-ငြိမ်း)၊ ဦးနိုင်ဝင်းအောင် (တက်နေဝန်းနီ အထည်ချုပ်စက်ရုံ)-ဒေါ်နီလာ၊ ဒေါ်ညိုညိုအောင်(ထ-၁၊ အင်းစိန်)၊ ဦးဖြိုးသန့်ဆွေ-ဒေါ်သက်သက်အောင်(ခေတ္တ-ဂျပန်)တို့၏ဖခင်၊ မအိမ့်မြတ်နွယ်၊ မောင်ထက်ပိုင်ဘုန်း၊ မောင်ဇွဲမင်းထက်၊ မောင်ကြည်ခန့်ဟန်၊ မအေးချမ်းကိုတို့၏ အဘိုး ဦးတင်အောင်သည် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀း၃၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်မောင်**

**အသက်(၇၅)နှစ်**

**နွားထိုးကြီးမြို့**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့၊ (၃)ရပ်ကွက်၊ အမှတ်(၃/က)နေ ဒေါ်ရင်ရင်မေ၏ ခင်ပွန်း၊ ဦးဇော်မင်းသန့် (DGM-CB Bank)-ဒေါ်သီရိသိန်းဝင်းတို့၏ဖခင် ဦးမောင်မောင်သည် ၁၆-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**CB Bank မိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၄၊ မြေကွက်အမှတ်-၅၉၁၊ မြေကွက်တည်နေရာအမှတ်-၅၉၁၊ (၁၀၄)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဒေါ်ယဉ်ယဉ်ဌေး[၁၂/စခန(နိုင်)၀၁၁၆၀၂]အမည်ပေါက်ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်ယဉ်ယဉ်ဌေး[၁၂/စခန(နိုင်)၀၁၁၆၀၂]ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ၁၅-၈-၂၀၀၂ရက်တွင် ဦးဌေးသန်း[၁၄/အဂပ(နိုင်)၁၁၂၉၄၅]မှ ဝယ်ယူခဲ့ပြီး ပါမစ်မူရင်းဖြင့် ဂရန်သစ်လျှောက်ထားလာရာ တင်ပြပါမစ်တွင် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းသာပါရှိပြီး မိသားစုဓာတ်ပုံပျက်စီးနေပါသဖြင့် (ပါမစ်စုံ)ဖြင့်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၁)ထပ်အုပ်ညှပ်အဆောက်အအုံ(၁)လုံးရှိပြီး လူမနေသော့ဖွင့်ပြပါကြောင်းတင်ပြ၍ ပါမစ်ရှိ(ပါမစ်မစုံ)ဖြင့် နှစ်(၆၀)မြေငှားစာချုပ် ဂရန်သစ်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ် ကွက်အမှတ်-၄၉၊ မြေကွက်အမှတ်-၇၉၉/ခ၊ မြေကွက်တည်နေရာအမှတ်(၇၉၉/ခ)၊ ဣန္ဒာ (၇)လမ်း၊ (၄၉)ရပ်ကွက်၊ ဦးထွန်းလှိုင်[၁၂/ဥကမ (နိုင်)၁၃၃၂၀၈]အမည်ပေါက် နှစ်(၆၀)ဂရန် မြေအား အမည်ပေါက်သူ ဦးထွန်းလှိုင်ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း မင်္ဂလာ တောင်ညွန့်မြို့နယ် တရားရုံးကျမ်းကျိန်လွှာ အမှတ် ၇/၂၀၂၆(၂၅-၇-၂၀၁၈)၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဦးထွန်းလှိုင်ထံမှ GP No.၆၉ ၅၁/၁၈(၂-၇-၂၀၁၈)ဖြင့် ရရှိသူ ဒေါ်ပို့ပို့(ခ)သက်သက်ရှိန်[၁၂/ဥကတ(နိုင်)၀၁၆၀၉၁]မှ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာနှင့်အတူ ဂရန်မိတ္တူလျှောက်ထားလာမှုအပေါ် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၁)ထပ်ပျဉ်ထောင်(၁)လုံး လျှောက်ထားသူနေထိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် အဆိုပါဂရန်မိတ္တူလျှောက်ထားမှုပေါ် တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်မြမဥ္စူ(မန်နေဂျင်းဒါရိုက်တာ)
## M.INTERIOR DESIGN CO.,Ltd၏ လွှဲအပ်ညွှန်ကြားချက်အရ
## ၁-၁-၂၀၁၉၊ ၈-၁-၂၀၁၉၊ ၁၅-၁-၂၀၁၉ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာများနှင့် ကြေးမုံသတင်းစာများတွင် တရားလွှတ်တော်ရှေ့နေ ဦးအောင်မြင့်နှင့် ဒေါ်ဘေဘီသင်းတို့၏ ကြေညာချက်နှင့်စပ်လျဉ်း၍ ဖြစ်ရပ်မှန်အား အများသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်မြို့နေ ဦးကျော်သန်းတင့်(ခ)James Jason [၁၂/သယက(နိုင်)၁၆၅၀၅၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးကျော်သန်းတင့်(ခ)James Jason သည် ယခင်က စင်ကာပူနိုင်ငံအခြေစိုက်၊ နိုင်ငံခြားကုမ္ပဏီတွင် INTERIOR DESIGNER အဖြစ် လုပ်ကိုင်ခဲ့ရာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည့်အခါတွင် ဒေါ်မြမဥ္စူ၏ ကုမ္ပဏီဖြစ်သော (M.INTERIOR DESIGN Co.,Ltd)တွင် ဒေါ်မြမဥ္စူ၏ အစီအစဉ်ဖြင့် Junion Partner အဖြစ် စာချုပ်ချုပ်ဆို ကူညီလုပ်ကိုင်ပေးခဲ့ပါသည်။ ထိုသို့ စာချုပ်ချုပ်ဆိုပြီးနောက်တွင် ကုမ္ပဏီတွင် မူလကသုံးစွဲနေသော (DRAWING DESIGN)များကို နိုင်ငံတကာအဆင့်မီ (STANDARD DESIGN DRAWING)များ ဖြစ်စေရန် ဦးကျော်သန်းတင့်မှ တာဝန်ယူ ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဦးကျော်သန်းတင့်၏ ကိုယ်ပိုင်ဉာဏ်စွမ်းနှင့် တတ်ကျွမ်းသည့် အသိပညာဖြင့်ရေးဆွဲပေးခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ပေးရုံမျှမကဘဲ ကုမ္ပဏီအတွင်း တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကိုလည်း DRAWING နှင့် DESIGN များကို အခြေခံမှစတင်၍ အဆင့်မြင့်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန် သင်ကြားပေးခဲ့ပါသည်။ ၎င်းအပြင် ကုမ္ပဏီအတွက်လိုအပ်သည့် ဝန်ထမ်းအသစ်ရှာပေးခြင်း၊ လိုအပ်သည့် အတတ်ပညာများသင်ကြားပေးခြင်းများကိုလည်း စေတနာထက်သန်စွာ စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ၎င်းအပြင် ဆောက်လုပ်ရေး ကြီးကြပ်မှုဆိုင်ရာ လုပ်ငန်းများကိုလည်း ပူးတွဲလုပ်ကိုင်ပေးခဲ့ပါသည်။ ဦးကျော်သန်းတင့်နှင့် ဒေါ်မြမဥ္စူတို့အကြား ဒေါ်မြမဥ္စူ၏ အစီအစဉ်ဖြင့် ချုပ်ဆိုခဲ့သည့်စာချုပ်ကိုလည်း ၃၁-၃-၂၀၁၈ရက်တွင် ပယ်ဖျက်ခဲ့ကြပါသည်။ သို့သော်ငြားလည်း ဒေါ်မြမဥ္စူ၏ မေတ္တာရပ်ခံချက်အရ ကုမ္ပဏီအတွက် ဆက်လက်လုပ်ကိုင်ပေးပါဆိုသဖြင့် ၁-၄-၂၀၁၈ရက်မှစ၍ ကုမ္ပဏီ၏(Project Consultant)အဖြစ် လူမှုရေးအရ ကူညီလုပ်ကိုင်ပေးခဲ့ပါသည်။ ထိုသို့လုပ်ကိုင်ပေးရာတွင် နှစ်ဦးနှစ်ဖက် စာချုပ်ချုပ်ဆိုထားခြင်းမရှိပါ။ ထိုသို့စာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိရခြင်းမှာ ဒေါ်မြမဥ္စူ စီစဉ်ထားသော စာချုပ်ပါအချက်အလက်များသည် မျှတခြင်းမရှိသည့်အပြင် ဦးကျော်သန်းတင့် လက်ခံနိုင်သည့် အချက်အလက်များမဟုတ်၍ တစ်ကြောင်း၊ ယခင်ပယ်ဖျက်ထားပြီးသော စာချုပ်ကဲ့သို့ဖြစ်နေသဖြင့် စာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိခဲ့ပါ။

သို့ဖြစ်ရာ ဒေါ်မြမဥ္စူကုမ္ပဏီနှင့် ဦးကျော်သန်းတင့်တို့အကြား ယခင်ကချုပ်ဆိုခဲ့သည့် စာချုပ်မှာလည်း ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် နောက်ထပ်သဘောတူညီထားသည့် အကြောင်းအရာများဖြင့် ထပ်မံစာချုပ် ချုပ်ဆိုထားခြင်းလည်း မရှိကြောင်း ဒေါ်မြမဥ္စူကိုယ်တိုင်သိရှိထားပြီး ဖြစ်ပါသည်။ သို့သော်လည်း လူမှုရေးအရ ဦးကျော်သန်းတင့်မှ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ဒေါ်မြမဥ္စူနှင့် ဦးကျော်သန်းတင့်တို့အကြားတွင် ပုဂ္ဂိုလ်ရေးအရ နားလည်မှုမရရှိကြတော့သဖြင့် ဦးကျော်သန်းတင့်အနေဖြင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့ပါ။ ထိုသို့ဖြစ်ရပ်မှန်များရှိနေပါလျက် ဒေါ်မြမဥ္စူ၏ ရှေ့နေမှ သတင်းစာများတွင် ထပ်တလဲလဲ အကြိမ်ကြိမ်ကြေညာခြင်းသည် ဦးကျော်သန်းတင့်(ခ) James Jason အား ပတ်ဝန်းကျင်မှ ထင်ယောင်ထင်မှား ဖြစ်စေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန် တမင်နစ်နာစေရန် ရည်ရွယ်က ကြေညာခြင်းမျိုး ဖြစ်နေပါသည်။ (Project Consultant)သည် ကုမ္ပဏီဝန်ထမ်းအဖြစ်သော်လည်းကောင်း၊ လက်ထောက်အဖြစ်သော်လည်းကောင်း သတ်မှတ်၍မရနိုင်ပါ။ ထိုသို့ ကုမ္ပဏီဝန်ထမ်းမဟုတ်ကြောင်း ယခင်ကလည်း အသိပေးအကြောင်းကြားပြီးဖြစ်ပါသည်။ ထပ်မံ၍ သတိပေးလိုသည်မှာ ကုမ္ပဏီဝန်ထမ်း မဟုတ်ပါလျက် ဝန်ထမ်းသကဲ့သို့ စွပ်စွဲပြောဆိုသုံးနှုန်းခြင်းကို လုံးဝလက်ခံမည်မဟုတ်ပါ။ DESIGN နှင့် ပတ်သက်၍ DRAWING များသည် ဦးကျော်သန်းတင့်ကိုယ်တိုင် စိတ်ကူးဖြင့် ဖန်တီးတီထွင်ထားသော အရာများဖြစ်၍ ဦးကျော်သန်းတင့်သည် မည်သည့်အချိန်မဆို ကိုယ်ပိုင်အတွေးအခေါ်များဖြင့် အသစ်တစ်ဖန် ပြန်လည်တီထွင်ဖန်တီးနိုင်စွမ်းရှိသူ တစ်ဦးလည်းဖြစ်ပါသည်။ ဦးကျော်သန်းတင့်သည် မိမိကိုယ်ပိုင်အတွက်သော်လည်းကောင်း၊ ပြည်တွင်းရှိ ကုမ္ပဏီနှင့်လူပုဂ္ဂိုလ်တို့သော်လည်းကောင်း၊ ပြည်ပရှိကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း လုပ်ငန်းတူလုပ်ကိုင်ခြင်းများ ဆောင်ရွက်ခဲ့လျှင် ဒေါ်မြမဥ္စူအနေဖြင့် ဟန့်တားပိတ်ပင်ခွင့်ရှိမည်မဟုတ်ပါ။ ဒေါ်မြမဥ္စူ၏ သတင်းစာပါ ကြေညာချက်တွင် ကုမ္ပဏီမှတီထွင် ရေးဆွဲထားသည့် ကုမ္ပဏီပိုင် Design များနှင့် Project အချက်အလက်များကို ဦးကျော်သန်းတင့်မှ ယူဆောင်သွားသည်ဆိုခြင်းမှာ လုံးဝမှန်ကန်မှုမရှိပါ။ ယုတ္တိလည်းမတန်ပါ။ တမင်စွပ်စွဲခြင်းသာဖြစ်ပါသည်။ သို့ပါသောကြောင့် ဦးကျော်သန်းတင့်၏ ကိုယ်ပိုင်ဉာဏ်တတ်ကျွမ်းသည့် အသိပညာဖြင့် အသစ်တစ်ဖန် ပြန်လည်ရေးဆွဲထားသော မည်သည့် DESIGN နှင့် DRAWING များကို မည်သည့်လုပ်ငန်းတွင်မဆို ဆောင်ရွက်နိုင်သည်ဖြစ်ရာ မည်သူမျှ ကန့်သတ်တားဆီးပိတ်ပင်ပိုင်ခွင့်မရှိပါ။ သို့ဖြစ်ရာ ဒေါ်မြမဥ္စူကုမ္ပဏီ၏ အကြိမ်ကြိမ်ကြေညာချက်များသည် မှန်ကန်မှုမရှိသည့်အလျောက် ဦးကျော်သန်းတင့်(ခ)James Jason အနေဖြင့် သည်းခံခွင့်လွှတ်မည်မဟုတ်တော့ပါကြောင်းနှင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်တော့မည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးကျော်သန်းတင့်(ခ)James Jason**

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထွန်း**
**B.A(Law)LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၉၃)**
**အမှတ်(၁၈၉/၁၉၅)၊ (၁၀)လွှာ၊**
**ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၄၃၇၆၅၊ ၀၉-၄၄၈၀၂၂၀၈၈**

**ဒေါ်မြတ်သန္တာငြိမ်း**
**LL.B.,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၈၈)**
**အမှတ်(၁၈၉/၁၉၅)၊ (၁၀)လွှာ၊**
**ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။**

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဒေါက်တာချမ်းငြိမ်း(ကန့်ဘလူမြို့)**

**B.E(Mech), D.I.C, M.Sc (London)**

**Ph.D(London) ၊ပညာရေးဝန်ကြီး(ငြိမ်း)**

**အသက်(၇၅)နှစ်**

ကန့်ဘလူမြို့နေ (ဦးတင်မောင်-ဒေါ်အိုဇာ)တို့၏ သား၊ ဒေါက်တာစန္ဒာအောင် (ပါမောက္ခ-စက်မှုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ ချစ်လှစွာသော ခင်ပွန်း ဒေါက်တာချမ်းငြိမ်း (ပညာရေးဝန်ကြီး၊ ငြိမ်း)သည် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဆရာကြီး ဒေါက်တာချမ်းငြိမ်း(ပညာရေးဝန်ကြီး-ငြိမ်း)**

**အသက် (၇၅) နှစ်**

ဆရာကြီး ဒေါက်တာချမ်းငြိမ်း (ပညာရေးဝန်ကြီး၊ ငြိမ်း) သည် ၁၇-၁-၂၀၁၉ ရက် (ကြာသပတေးနေ့) ညနေ ၆း၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊**
**ဒုတိယဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးဝင်းမြင့်**

**အသက်(၇၅)နှစ်**

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar Japan SEDA) ၏ တွဲဖက်အတွင်းရေးမှူးဖြစ်သူ ဒေါ်ခင်စန္ဒီ၏ ချစ်လှစွာသော အစ်ကိုကြီး ဦးဝင်းမြင့် အသက်(၇၅)နှစ်သည် ၁၇-၁-၂၀၁၉ ရက် ဝ၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် အသင်းကြီးမှ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ**
**မြန်မာ-ဂျပန် SEDA**

---

**(၁၆)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း**

**ဆရာကြီး ဦးအောင်သိန်း (အင်္ဂလိပ်စာ)**

**(ရွှေဘို)**

**(၁၉-၁-၂၀၀၃ မှ ၁၉-၁-၂၀၁၉)**

ဆရာကြီးအား ရည်စူး၍ နှစ်စဉ် ကောင်းမှုကုသိုလ်များ ပြုလုပ်ပါသည်။ ဆရာကြီးအား အမြဲ သတိရအောက်မေ့လျက်-

တပည့်-

**ဦးအောင်ကျော်နိုင်(သရုပ်ပြပေါင်း) SUOE-ဒေါ်နုနုရွှေ**
**သား-မောင်ကျော်ထင်သော်နိုင်**
**အောင်ပညာရိပ်မွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ စစ်ကိုင်း**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ကိုကျော်ကျော် (A/B)**

**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ ရွာမ(၁)လမ်း၊ အမှတ်(၃၈၀)နေ မသင်းသင်းကြိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ကျော်ဘုန်းသန့်၏ဖခင် ကိုကျော်ကျော်သည် ၆-၁-၂၀၁၉ ရက် ဒေသစံတော်ချိန် ၂၂း၂၀ နာရီတွင် စင်ကာပူနိုင်ငံ M.T.M Ship Management မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော MT.AQUABELLE သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**M.T.M Ship Management**

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ဥခင်**

**အသက်(၈၀)**

(ဦးစိန်ဖေ-ဒေါ်စောတင်)တို့၏ သမီး၊ ဦးစန်းယု-ဒေါ်သူဇာလှိုင်(ဆသရ)၊ ဒေါ်လှလှသန်းတို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွား၊ ဦးသောင်း၏ ဇနီး ဒေါ်ဥခင် (ဆသရ-ငြိမ်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးချုပ်)သည် ၁၇-၁-၂၀၁၉ ရက် ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၉ ရက်တွင် အမှတ်(၃၇)၊ (၁၄)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်မော်စီ**

**အသက် (၆၇) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၈/၃)၊ မြို့ပတ်လမ်း၊ ရုံးတော်ကွက်နေ (ဦးတင်မောင်-ဒေါ်ရွှေ)တို့၏သမီး၊ နေပြည်တော်၊ တပ်ကုန်းမြို့နေ (ဦးသိန်းလွင်)-ဒေါ်ရီလေးတို့၏ညီမ၊ ဦးရွှေသိန်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေး/မြေ)၏ဇနီး၊ Singapore နေ ဦးစန်းယုလှိုင် (MD, TradeLink Group of Companies)-ဒေါက်တာလှနုဖြူ(Scientist, Institue of High Performance Computing-A* STAR)၊ ရန်ကုန်မြို့၊ သုဝဏ္ဏနေ ဒုတိယဗိုလ်မှူးကြီး မျိုးမင်းသိန်း (တပ်မတော်-ရေ)-ဒေါ်ကေသီထွေး၊ သန်လျင်မြို့နယ်နေ ဦးတိုးဝင်းသိန်း (MD, TerraMyanmar Geoscience Co.,Ltd)-ဒေါ်နှင်းသီတာ၊ ဦးရဲလင်းထွန်း (Network Engineer, Speedcast Singapore Pte Ltd)-ဒေါ်အိခိုင်ဖြူ(Chief Accountant, TradeLink Engineering & Trading Pte Ltd)တို့၏မိခင်ကြီး၊ မြေး ခုနစ်ယောက်တို့၏အဘွား ဒေါ်မော်စီသည် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ဒေသစံတော်ချိန် ၁၀း၅၀ နာရီတွင် စင်ကာပူနိုင်ငံ၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၉ ရက်တွင် စင်ကာပူနိုင်ငံ(MANDAI CREMATORIUM)၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်မော်စီ (၆၇) နှစ်**

TerraMyanmar Geoscience Co.,Ltd ၏ Managing Director ဦးတိုးဝင်းသိန်း-ဒေါ်နှင်းသီတာတို့၏မိခင်ကြီး ဒေါ်မော်စီသည် ၁၀-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ဒေသစံတော်ချိန် ၁၀း၅၀ နာရီတွင် စင်ကာပူနိုင်ငံ၌ ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**TerraMyanmar Geoscience Co.,Ltd ဝန်ထမ်းမိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်တင်အုန်း**

**အသက် (၈၃) နှစ်**

ဖြူးမြို့၊ ထန်းကုန်းလမ်းနေ (ဦးဂွမ်စိန်-ဒေါ်ချို)တို့၏ သမီး၊ (ဦးအုန်းရှိန်)၏ချစ်လှစွာသောဇနီး၊ ဦးထွန်းထွန်းဦး(ဌာနမှူး-Archi Department Kyaw Thar Engineering & Construction Gruop)-ဒေါ်အေးအေးရှိန်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်အုန်းသည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Board of Director**
**Kyaw Thar**
**Engineering & Construction Group Co.,Ltd**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**Dr.ချမ်းငြိမ်း(ပညာရေးဝန်ကြီး-ငြိမ်း)**

**B.E (Mech),D.I.C, M.Sc (London), Ph.D. (London)**

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ (၁)လမ်း၊ အမှတ်(၅၃)နေ Dr.စန္ဒာအောင်(ပါမောက္ခ၊ စက်မှုအင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း၊ 86/95 RIT ကျောင်းသား/ကျောင်းသူဟောင်းများကို Mechanical နှင့်သက်ဆိုင်သော ဘာသာရပ်များ သင်ကြားပေးခဲ့သော ဆရာကြီး Dr.ချမ်းငြိမ်း(ပညာရေးဝန်ကြီး-ငြိမ်း) အသက် (၇၅) နှစ်သည် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆း၅၅ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ဆရာကြီး မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ကျေးဇူးရှင်ဆရာကြီး ကောင်းရာဘုံဘဝမှာ ရောက်ရှိခံစားနိုင်ပါစေရန် 86/95 RIT ကျောင်းသား/ကျောင်းသူဟောင်းများမှ ဆုတောင်းအပ်ပါသည်။

**86/95 RIT ကျောင်းသား/ကျောင်းသူဟောင်းများ**

---

## အနိစ္စ

**ဦးခင်အောင်**

**အသက်(၈၈)နှစ်**

**(အရာခံဗိုလ်-ငြိမ်း၊ ဆသရ-၂၁၂ တပ်)**

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ဝ/တ(၂၁၀)၊ မြသပိတ်ဘုရားလမ်းနေ (ဒေါ်စိန်မြိုင်)၏ ခင်ပွန်း၊ ဒေါ်အောင်ကြည်၊ (ဦးသိန်းနု) တို့၏ အစ်ကို၊ ဦးအောင်သူ(ဆသရ)-ဒေါ်သန်းကြည်၊ (ဦးကျော်အောင်)၊ ဦးတိုနီ-ဒေါ်အေးအေးမြိုင် (တောင်ကြီးတက္ကသိုလ်)တို့၏ မွေးသဖခင်၊ မောင်နောင်လတ်(KBZ ဘဏ်)၊ မမေသူသူခိုင်၊ မလင်းလင်းထက်ကျော်၊ မသန္တာအောင်တို့၏ အဘိုးသည် ၁၈-၁-၂၀၁၉ ရက် မွန်းလွဲ ၂း၄၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၁၇၄)၊ (၄၇)လမ်း၊ သုံးလွှာ၊ ဗိုလ်တထောင်မြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်းဒါယကာကြီး**

**ဦးမောင်မောင်ကြင်**

**(ကျန်းမာရေးမှူး-ငြိမ်း)**

**အသက် (၈၄) နှစ်**

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အား/ကာ၊ တိုက်တန်း(B)၊၉-၁၀ နေ(ဦးကျော်လှိုင်-ဒေါ်နွေးဖြူ)တို့၏သား၊ [ဒေါ်ကြီးမေ (ကျန်းမာရေးဆရာမ)] ၏ ခင်ပွန်း၊ ကိုဇော်ဝင်းနိုင် - မသိန်းသိန်းဆင့်၊ ကိုအောင်မျိုးနိုင်-မငွေငွေသိန်း၊ မလှမျိုးနိုင်၊ ကိုကျော်လင်းနိုင်-မနှင်းလဲ့လဲ့အေးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၃း၅၀ နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင်စီလုံ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ပန်းလှိုင်စီလုံဆေးရုံကြီးမှ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်ခန်းမ၌ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) တွင် မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အား/ကာ၊ တိုက်တန်း(B)၊ ၉-၁၀ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ကိုရန်နိုင်ဦး**

**အသက်(၃၈)နှစ်**

တောင်သာမြို့နယ်၊ ခြင်းရားတောင်ရွာနေ ဒေါ်စောခင်၏မြေး၊ ဦးမြမောင်း- ဒေါ်ပုလေးတို့၏သား၊ ရန်ကုန်မြို့နေ ဦးကျော်သန်း-ဒေါ်အေးသိန်းတို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ ဆင်ဖြူရှင်ကွက်သစ်(၁)လမ်း၊ အမှတ်(၇၆၉/ခ)နေ မဂူးဂူး၊ မောင်ချွန်းချွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ဇင်မေထွန်း၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၆-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၁၉ (အင်္ဂါနေ့) နံနက်တွင် အမှတ်(၇၆၉/ခ)၊ (၉)ရပ်ကွက်၊ ဆင်ဖြူရှင်ကွက်သစ်(၁)လမ်းနေ ဒေါ်ဇင်မေထွန်းတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးအီဟိုး(ခ)တန်အီဟိုး**

**ဖျာပုံ**

**အသက်(၁၀၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၅၇၂)၊ ပထမထပ်နေ (ဒေါ်ကျင်တွမ်)၏ ခင်ပွန်း၊ ဒေါ်ကီး၊ ဒေါ်ရှု၊ ဒေါ်မွီး၊ ဦးဇော်နိုင်-ဒေါ်ခင်မျိုးလွင်၊ ဦးစိန်ဝင်း-ဒေါ်ကွိလျှံ၊ ဦးစိုးနိုင်-ဒေါ်ကွေ့ဝှါ၊ ဦးမျိုးနိုင်-ဒေါ်အေးအေးသင်း၊ ဦးသောင်းငွေ-ဒေါ်အေးအေးမြင့်၊ မချယ်ရီတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေး ၁၆ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၁၈-၁-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်အေးအေး**

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အမှတ်(၂၆)၊ သီရိမင်္ဂလာလမ်းနေ (ရွှေနေဦးဘညွန့်-ဒေါ်စိန်ထွေး)တို့၏သမီး၊ (ဦးလှအေး)၏ဇနီး၊ ဒေါ်နီလာဦး(ရတနာမေတ္တာအဖွဲ့)၏မွေးသမိခင်ကျေးဇူးရှင် ဒေါ်အေးအေးသည် ၁၇-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးဝင်းနိုင် B.E(EP)အသက် (၅၁) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ အမှတ်(၁၄၀)နေ ဦးကြည်ဝင်း-ဒေါ်ကျင်စုတို့၏သားကြီး၊ ရန်ကုန်မြို့နေ(ဦးမြင့်တိုး-ဒေါ်လှလှနွယ်)တို့၏သားသမက်၊ (ဦးအောင်ဇော်ဝင်း)-ဒေါ်ခင်နှင်းသီ၊ မကြည်စုမွန်(NTT Data)တို့၏အစ်ကို၊ မအေးချမ်းမိုး(Moe Htet Gabar group of Companies)၊ မောင်သော်ဇင်(MLA)တို့၏ ဖခင်၊ မဖြိုးအိခင်(စီးပွားရေးတက္ကသိုလ်)၊ မမြတ်မွန်သန့်(MLA)တို့၏ဘကြီး၊ ဒေါ်ကေသီခိုင်၏ခင်ပွန်းသည် ၁၅-၁-၂၀၁၉ (အင်္ဂါနေ့) ည ၁၀း၁၅ နာရီတွင် ဘန်ကောက်မြို့၊ VEJTHANI ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ဘန်ကောက်မြို့၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၁၉(တနင်္လာနေ့)နံနက်၇နာရီမှ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ကိုကျော်ကျော် (A/B)**

**အသက်(၃၃)နှစ်**

**CDC-78927**

**MT.AQUABELLE**

**M.T.M Ship Management**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ကြိုးကြာကန်ရွာနေ ဦးတင်ဝင်း-ဒေါ်အေးအေးဆင့်တို့၏ သားငယ်၊ ကော့မှူးမြို့နယ်နေ ဦးဉာဏ်လွင်-ဒေါ်ဖြူလုံးတို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ ရွာမ(၁)လမ်း၊ အမှတ်(၃၈၀)နေ မသင်းသင်းကြိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ဘုန်းသန့်၏ ဖခင် ကိုကျော်ကျော်သည် စင်ကာပူနိုင်ငံ M.T.M Ship Management MT.AQUABELLE သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရင်း ၆-၁-၂၀၁၉ ရက် ဒေသစံတော်ချိန် ၂၂း၂၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သဂြိုဟ်မည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးအောင်ဇေယျ**

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၄)လမ်း၊ အမှတ်(၄၅/B)၊ လေးလွှာနေ ဦးလှခင်-ဒေါ်သန်းသန်းတို့၏သား၊ ဒေါ်အေးမြင့်ရည်၏ ခင်ပွန်း၊ မောင်သီဟအောင်၊ မပြည့်ဆုအောင်တို့၏ ဖခင်သည် ၁၈-၁-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁-၂၀၁၉ (ကြာသပတေးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်စန်းဦး (၅၂)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၄၄၀)နေ ဦးခင်မောင်ကြီး-(ဒေါ်အေး)တို့၏ သမီးကြီး၊ ဦးအောင်မင်းဦး-ဒေါ်ထိုက်ထိုက်ဝင်း၊ ဒေါ်သန်းသန်းမော်တို့၏ အစ်မကြီး၊ ဒေါ်ခင်စန်းဦးသည် ၁၈-၁-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

**ဦးရီလွင် (ZO NUN SANGA)**

**အငယ်တန်းစာရေး၊**
**ဗိုလ်တထောင်မြို့နယ်၊**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက် (၄၆) နှစ်**

သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သခင်ထွန်းအုပ်လမ်း၊ အမှတ်(ခ/၁၃၂)နေ [ဦးမောရ (LAL CHUNG NUNGA)] - ဒေါ်လျန်နီး (HRANG KAP LIANI) တို့၏ သားငယ်၊ ဒေါ်နွယ်နီဦး (LAL HU THANGI)၊ [ဒေါ်ဝင်းဝင်းမာ (LAL DUAWMI)]၊ ဦးမိုးလွင် (ZO SANG LURA)(ရေယာဉ်အရာရှိ၊ ရေကြောင်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်ငွေငွေတို့၏မောင်၊ မောင်ပြည့်စုံ၊ (မသိမ့်ဇာခြည်)၊ မောင်ကောင်းထက်ဝင်း၊ မစန္ဒီမိုးလွင် (LALAWM PULL)၊ မဆုမြတ်မိုးလွင် (LAL THAN ZAMI)၊ မနာအိုးမီး(NAOMI) တို့၏ချစ်လှစွာ သောဦးလေး ဦးရီလွင် (ZO NUN SANGA)သည်၁၈-၁-၂၀၁၉ (သောကြာနေ့) နံနက် ၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၁-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (သန်လျင်နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီ၊ ဗိုလ်တထောင်မြို့နယ်နေအိမ်မှ မွန်းလွဲ ၂ နာရီ၊ မောနွေလဘုရားကျောင်းနှင့် အင်းစိန်သရက်တောမှကားများ မွန်းလွဲ ၂ နာရီတို့တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ဟန်နု**

**အသက် (၇၈) နှစ်**

အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာလမ်းနေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်ဟန်နုသည် ၁၄-၁-၂၀၁၉ (တနင်္လာနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ နှမြောတသအထူးဝမ်းနည်းခြင်းဖြစ်ပြီး သံဝေဂဉာဏ် ရယူပါကြောင်း။

**သာသနအကျိုးတော်ဆောင်အဖွဲ့**
**မင်္ဂလသိရီပရိယတ္တိစာသင်တိုက်**
**ဖော့ကန်၊ အင်းစိန်**

**သာသနနုဂ္ဂဟအဖွဲ့**
**အနန္တဂုဏ်ရည်ကျောင်းတိုက်**
**ထန်းပင်ကုန်း၊ အင်းစိန်**

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်

သတင်း စာမျက်နှာ » ၃

# မြန်မာ-ဂျပန် ဂီတပွဲတော်(၂၀၁၉) ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ




ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ မြန်မာ-ဂျပန် ဂီတပွဲတော် (၂၀၁၉) ကျင်းပစဉ်။

**ရန်ကုန် ဇန်နဝါရီ ၁၈**

နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ Mr. Yunosoke Yamamoto (Conductor & Composer) ဦးဆောင်သော ဂီတအနုပညာရှင်အဖွဲ့တို့ ပူးပေါင်းတင်ဆက်သည့် မြန်မာ-ဂျပန် ဂီတပွဲတော်(၂၀၁၉)ကို ယနေ့ညပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါဂီတပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ခင်မျိုးကြည်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro Maruyama နှင့် သံရုံးတာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ပြီးဆုံး မြဝတီအသင်း ရာသီဝက်ချန်ပီယံဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁၈**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့နောက်ဆုံးပွဲဖြစ်သည့် သစ္စာအားမာန်နှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားသည်။

| | | |
|---|---|---|
| **မြဝတီ** | - | **တစ်ဂိုး** |
| **သစ္စာအားမာန်** | - | **ဂိုးမရှိ** |

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် သစ္စာအားမာန်အသင်းသည် ပထမဆုံး ရှုံးပွဲကြောင့် ထိပ်ဆုံးမှဖယ်ပေးခဲ့ရသလို တတိယနေရာသို့ ဆင်းပေးခဲ့ရသည်။ မြဝတီအသင်းသည် လိုအပ်နေသည့်ပွဲတွင် အနိုင်သုံးမှတ်ရယူ၍ ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆု ကာကွယ်နိုင်ရန်လည်း အခွင့်အရေးပိုကောင်းသွားခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✪

## တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ



ရှမ်းပြည်နယ်အသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၁)၌ ရှမ်းပြည်နယ်အသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကြရာ အချိန်ပိုအထိ ဂိုးမရှိသရေကျသဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို ခြောက်ဂိုး-ငါးဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၃)၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကြရာ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ◯

AR YU INTERNATIONAL HOSPITAL
GLOBAL CARE within reach

အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၏
ဝန်ဆောင်မှုနှင့် အထောက်အပံ့များ

- ထိုင်းနိုင်ငံ၏အယုံကြည်စိတ်ချရဆုံးဖြစ်သော ဓာတ်ခွဲခန်းဆိုင်ရာနည်းပညာဝန်ဆောင်မှုနှင့် အထောက်အပံ့ပစ္စည်းများ
- သေချာစွာလေ့ကျင့်သင်ကြားထားသော ဓာတ်ခွဲခန်းဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများရှိခြင်း
- ခမ်းနားသေသပ်လှပသော ဧည့်နားနေခန်းမ
- ထူးခြားသာလွန်ကောင်းမွန်၍ သက်တောင့်သက်သာရှိသော အတွင်းလူနာခန်းများ
- တစ်နေရာတည်းပြီးပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုစင်တာ
- ပင်မဆေးရုံအဆောက်အဦးနှင့်တိုက်ရိုက်ဆက်သွယ်ထားသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
- ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် ပိုမိုတိကျသေချာသော ရောဂါအဖြေများအားသိရှိနိုင်ခြင်း
- အတွေ့အကြုံများစွာရှိသည့် အထူးကုသမားတော်ကြီးများမှ စမ်းသပ်စစ်ဆေးကုသပေးခြင်း

ပြင်ပလူနာဌာနတွင် အောက်ပါရောဂါအမျိုးမျိုးတို့အား
စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိပါသည်

- နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများ
- ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ
- အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ
- အသည်းရောဂါအမျိုးမျိုး
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါများ
- သားဖွားနှင့်မီးယပ်ရောဂါများ
- ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
- အရေပြားရောဂါဆိုင်ရာရောဂါအမျိုးမျိုး
- ကလေးအထွေထွေရောဂါများ
- အထွေထွေရောဂါအမျိုးမျိုးတို့အား ခွဲစိတ်ကုသခြင်းနှင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (၀၁) ၉၃၇ ၆၂၀၀
www.aryuhospital.com

# တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

၈

ဇန်နဝါရီ ၁၉၊ ၂၀၁၉ (စနေနေ့)


# ဒိုင်ရ်ချင်းတို့၏စိတ်ဝင်စားဖွယ်ပါးရဲထိုးခြင်းဓလေ့တစ်ခု

မင်းလပြည့်

ကမ္ဘာပေါ်ရှိလူမျိုး(သို့မဟုတ်)လူမျိုးနွယ်စုများ၌ စိတ်ဝင်စားဖွယ်ကောင်းသော ရိုးရာဓလေ့များရှိကြပါသည်။ ၎င်းတို့အနက် ဒိုင်ရ်ချင်းတို့၏ မျက်နှာပါးရဲထိုးခြင်း ဓလေ့သည်လည်း စိတ်ဝင်စားဖွယ် ဓလေ့တစ်ခုဖြစ်ပါသည်။ ပါးရဲထိုးသည့်ပုံစံများမှာ မတူညီကြသော်လည်း အာဖရိက၊ တရုတ်နှင့် အိန္ဒိယ စသည့် နိုင်ငံများရှိ တချို့လူမျိုးနွယ်စုများတွင် ပါးရဲထိုးဓလေ့များရှိခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံရှိ နာဂ၊ ချင်း၊ ဗမာနှင့် ရှမ်းတို့တွင်လည်း ပါးရဲထိုးခြင်းဓလေ့ရှိခဲ့သည်။ ရှမ်းနှင့် ဗမာတို့တွင် ကိုယ်ခန္ဓာအစိတ်အပိုင်းများတွင် ထိုးထားကြသည်ကိုတွေ့ရှိရပြီး နာဂလူမျိုးတချို့တွင်မူ အမျိုးသား အမျိုးသမီးမခွဲခြားသည့်အပြင် မျက်နှာတွင်သာမက ခန္ဓာကိုယ်တွင်လည်း ထိုးလေ့ရှိကြကြောင်း လေ့လာသိရှိနိုင်သည်။ ချင်းလူမျိုးတွင် အမျိုးသမီးများကသာ မျက်နှာမှာ ပါးရဲထိုးလေ့ရှိကြသည်။ ချင်းပြည်နယ်တောင်ပိုင်းနှင့် အရှိုချင်းမျိုးနွယ်စုတချို့တွင်တွေ့ရှိနိုင်သည်။ ချင်းမျိုးနွယ်စုများမှ စုမ်းတူ(Sum-tu)၊ လိုင်းတူ(Laitu)၊ ဒိုင်ရ်(Daai)၊ မွင်း(Muun)၊ ကာန်း(Kaang)၊ အုတ်ပူ(Utpu)၊ ငါရှာ့(Ng'yah)၊ ယင်ဒူး(Yindu)သို့မဟုတ် ယင်ဒူးဒါလ် (Yindu



Daar)၊ ချင်းပုံ(Chinpung) တို့တွင် မျက်နှာ ပါးရဲထိုးလေ့ရှိကြပါသည်။

ဒိုင်ရ်မျိုးနွယ်စုဘာသာစကားတွင် ပါးရဲကို မာန်(Ng'mang)ဟုခေါ်ပြီး ထင်ရှားသည့် ရိုးရာဓလေ့ဖြစ်သည်။ ခြေသလုံးနှစ်ဖက်၊ နဖူးနှင့် လက်ခလယ် သို့မဟုတ် လက်သူကြွယ်တို့တွင်လည်း ထိုးလေ့ရှိကြသည်။ မျက်နှာမှာပါးရဲထိုးသည့် ဓလေ့ခေတ်စားသည့် အချိန်ကာလတွင် မျက်နှာပါးရဲမထိုးသူများမှာ မပြည့်စုံသူများသဖွယ် ခံစားကြရသည်။ မိန်းကလေး၊ အမျိုးသမီး မပီသသူများဟု သတ်မှတ်ကြသည်။ မျက်နှာပါးရဲထိုးသူများတွင်မူ အိုမင်းရင့်ရော်လာကြသော်လည်း လှပနေဆဲဖြစ်သည်ဟု ရှုမြင်ကြရသည်။ အနက်ရောင်တစ်ခုတည်း မဟုတ်ဘဲ လှပသည့်နက်ပြာရောင် (ng'kung)သာဖြစ်သည်။ နောက်ဆုံးအယူအဆမှာမူ ကိုးကွယ်ယုံကြည်မှုနှင့် သက်ဆိုင်သည့် အယူအဆဖြစ်သည်။ ဒိုင်ရ်ချင်းတို့၏ အယူအဆတွင် သေလွန်ပြီးနောက် ကောင်းကင် (Mopi) နှင့် ငရဲ(Japi) သွားရာလမ်း ဂိတ်တစ်ခုမှာ ဒိုင်ရ်လို မိုးနူအွေး(Monuooi)ဟု ခေါ်သည့် တရားစီရင်သည့် ပုဂ္ဂိုလ်ရှိပြီး အမျိုးသားအမျိုးသမီးများကို စစ်ဆေးစီရင်သည်ဟု ဆိုသည်။

ယောက်ျားများအတွက် အသက်ရှင်စဉ်က သူတို့၏ပွဲလမ်းသဘင် (နွားနောက်သတ်ပွဲ)နှင့် မိမိတို့ရရှိသည့် နာမည်ကြီးတောတိရစ္ဆာန် အကောင်အမျိုးအစား၊ အကောင်အရေအတွက်တို့ဖြင့်သာ တိုင်းတာပြီး အမျိုးသမီးများကိုမူ သူတို့မျက်နှာမှာ ပါးရဲထိုး၊ မထိုးဖြင့်သာ စိစစ်ရသည်ဟု ယူဆကြသည်။ ထိုအချက်များမှ တစ်ခုမှဖြစ်နိုင်ခြေမရှိဟု ငြင်းဆိုရန်ခက်ခဲသလို တိကျမှန်ကန်သည့် အကြောင်းပြချက်များဖြစ်သည်ဟု ပြောဆိုရန်လည်းခက်ခဲသည်။ သေချာသည့် အချက်တစ်ချက်မှာ လူမျိုးနွယ်စုတစ်ခု၏ အရေးကြီးလှသည့် ဓလေ့တစ်ခုကို ကျင့်သုံးလာခဲ့ကြခြင်းမှာ ငြင်းဆို၍မရနိုင်ပါ။ ဒိုင်ရ်ချင်းမျိုးနွယ်စု၏ ထင်ရှားသည့် သင်္ကေတ လက္ခဏာနှင့် ရိုးရာဓလေ့ပင်ဖြစ်လေသည်။ မျက်နှာပါးရဲထိုးရာတွင် ဆူးပင်တစ်မျိုးမှရသည့် ဆူး သို့မဟုတ် ကြိမ်ပင်မှရသည့် ကြိမ်ဆူး၊ ဒိုင်ရ်လို လှော် အထူးကဏ္ဍ [ ခ ] သို့ »»

**ပါးရဲထိုးသည့်ပုံစံများမှာ မတူညီကြသော်လည်း အာဖရိက၊ တရုတ်နှင့် အိန္ဒိယ စသည့်နိုင်ငံများရှိ တချို့လူမျိုးနွယ်စုများတွင် ပါးရဲထိုးဓလေ့များရှိခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံရှိ နာဂ၊ ချင်း၊ ဗမာနှင့် ရှမ်းတို့တွင်လည်း ပါးရဲထိုးခြင်းဓလေ့ရှိခဲ့သည်။ ရှမ်းနှင့် ဗမာတို့တွင် ကိုယ်ခန္ဓာအစိတ်အပိုင်းများတွင် ထိုးထားကြသည်ကို တွေ့ရှိရပြီး နာဂလူမျိုးတချို့တွင်မူ အမျိုးသား အမျိုးသမီးမခွဲခြားသည့်အပြင် မျက်နှာတွင်သာမက ခန္ဓာကိုယ်တွင်လည်း ထိုးလေ့ရှိကြကြောင်း လေ့လာသိရှိနိုင်သည်။**

# မပုပ်မသိုး ပျံလွန်တော်မူနေသော ရခိုင်ကျောင်းဆရာတော်

**စစ်တွေ ဇန်နဝါရီ ၁၈**

ရခိုင်ကျောင်းဆရာတော်ဟု လူသိများသော ဆရာတော်ကြီး ဘဒ္ဒန္တအရှင်ဉာဏစက္က မထေရ်မြတ်သည် ရခိုင်ပြည်နယ် ပေါက်တောမြို့ တောင်ချောင်ကျေးရွာဇာတိဖြစ်သည်။ အကျင့်သီလ၊ သိက္ခာ၊ သမာဓိနှင့် ပြည့်စုံသောကြောင့် ကြည်ညိုသူပေါများခဲ့ပြီး မြန်မာပြည်အနှံ့ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများ အထူးအောင်မြင်ခဲ့သည်။ ဆရာတော်ကြီးသည် ၂၀၁၄ ခုနှစ် သက်တော် ၉၂ နှစ်မှာပင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြို့မပဒေသာ ရပ်ကွက် ရေချမ်းစင်ခရီးတောင်၌ အေးရိပ်သာကျောင်းတိုက်တစ်ခုကို သာသနာမျိုးစေ့ချပေးခဲ့နိုင်သလို ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် စသည်တို့တွင်လည်း ကျောင်းတိုက်ပေါင်း ၅၂ ကျောင်း ထူထောင်ပြီး သာသနာမျိုးစေ့ချပေးခဲ့သည်။

ဆရာတော်ကြီး အရှင်ဉာဏစက္ကသည် ရန်ကုန်မြို့ ပုလဲမြို့သစ် ဉာဏရွာရှိ မင်္ဂလာသီရိကျောင်းမှ မန္တလေးတိုင်းဒေသကြီး တံတားဦးလေဆိပ်အနီး စကားကင်းကျေးရွာရှိ မင်္ဂလာဇေယျကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့သည်။ ဆရာတော်ကြီးသည် နွေရာသီသုံးလခန့်တွင် တံတားဦးရှိ မင်္ဂလာဇေယျကျောင်းတိုက်မှ ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် အေးရိပ်သာကျောင်းတိုက်၌ ကြွရောက်သီတင်းသုံးကာ ဒါယကာ၊ ဒါယိကာမများအား တရားဟော၊ တရားပြကာ ကုသိုလ်ပွားစေခဲ့သည်။ ကျေးဇူးတော်ရှင်ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္ကသည် မန္တလေးတိုင်းဒေသကြီး တံတားဦးလေဆိပ်အနီး စကားကင်းကျေးရွာရှိ မင်္ဂလာဇေယျကျောင်းတိုက်တွင် အထူးကဏ္ဍ [ ခ ] သို့ »»




ဆရာတော်ဘဒ္ဒန္တအရှင်ဉာဏစက္က၏ ရုပ်ကလာပ်တော်ကို ဇန်နဝါရီ ၁၃ ရက်က စစ်တွေမြို့ အောင်သန်းကျောင်း(ယာယီစံကျောင်း)မှ ပေါက်တောမြို့သို့ ဇက်သင်္ဘောဖြင့် ပင့်ဆောင်လာစဉ်။



## »» ဒိုင်ရ်ချင်းမှ

(Ng'hlo)ဟုခေါ်သည့် နက်ပြာရောင်ကို ထွက်စေသော တောနွယ်ပင်ရွက် သို့မဟုတ် လှော်(Ng'hlo)လို့ခေါ်သည်။ အဝတ်အစားများကို အပြာနက်ရောင်တင်ရာတွင် အသုံးပြုသည့် တောင်ယာ၌စိုက်လေ့ရှိသည့် အပင်တစ်မျိုးမှ အရွက်ကို အရည်ညှစ်ပြီး ရောထည့်ရန် စုန်းကုန်း(Sungkung)ဟု ခေါ်သည့် မီးဖိုမှရသည့် ကျပ်ခိုးမှုန့် စသည်တို့ကို ဆုံကြသည်။ ထို့ပြင် မျက်နှာကိုဆူးဖြင့် ဖောက်ရာတွင် ထွက်လာသည့်သွေးများကို သုတ်ရန်အတွက် ဒိုင်ရ်လိုပေါလ်(K'poong)ဟု ခေါ်သည့်အပင်တစ်မျိုး၏ အရွက်နုများကိုလည်း အသုံးပြုကြသည်။ မိသားစုမှ မိန်းကလေးတစ်ဦးသည် အသက် ၁၂ နှစ်မှ ၁၅ နှစ်ကြားရှိနေပြီး မျက်နှာပါးရဲထိုးရန် အချိန်ရောက်လာပါက မိဘများက ပါးရဲထိုးကျွမ်းကျင်သူထံသို့ သွားပြီး ဆွေးနွေးညှိနှိုင်းရသည်။ ပါးရဲထိုးကျွမ်းကျင်သည့်သူမှာ အမျိုးသမီး တစ်ဦး သို့မဟုတ် တစ်ဦးထက် ပိုပြီးရှိတတ်သည်။ မိန်းကလေးသည် ပါးရဲထိုးရမည့် အသက်အရွယ်ထက် ကြီးနေသည့် အသက်ဖြစ်နေပါကလည်း အနာကျက်ရန် ခက်ခဲသည့်အတွက် ပါးရဲထိုးသူများက ကိုင်တွယ်ဆောင်ရွက်ပေးရန် ငြင်းဆိုတတ်ကြသည်။ လက်ခကို နေရာဒေသအလိုက်နှင့် ခင်မင်မှုအပေါ် မူတည်၍ စက်၊ မောင်း၊ ရိုးရာပုတီး၊ ရိုးရာစောင်းကစပြီး နွားနောက်အထိ ပေးကြရကြောင်းသိရသည်။

ထိုသို့မျက်နှာပါးရဲထိုးရာတွင် အန္တရာယ်ကင်းစွာ လုပ်ဆောင်နိုင်ရန်နှင့် ထိုးထားပြီးနောက် လှပစွာပြန်လည်ကောင်းမွန်နိုင်ရေး အတွက် ဒိုင်ရ်ချင်းလို စကားအရ Puik'tu (Puik'poh)ဟုခေါ်သော အနာဂတ်ကို ဟောကိန်းထုတ် တွက်ချက်ပေးလေ့ရှိသည့် ပုဂ္ဂိုလ်ထံသို့ ဦးစွာသွားရောက်မေးမြန်းကြရသည်။ ထိုပုဂ္ဂိုလ်မှ ရိုးရာထုံးစံအတိုင်း ဆောင်ရွက်ပြီး မည်သို့မည်ပုံ၊ မည်သည့်အချိန်တွင် ပြုလုပ်ပါက အဆင်ပြေကောင်းမွန်မည်ဖြစ်ကြောင်း တွက်ချက်ပေးရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကိုးကွယ်ယုံကြည်မှုအရ ပါးရဲထိုးမည့် မိန်းကလေးအတွက် ရည်ရွယ်လျက် ကြက်၊ ခွေး၊ ဝက် စသည့် အိမ်မွေးတိရစ္ဆာန်ဖြစ်သင့်ကြောင်း အနာဂတ်ဟောပြောသည့် ပုဂ္ဂိုလ်မှ တွက်ချက်ပြီးမှသာ ယဇ်ကောင်အဖြစ် အသုံးပြုရသည်။ ထိုသို့ပြုလုပ်သူများ ပြီးမြောက်ပါက အနာဂတ်ဟောကိန်းတွက်ချက်ပေးသူ၏ ညွှန်ကြားချက်အတိုင်း လုပ်ငန်းကို စတင်ဆောင်ရွက်ကြရသည်။

မျက်နှာပါးရဲထိုးသည့် လုပ်ငန်းကို စတင်ရတော့မည့်အချိန်တွင် ပါးရဲထိုးမည့် မိန်းကလေးကို ဆွေမျိုးနီးစပ်သည့် အဒေါ်၊ အစ်မတို့က တိတ်ဆိတ်သည့် အိမ် သို့မဟုတ် ရွာအပြင်တွင်ရှိသည့် အဆောက်အအုံတစ်ခုခုသို့ခေါ်ပြီး ညအိပ်ကြရသည်။ နောက်ရက်တွင် ပါးရဲထိုးခြင်းလုပ်ငန်းကို စတင်ကြရသည်။ ထိုသို့လုပ်ဆောင်စဉ်အတွင်း အခြားသူစိမ်း မသွားရောက်စေရန် ထင်သာမြင်သာရှိသည့်နေရာ၊ အိမ်၏အဝင်ဝဘက် ဝရန်တာတွင် သစ်ရွက်စိမ်းကို ထားရှိရသည်။ ထိုအမှတ်အသားမှာ သူစိမ်းဧည့်သည်မဝင်ရန် တားမြစ်သည့်အမှတ်အသားအဖြစ် ဒိုင်ရ်ချင်းတို့က နားလည်ကြရသည်။ ပါးရဲထိုးရာတွင် အထက်မှာ ဖော်ပြပြီးဖြစ်သည့်ပစ္စည်းများကို အသုံးပြုကြသည်။ ကြိမ်ပင် သို့မဟုတ် ဆူးပင်တစ်မျိုးမှ ဆူးသည် သွေးထွက်လာသည် အထိ မျက်နှာမှာ အကွက်ဖော်ရန်ဖြစ်သည်။ ဒိုင်ရ်ချင်းလို လှော်(Ng'hlo)ဟု ခေါ်သည့် အရွက်ကို အရည်ညှစ်ပြီး ကျပ်ခိုးမှုန့်နှင့် သမအောင်ရောရသည်။ ထိုအရည်ထဲတွင် ဆူးအချောင်း အမြောက်အမြားစွာတို့၏ ထိပ်ဖူးကိုစိမ်ထားပြီး ထိုစိမ်ထားသည့် ဆူးများကို အသုံးပြုကြရသည်။ ပါးရဲထိုးသည့် အချိန်မှာ တစ်ရက်မှ နှစ်ရက်ထိကြာတတ်သည်။ တချို့မိန်းကလေးများမှာ နာကျင်မှုကို မခံမရပ်နိုင်ဖြစ်ပြီး ထွက်ပြေးလေ့ရှိကြရာ နီးစပ်သည့် မိဘ၊ ဆွေမျိုးများက အချိန်ပြည့်စောင့်ကြည့်ပေးရသည်။ ပါးရဲထိုးပြီး လုပ်ငန်းပြီးဆုံးပြီးနောက် ပါးရဲထိုးထားသည့်မျက်နှာမှာ ပုံမှန်အားဖြင့် နှစ်ပတ်မှ သုံးပတ်အတွင်းတွင် ပြန်လည်ကောင်းမွန်လေ့ရှိသည်။ ပလက်ဝမြို့နယ် ဖုန်းလောင်ဒေသဘက်တွင်လည်း ပါးရဲထိုးထားသည့် ဒိုင်ရ်ချင်းအမျိုးသမီးဘဝကို တွေ့ရှိနိုင်သည်။





ကမ္ဘာကြီးသည် တစ်နေ့ပြီးတစ်နေ့ တိုးတက်ပြောင်းလဲလာသည့်အလျောက် မိဘများနှင့် သူတို့၏ သားသမီးများသည် ပါးရဲထိုးရန် မသင့်ကြောင်းနားလည်လာခဲ့ပြီး အားပေးခြင်း မပြုတော့ချေ။ ထို့အပြင် မျက်နှာပါးရဲထိုးသည့် ဓလေ့သည် အန္တရာယ်များသောကြောင့် လွန်ခဲ့သည့်နှစ် ၃၀ ဝန်းကျင်ခန့်ကပင် စွန့်လွှတ်လာခဲ့ကြသည်။ ဤသို့ မျက်နှာပါးရဲထိုးသည့်ဓလေ့သည် မျိုးနွယ်စုအတွက် အရေးကြီးသည့် အမှတ်အသားဖြစ်သကဲ့သို့ ရိုးရာယဉ်ကျေးမှုအရ တန်ဖိုးထားမြတ်နိုးခဲ့ကြရသည့် ဓလေ့လည်းဖြစ်ခဲ့သည်။ ယနေ့ခေတ်တွင် မျက်နှာပါးရဲထိုးသည့်ဓလေ့ မရှိသလောက် နည်းပါးသွားပြီး မျက်နှာပါးရဲထိုးသည့် အမျိုးသမီးများလည်း ရှားပါးနေပြီဖြစ်သည်။ ပါးရဲထိုးခြင်းအား သတ္တိရှိခြင်း၊ မျက်နှာ၏ နာကျင်မှုဒဏ်ခံနိုင်ရည်ရှိမှုသာ မျက်နှာတွင် ပါးရဲရှိနေပေမည်။ ကျေးရွာတချို့တွင် အသက်ကြီးပိုင်း၊ အဘွားအိုများလောက်သာ ကျန်ရှိနေပြီး ထိုပုဂ္ဂိုလ်များ မရှိတော့သည့်အချိန်တွင် စိတ်ဝင်စားစရာ ကောင်းလှသည့် ဒိုင်ရ်ချင်းတို့၏ မျက်နှာပါးရဲထိုးခြင်းဓလေ့သည် လုံးဝတိမ်ကော ပျောက်ကွယ်တော့မည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ တန်ဖိုးထားအပ်သော ရိုးရာဓလေ့တစ်ခုရှိနေခဲ့သည်ကို နောင်လာ နောက်သားများအား ပြောပြရန် သာဓကကျန်ရှိနေချင်ပါသေးသည်။ ။

***ကိုးကား***

***ခူမီးမြေမဂ္ဂဇင်းမှ Naing Khing ၏***

***ဒိုင်ရ်ချင်းတို့၏ မျက်နှာပါးရဲထိုးခြင်းဓလေ့***

## »» ရခိုင်းကျောင်းဆရာတော်မှ

၂၀၁၈ ခုနှစ် ဧပြီ ၃ ရက် ညနေ ၄ နာရီ သက်တော်( ၉၅) နှစ်၊ သိက္ခာတော် (၆၉) ဝါအရတွင် ခန္ဓာဝန်ချတော်မူခဲ့သည်။

ဆရာတော်၏ ရုပ်အလောင်းကို ၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ဆရာတော်၏ တပည့်ရဟန်းများနှင့် ကျောင်းဒါယကာ၊ ဒါယိကာမများက စစ်တွေမြို့ အာကျိုတ်တော်ကုန်းရှိ စိတ္တသုခကမ္မဋ္ဌာန်းကျောင်းသို့ လေယာဉ်စင်းလုံးငှားကာ ပင့်ဆောင်လာခဲ့ကြပြီး အောင်သန်းကျောင်း (ယာယီစံကျောင်း)ပေါ်တွင် ပြည်သူများအပူဇော်ခံနိုင်ရန် ကိုးလကျော် ထားရှိခဲ့သည်။ ပျံလွန်တော်မူသော ဆရာတော်ကြီး၏ ခန္ဓာကိုယ်အား မပုပ်မသိုးဘဲ အံ့သြဖွယ်ရာ ဖူးမြော်နေကြရသည်။ ထူးခြားသည့်အချက်မှာ ဆရာတော်၏ ခြေသည်း၊ လက်သည်းနှင့် ဆံပင်များ ပုံမှန်အတိုင်း ရှည်ထွက်နေဆဲ ဖြစ်သည်။

ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်ခါက "ငါသေရင် မြေမခနှင့်၊ ရေမချနှင့်၊ မီးမမြိုက်နှင့်"ဟု တပည့်ရဟန်းများနှင့် ဒါယကာများအား မှာကြားထားခဲ့သဖြင့် ဆရာတော်၏ မွေးရပ်မြေ၌ စံကျောင်းတော်ကြီးဖြင့်ထားရှိမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၃ ရက် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၈ ရက်တွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို စစ်တွေမြို့ အောင်သန်းကျောင်း (ယာယီစံကျောင်း)မှ ပေါက်တောမြို့သို့ ဇက်သင်္ဘောဖြင့် ပင့်ဆောင်ခဲ့ကြသည်။ ပေါက်တောမြို့မှတစ်ဆင့် ဆရာတော်ကြီး၏ မွေးရပ်ဇာတိမြေ တောင်ချောင်ကျေးရွာသို့ ရုပ်ကလာပ်တော်ကို ဆက်လက်ပင့်ဆောင်စဉ် လမ်းတစ်လျှောက်ရှိ ကျေးရွာများတွင် အပူဇော်ခံခဲ့သည်။

ယခုအချိန်တွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်မှာ မွေးရပ်မြေ ပေါက်တောမြို့ တောင်ချောင်ကျေးရွာရှိ စံကျောင်းတော်ကြီး၌ စံမြန်းတော်မူလျက်ရှိနေပါ၍ အနယ်နယ်အရပ်ရပ်မှ ဖူးမြော်ရန် လာရောက်နိုင်ပါကြောင်း အသိပေးလိုက်ရပါသည်။ **အောင်ကြည်မိုး(စစ်တွေ)**

## တို့ရှမ်းတောင်ပေါ် ဆောင်းနံ့နက်

✳ နှင်းမှုန်လေးတွေ တဖွဲဖွဲကြွေ<br>
မြောက်ပြန်လေညင်း တိုက်ခတ်နေ<br>
ဝန်းကျင်မှာလေ မှုန်မှိုင်းမှိုင်း<br>
တောင်ခိုးဝေဝေ အုပ်ဆိုင်းဆိုင်း။

✳ တို့တောင်ပေါ်က ဆောင်းအခါ<br>
ခေါပုတ်မီးကင် စားကြတာ<br>
တစ်အိမ်သားလုံး စုကာဝေး<br>
အိမ်ရှေ့ကွက်လပ် မီးပုံဘေး။

✳ ပလိုင်းကိုယ်စီ လွယ်လို့ရယ်<br>
တောင်ယာသွားကြ ကိုယ်စီကွယ်<br>
မောင်မယ်အတူ တောင်ယာထွက်<br>
ဝမ်းစာရေးတွက် အားခဲလျက်။

**အဂ္ဂမိုး**

## ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

»» နယ်စပ်ဒေသတိုင်းရင်းသားမှ

ထို့နောက် လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေဆင်းဆည်၊ တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်များသို့ သွားရောက်လေ့လာခဲ့ကြသည်။

တိုင်းရင်းသား၊ တိုင်းရင်းသူများသည် လေ့လာရေးခရီးစဉ် ဒုတိယနေ့ နံနက်ပိုင်းတွင် မဟာသကျရံသီဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြရာ ဂေါပကအဖွဲ့က လိုက်လံရှင်းလင်းပြသခဲ့ကြပြီး လေ့လာရေးအဖွဲ့ဝင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် သူရဲကောင်းစစ်သည်ဗိမာန်သို့ သွားရောက်၍ ဗိမာန်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ သူရဲကောင်းစစ်သည်များအား ဂါရဝပြုခဲ့ကြသည်။

ထို့နောက် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိခဲ့ကြပြီး ပြတိုက်အတွင်း လေ့လာရာ တာဝန်ရှိသူများက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် တပ်မတော်သမိုင်းကို Video Projector ဖြင့် ပြသပေးခဲ့ပြီး ပြတိုက်အတွင်းရှိ ခင်းကျင်းပြသထားသော ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်စစ်ဆင်ရေးမှတ်တမ်းများ၊ ဗမာ့ကာကွယ်ရေးတပ်မတော်သုံးပစ္စည်းများနှင့် လက်နက်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြခန်းများသို့ ကြည့်ရှုလေ့လာခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူများအား ဖိတ်ခေါ်၍ လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးရသည့် အဓိကရည်ရွယ်ချက်မှာ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမများပမာ ကောင်းမွန်မှန်ကန်သော ခံယူချက်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင်လေ့လာတွေ့ရှိပြီး လေ့လာရေးခရီးစဉ်မှရရှိသည့် အတွေ့အကြုံကောင်းများကို မိမိတို့ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# အလှူရှင်လောင်းလှည့်ပွဲများတွင် ကနုတ်ပန်းရွှေမြင်းလှည်းများနှင့် ရုပ်စုံရွှေမြင်းလှည်းများကို အသုံးပြုမှုများ



**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးမြို့အနီး အလှူရှင်လောင်းလှည့်ပွဲများတွင် ရွှေလှည်း၊ ငွေလှည်း၊ ပတ္တမြားလှည်းများကို ငှားရမ်းအသုံးပြုလာကြသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရွှေလှည်း၊ ငွေလှည်း၊ ပတ္တမြားလှည်းများအပြင် ဘုံခုနစ်ဆင့်လှည်းကို လက်ရာမြောက်စွာဖန်တီးပြီး အလှူရှင်လောင်းလှည့်အငှားလိုက်ကြသည်။ ဘုံခုနစ်ဆင့်လှည်းမှာ လှပသည့်အတွက် ငှားရမ်းအသုံးပြုမှုများလာခဲ့သည်။ ယခုနှစ်တွင် အလှူရှင်လောင်းလှည့်ပွဲ မောင်ရင်လောင်းတင်ရာတွင် အသုံးပြုရန်အတွက် ကနုတ်ပန်းရွှေမြင်းလှည်းနှင့် ရုပ်စုံရွှေမြင်းလှည်းများကို စိတ်ကြိုက်ဖန်တီးကာ အငှားလိုက်ရာ ငှားရမ်းသူများပြားလျက်ရှိကြောင်း သိရသည်။

လှပသော ကနုတ်ပန်းရွှေမြင်းလှည်းနှင့် ရုပ်စုံလှည်းဖန်တီးရာတွင် ဒေသအသီးသီးမှ နာမည်ကြီးလှည်းပစ္စည်းများကို အော်ဒါမှာယူကာ ပေါင်းစပ်ပြုလုပ်ကြသည်။ ကနုတ်ပန်းရွှေမြင်းလှည်းနှင့် ရုပ်စုံလှည်းမှာ ပြင်ဦးလွင်ရှိ ရထားလုံးပုံစံကို အခြေခံထားပြီး မြန်မာမှု ပန်းပုလက်ရာများဖြင့် အလှဆင်ကြသည်။ လှည်းမှာ မြင်းနှစ်ကောင်ဖြင့် မောင်းနှင်ရအောင်ပြုလုပ်ထားပြီး လှည်းရှေ့ဘီးနှင့် လှည်းထုပ်ကို ပြင်ဦးလွင်မှ အော်ဒါမှာယူကြသည်။ ရှေ့ပိုင်းဘီးနှင့် လှည်းထုပ်ကို ငွေကျပ်လေးသိန်းပေးရသည်။ နောက်ပိုင်းလှည်းဘီးကြီးကို ပျဉ်းမနားမှ မှာယူပြီး ငွေကျပ်သုံးသိန်းပေးရသည်။ ပန်းပုလက်ရာများအတွက် ငွေကျပ် ရှစ်သိန်းကျော်ကုန်ကျပြီး အခြားရွှေရောင်တင်ခြင်း၊ ကျောက်စီခြင်းများပါ ပြုလုပ်ကြရသည်။

ရုပ်စုံရွှေမြင်းလှည်းဖန်တီးရာတွင် လှည်းပတ်ပတ်လည်တွင် အညာဒေသ ရှင်လောင်းလှည့်ပွဲဆင်နွဲနေဟန်ကို ပန်းပုထုကာတပ်ဆင်ထားသည်။ ရှင်လောင်းလှည့်တန်း၊ ကံသာအိုးရွက်ပုံ၊ အလှူ့ဒါယကာ အလှူ့ဒါယိကာမ၊ ကွမ်းတောင်၊ ပန်းတောင်ကိုင်မှအစ အညာရှင်လောင်းလှည့်ပုံရသစုံအောင် ပန်းပုထုကာတပ်ဆင်ထားသည်။ ကနုတ်ပန်းရွှေမြင်းလှည်းများတွင် ကနုတ်ပန်းကို ဦးစားပေးထည့်ထားပြီး မီးလုံးများပါ အလှဆင်ထားသည်။ ကနုတ်ပန်းရွှေမြင်းလှည်းနှင့် ရုပ်စုံရွှေမြင်းလှည်းပြုလုပ်ရာတွင် ငွေကျပ်သိန်း ၂၀ ကုန်ကျသည်။ လက်ရှိကာလတွင် အလှူပွဲများအတွက် ကနုတ်ပန်းရွှေမြင်းလှည်းနှင့် ရုပ်စုံလှည်းကို ပိုမိုပြုလုပ်ကာ အငှားလိုက်ကြသည်။

ကနုတ်ပန်းရွှေမြင်းလှည်းနှင့် ရုပ်စုံရွှေမြင်းလှည်းများ အငှားလိုက်ရာတွင် အလှူပွဲတစ်ပွဲလျှင် အနည်းဆုံးငွေကျပ် သုံးသောင်းမှ ငါးသောင်းအထိ ပေးရသည်။ ခရီးအနီးအဝေးအလိုက်ဈေးနှုန်းကွာခြားသွားသည်။ အညာဒေသ အလှူပွဲများ ပေါများလာသည့်အတွက် အလှူ့ဒါယကာ၊ အလှူ့ဒါယိကာမများအကြိုက်လှည်းများကို အဆန်းထွင်လာကြသည်။ အထူးသဖြင့် အလှူဒါယကာသားသမီးတို့မှာ အခြားရှင်လောင်းနားဖောက်သည်များနှင့် မတူတစ်မူထူးခြားအောင် ပြုလုပ်လေ့ရှိသည်။ ယခုအခါ မန္တလေးမြို့နှင့်အနီး အလှူရှင်လောင်းလှည့်ပွဲများတွင် ရုပ်စုံရွှေမြင်းလှည်းနှင့် ကနုတ်ပန်းရွှေမြင်းလှည်းများကို အသုံးပြုမှုများပြားလာကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## တွဲလက်ညီညီ ရှေ့သို့ချီစို့

❀ ကချင်ကယား တိုင်းရင်းသားတို့
စုအားခိုင်ကြည် တွဲလက်ညီဖြင့်
မချီမည်လော ချီမည်လော
ချီလေလော့ ချီလေလော့။

❀ မွန်နှင့်ဗမာ ချစ်ကြည်စွာဖြင့်
ပြည်ရွာကောင်းမှု အစုစုကို
မပြုမည်လော ပြုမည်လော
ပြုလေလော့ ပြုလေလော့။

❀ ကရင်နှင့်ချင်း ဆွေနောင်ရင်းတို့
ရိုင်းပင်းအတူ ချစ်ကြည်ဖြူလျက်
မကူမည်လော ကူမည်လော
ကူလေလော့ ကူလေလော့။

❀ ရှမ်းနှင့်ရခိုင် အတူထိုင်၍
ပန်းတိုင်ရောက်ရေး ဘယ်မနေးဘဲ
မတွေးမည်လော တွေးမည်လော
တွေးလေလော့ တွေးလေလော့။

❀ ပြည်ထောင်စုသား ညီနောင်ဖွားတို့
တို့များနိုင်ငံ ဖွံ့ဖြိုးရန်တွက်
မကြံမည်လော ကြံမည်လော
ကြံလေလော့ ကြံလေလော့။ ။

စိုင်းနေဝန်း

## တို့ပြည်ထောင်စုသား

❀ ပြည်မတစ်ခွင် ပျံ့လို့နေ
ဗမာလူမျိုးတွေ
မော်လမြိုင်နေ မွန်အများ
စစ်တွေ ရခိုင်သား။

❀ ဓနအင်းသား ရှမ်းမျိုးဆွေ
တောင်ကြီး လားရှိုးနေ
မီးပုံးပျံတွေ ပြိုင်လွှတ်ကြ
တန်ဆောင်တိုင်ရဲ့ညာ။

❀ သင်တိုင်းလေးနဲ့ ယဉ်လှပေ
ပဝါစည်းလို့လေ
ဘားအံမြေမှာ အခြေချ
ကရင်ဒုံးယိမ်းက။

❀ ငွေဓားမြှောင်လှ ဓားစလွယ်
ကယားလွိုင်ကော်ကွယ်
ကချင်နေတယ် မြစ်ကြီးနား
ချင်းမြို့တော် ဟားခါး။

❀ တိုင်းရင်းသားတို့ ပေါင်းစုနေ
သွေးရင်းတို့တစ်တွေ
စည်းလုံးကာလေညီညွတ်အား
တို့ပြည်ထောင်စုသား။

ကိုကျော်စွာ(ကျိုက်ပီ)

တိုင်းရင်းသားရေးရာ
ကြေးမုံ အထူးကဏ္ဍ



# နယ်စပ်ဒေသတိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ နေပြည်တော်နှင့်ပတ်ဝန်းကျင် လေ့လာရေးခရီးလာရောက်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ချမှတ်ထားသောမူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ နယ်စပ်ဒေသများမှတိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များကို နှစ်စဉ်ဖိတ်ကြားခေါ်ယူ၍ လေ့လာရေးခရီးစဉ်များစီစဉ်ဆောင်ရွက်ပေးခဲ့ရာ ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ နေပြည်တော်နှင့် ပတ်ဝန်းကျင်သို့ လေ့လာရေးခရီးစဉ်ရောက်ရှိလာကြသည့် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်၊ ချင်းရွှေဟော်၊ ကုန်းကြမ်းဒေသများမှ ကိုးကန့်တိုင်းရင်းသား တိုင်းရင်းသူ ၃၀၊ ကယားပြည်နယ် ဟိုယာ၊ ဘီယာဒေသမှ ကယောတိုင်းရင်းသား တိုင်းရင်းသူ ၃၀၊ ကရင်ပြည်နယ် သံတောင်ကြီး၊ ဖာပွန်ဒေသမှ ကရင် တိုင်းရင်းသား တိုင်းရင်းသူ ၃၀၊ ရခိုင်ပြည်နယ် ရမ်းဗြဲ၊ မာန်အောင်၊ မြေပုံ၊ ကျွန်းသာယာဒေသမှ ရခိုင်တိုင်းရင်းသားတိုင်းရင်းသူ ၃၀၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်းဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူ ၃၀ စုစုပေါင်း ၁၅၀ တို့သည် ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်း၌ နေပြည်တော်သို့ ရောက်ရှိခဲ့ကြရာ ရွာတော်တည်ခိုရေးနှင့် စစ်ကြောရေးစခန်းတွင် စနစ်တကျနေရာချထားပေးပြီး ယင်းနေ့ညနေပိုင်း၌ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်း နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံနှုတ်ဆက်၍ အိပ်ဆောင်များ၊ ထမင်းစားဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တိုင်းရင်းသားလေ့လာရေးအဖွဲ့များသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော် (ဗုဒ္ဓဂယာ)သို့ သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြရာ ဂေါပကအဖွဲ့က လိုက်လံ ရှင်းလင်းပြသပြီး တိုင်းရင်းသားလေ့လာရေးအဖွဲ့များက အလှူငွေများ ထည့်ဝင် လှူဒါန်းခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းသို့ သွားရောက်၍ လေ့လာကြည့်ရှုခဲ့ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပေါ်ထွန်းလာပုံကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့သည်။ ထို့နောက် တိုင်းရင်းသားလေ့လာရေးအဖွဲ့ခေါင်းဆောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တာဝန်ရှိသူများက အဆင့်မြင့် နည်းပညာဖြင့် မြေလွှာမဲ့ဟင်းသီးဟင်းရွက်များ စိုက်ပျိုးဖြစ်ထွန်းနေမှုများ၊ စိုက်ပျိုးရေးသုတေသနမျိုးစေ့များအကြောင်း လိုက်လံရှင်းလင်းပြသခဲ့ပြီး လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များ မေးမြန်းခဲ့ကြသည်။

အထူးကဏ္ဍ [၇] သို့ »»

## ရုံးပတီသီးချဉ်စပ် ရခိုင်ချက်

ရခိုင်ဟင်းရယ်လို့ကြားလိုက်ရုံနဲ့ မျှင်ငါးပိ (ပုစွန်ငါးပိ)အနံ့သင်းသင်းနဲ့ ချဉ်၊ ငန်၊ စပ်၊ ပူရှိမ်းရှိမ်း အရသာတို့က တစ်ဆက်တည်း ပေါ်လွင်လာတာမို့ ခံတွင်းပျက်သူများပင် အစာစားချင်စိတ်တွေဖြစ်လာပါတော့တယ်။ ရခိုင်ဒေသထွက် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များဟာ အရသာမှာလည်းလတ်ဆတ်ကောင်းမွန်ပြီး လူကြိုက်များတဲ့ ဒေသထွက် စားသောက်ကုန်ပစ္စည်းများဖြစ်ပါတယ်။

ရခိုင်အစာအစားများဟာ လူကြိုက်များပါတယ်။ ရခိုင်မုန့်တီ၊ ငါးနီတူသုပ်စသဖြင့် ရခိုင်ဟင်းလျာများက များပြားသလို ရိုးရာဟင်းများဟာလည်းဆီနည်းတာမို့ ကျန်းမာရေးရှုထောင့်က ကြည့်မယ်ဆိုရင်လည်း စားသုံးရန်သင့်လျော်တဲ့ ဟင်းများဖြစ်ပါတယ်။ ယခုပြင်ဆင်ချက်ပြုတ်မယ့် ရုံးပတီသီးဟာဆိုရင်ဖြင့် လူတိုင်းကြိုက်တဲ့ ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ပါတယ်။ ရုံးပတီသီးကို ဟင်းအဖြစ်ချက်စား၊ တို့စရာအဖြစ်ပြုတ်စား၊ ကင်စားလို့လည်း ရပါတယ်။ ရုံးပတီသီးဟာ အရသာရှိတဲ့ ဟင်းသီးဟင်းရွက်တစ်ခုဖြစ်ရုံတင်မက သူ့မှာကျန်းမာရေးအတွက် အထောက်အကူပြုတာတွေ အများကြီးရှိပါတယ်။ အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်ခြင်း၊ ဗီတာမင်အေ၊ ဗီတာမင်စီ၊ ပိုတက်ဆီယမ် သတ္တုဓာတ်လည်း ကြွယ်ဝစွာပါဝင်ခြင်းတို့ကြောင့် အစာချေစနစ်ကို ကောင်းမွန်စေခြင်း၊ အာရုံကြောအားကောင်းစေခြင်း၊ အသားအရေလှစေခြင်း၊ ကိုယ်ခံအားကောင်းစေခြင်းနှင့် သွေးတိုးကျစေပါတယ်။

ပါဝင်ပစ္စည်းများ

- ရုံးပတီသီး - ၂၅တောင့်
- ပုစွန်ငါးပိ - လက်ဖက်စားဇွန်း တစ်ဇွန်းခွဲ
- ကြက်သွန်နီ - နှစ်လုံး
- မန်ကျည်းမှည့်နှစ် - အနည်းငယ်
- ငရုတ်သီးစိမ်း - အနည်းငယ်
- ဆီ - အနည်းငယ်
- ဆား - အနည်းငယ်
- ဟင်းခတ်မှုန့် - အနည်းငယ်
- နံနံပင် - အနည်းငယ်

**ပြုလုပ်နည်း**

ရုံးပတီသီးနဲ့ငရုတ်သီးကို သန့်စင်အောင် ရေဆေးထားပါ။ ရေဆေးထားတဲ့ ရုံးပတီသီးကို သင့်တော်တဲ့ အရွယ်ပိုင်းဖြတ်ထားပါ။ ငရုတ်သီးစိမ်းကို ထောင်းထားပါ။ တစ်ဆက်တည်းမှာပဲ မျှင်ငါးပိကို မပျစ်မကျဲ အရည်ဖျော်ပါ။





မျှင်ငါးပိအရည်ဖျော်ထားတဲ့ထဲကို စောစောက ထောင်းထားတဲ့ ငရုတ်သီးကိုတစ်ပါတည်း ထည့်ဖျော်ပြီး ဆား၊ ဟင်းခတ်မှုန့် တို့ပါ ထည့်၍ အရသာဖျော်စပ်ထားပါ။ ပြီးလျှင် ကြက်သွန်နီကို အခွံသင်ပြီး ပါးပါးနုပ်နုပ်လှီးကာ ညက်နေအောင်ထောင်းပါမယ်။ အဲဒီနောက် ဒယ်အိုးထဲကို ဆီအနည်းငယ်နှင့် ထောင်းထားတဲ့ ကြက်သွန်နီထည့်ပြီး ဆီသတ်ပါ။ ဆီသတ်တာ အနံ့ထွက်လာပြီဆိုလျှင် ဖျော်စပ်ထားတဲ့ မျှင်ငါးပိရည်ကိုထည့်ပြီး အဖုံးအုပ်ကာ ဆူလာသည်အထိ အဖုံးပိတ်ထားပါ။ ပွက်ပွက်ဆူလာပြီး ၂ မိနစ် လောက် အဖုံးဆက်ပိတ်ထားပါ။ ပြီးလျှင် ပိုင်းဖြတ်ထားတဲ့ ရုံးပတီသီးထည့်ကာ သမအောင်မွှေပြီး မန်ကျည်းမှည့်အရည်ဖျော်ကို မိမိကြိုက်နှစ်သက်တဲ့ အချဉ်အနေအထားလောက် ထည့်ပြီး ၃မိနစ်လောက် မီးပြင်းပြင်းလေးနဲ့ အဖုံးအုပ်ထားပါမယ်။ မီးမပြင်းလျှင် ရုံးပတီသီးက အဝါရောင်သန်းပြီး ခါးသလို ဖြစ်သွားတတ်ပါတယ်။ ၃မိနစ်ပြည့်လျှင် အဖုံးဖွင့်ကာ မိမိကြိုက်နှစ်သက်တဲ့ အချဉ်၊ အစပ်၊ အငန်အရသာအနေအထားကြည့်ပြီး နံနံပင်ကို အပေါ်ကအုပ်ပြီး အဖုံးခဏပိတ်ထားပြီးလျှင် ခဏနေသုံးဆောင်လို့ရပါပြီ။ **ဖိုးမူလေး**

